# စာစဉ် ၆၁ : အပိုင်း ၁

## အပိုင်း ၉၇၁ : အဝေးမှ စုန်းမများ (၃)

"နင်က ဘာသိချင်နေတာလဲ" အဇီမာက သူမအား လှမ်းကြည့်ရင်း ပြန်ပြောလိုက်သည်။

"စကိုး..." ဝင်ဒီက အတော်လေး စိုးရိမ်နေဟန်ဖြင့် သူမ၏ လက်ကို လှမ်းဆွဲလိုက်သည်။ အကယ်၍ တီလီပြောသည်မှာ မှန်ခဲ့လျှင် သူတို့ အုပ်စုသည် ဆောင်းမဲ့မြို့တော်အား ကိုယ်ပိုင်ဆန္ဒဖြင့် လာခဲ့ခြင်း မဟုတ်ပဲ အိပ်ပျော်နေသောကျွန်းမှ စုန်းမများ အကြားတွင် အတွင်း ပဋိပက္ခများ ရှိနေခဲ့သည်။

+

အကယ်၍ ဤပြဿနာအား သင့်တော်စွာ ဖြေရှင်းနိုင်စွမ်း မရှိခဲ့လျှင် စုန်းမ သမဂ္ဂသည် အရှုပ်အထွေးများ အကြားတွင် ကြားညှပ်သွားရုံတင် မကပဲ အသစ် ရောက်လာသူများ၏ ယုံကြည်မှုကိုလည်း ဆုံးရှုံးသွားမည် ဖြစ်သည်။ ထိုသို့ဆိုလျှင် စုန်းမ အသစ်များကို ဤနေရာသို့ ဖိတ်ခေါ်ရခြင်း၏ ရည်ရွယ်ချက်ကလည်း ပျက်ပြားသွားပေလိမ့်မည်။

"စိတ်မပူပါနဲ့" စကိုးသည် သူမ၏ မျက်ခုံးတစ်ဖက်အား ပင့်ကာ အရှေ့ပိုင်း ဒေသသို့ ပြန်လိုနေသော စုန်းမထံသို့ လှည့်ကြည့်လိုက်သည်။ "နင်က နင့်ဇာတိမြို့ကို လွမ်းဆွတ်နေတယ် ဆိုတော့ နင့်မိသားစုရဲ့ စွန့်ပစ်ခြင်း ခံခဲ့ရခြင်း မရှိဘူးလို့ ဆိုလိုနေတာပဲ ဖြစ်တယ်…

+

အိပ်ပျော်နေသောကျွန်းကို ထွက်ပြေးခဲ့ရတဲ့ တခြား ဒုက္ခသည်တွေလိုပဲ နင်က ဘုရားကျောင်းရဲ့ ဖိအားတွေ အောက်ကနေ အရှေ့ပိုင်း ဒေသကို စွန့်ခွာခဲ့ရတာ... ဟုတ်တယ်မလား"

"အဲ့လိုဆိုတော့ ဘာဖြစ်လဲ" အဇီမာက လေသံမာမာဖြင့် ပြောလိုက်သည်။

"ငါကနင့်ကို အရှေ့ပိုင်း ဒေသရဲ့ လက်ရှိ အခြေအနေကို ပြောပြပါရစေ" အနီရောင် ဆံပင်နှင့် စုန်းမ၏ ရန်လိုနေသော အပြုအမူများကို လျစ်လျူရှုထားပြီး စကိုးက ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်သည်။ "ကြည်လင်သောရေ ဘုရင်မ ဂါစီယာက ပင်လယ်လေပြင်း ဒေသနဲ့

+

ဗလင်စီယာတို့ကို
လုယက်တိုက်ခိုက်ပြီးခဲ့ကတည်းက
အဲ့ဒီဒေသတွေကို ဘုရင်က အပြည့်အဝ
ထိန်းချုပ်နိုင်ခြင်း မရှိသေးဘူး"

"အဲ့ဒီ နေရာဟာ ပထမဆုံး ဘုရားကျောင်း
ဖြန့်ဖြူးခဲ့တဲ့ မိစ္ဆာပလိပ် ရောဂါကြောင့်
သေကြေပျက်စီးခဲ့ပြီး နောက်ပိုင်းမှာ တင်မိုသီရဲ့
စစ်တပ်ကြောင့် ဖွတ်ဖွတ်ညက်ညက်
ကြေသွားခဲ့ကာ ဘေးပတ်ဝန်းကျင် ဒေသက
လယ်မြေတွေ အားလုံးကလည်း
အစွန့်ပစ်ခံခဲ့ရတယ်... လူတွေဟာ သူတို့ကိုယ်သူတို့
ရပ်တည်နိုင်စွမ်း မရှိတော့ပဲ ဒုက္ခသည်တွေ
ဖြစ်ကုန်ကြတယ်"

+

စုန်းမသည် အနည်းငယ် အခက်တွေ့သွားသည့်ပုံ ပေါက်သွားသော်လည်း အလျှော့မပေးစတမ်း ဆက်ပြောလိုက်သည်။ "တကယ်လို့ ငါတို့က ကိုယ့်ဘာသာကိုယ် သွားမကြည့်ခဲ့ရင် နင်က အမှန်ကို ပြောနေသလား ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ"

"လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက အရှင်မင်းမြတ် ရိုလန်ဟာ အဲ့ဒီ ဒုက္ခသည်တွေကို စတင်ပြီးမှ လက်ခံခဲ့တယ်… အခုအချိန်မှာ ဆောင်းမဲ့မြို့တော်ရဲ့ လူဦးရေဟာ တစ်သိန်းကို ကျော်လွန်သွားပြီး အဲ့ဒီအနက်က ခုနစ်ဆယ် ရာခိုင်နှုန်းဟာ တခြားမြို့တွေက ဖြစ်တယ်…

+

ပြီးတော့ သူတို့အများစုဟာ အရှေ့ပိုင်း ဒေသနဲ့ တောင်ပိုင်းဒေသက ဒုက္ခသည်တွေ ဖြစ်ကြတယ်"

စကိုးက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "နင့်ရဲ့ မိသားစုကလည်း သူတို့အတွင်းမှာ ပါနေဖို့များတယ်... နင်ဟာ အရင်က ဘယ်မှာ နေခဲ့ဖူးသလဲ ဆိုတာကို ငါ့ကို ပြောပြပါလား... မြို့တစ်မြို့ ဒါမှမဟုတ် ရွာတစ်ရွာ... ထူးခြားတဲ့ နယ်နိမိတ် မှတ်တိုင်... ဒါမှမဟုတ် ဒေသခံ အထူးထွက်ကုန် တစ်မျိုးပေါ့"

"နင်က သူမရဲ့ မိသားစုကို အဲ့ဒီ သဲလွန်စတွေကနေပဲ ရှိဖို့ ရည်ရွယ်နေတာလား... သူမက လမ်းတိုင်းမှာ နာမည်တွေ ရှိနေတဲ့

+

မြို့ကြီးတစ်ခုမှာ မွေးဖွားခဲ့တာ မဟုတ်သလို လူသိများတဲ့ နေရာတစ်ခုကနေ လာခဲ့တာ မဟုတ်ဘူး"

စကိုးသည် အဇီမာအား ပြန်လည် တုံ့ပြန်နေခြင်း မရှိပဲ သူမ၏ ဆံပင်များကိုသာ နားအနောက်သို့ ညင်သာစွာ သိမ်းလိုက်သည်။ ပြီးတာနှင့် သူမ အတန်းအတွင်းမှ ကျောင်းသူတစ်ယောက်၏ အဖြေကို စိတ်ရှည်စွာ စောင့်မျှော်နေခဲ့သော ဆရာတစ်ယောက်နှင့် တူညီစွာ အဇီမာအား အားပေးသည့် အကြည့်ဖြင့် ကြည့်နေခဲ့သည်။

"ကျွန်မရဲ့ ရွာက... နာမည် မရှိပါဘူး" ခေတ္တမျှ တွေဝေသွားခဲ့အပြီးတွင် စုန်းမက အသံတိုးတိုးဖြင့်

+

ပြန်ဖြေလိုက်သည်။ "အနီးအနားမှာ တခြားရွာတွေလည်း မရှိသလို ဗလင်စီယာနဲ့လည်း အရမ်းဝေးလွန်းတယ်… ဘယ်လောက်အထိ ဝေးသလဲဆိုရင် တကယ်လို့ တစ်ယောက်က ဂျုံကို ရောင်းချလိုနေရင် အဲ့ဒီကို သွားမယ့် ကုန်သည်တစ်ယောက်ကို စျေးပေါပေါနဲ့သာ ရောင်းချခဲ့ရတယ်… တရားဝင် နာမည် တစ်ခုတော့ မရှိပေမဲ့ လူအချို့က ကျွန်မတို့ ရွာကို 'ဆယ့်ခြောက်'လို့ ခေါ်ခဲ့ကြတယ်"

"ဆယ့်ခြောက်… ဟုတ်လား" ဝင်ဒီက မသိစိတ်မှနေ၍ သံယောင်လိုက်လိုက်သည်။

+

"ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က ဗလင်စီယာကနေ ပြန်လာတဲ့ အချိန်မှာ ကျွန်မတို့ရွာက ဆယ့်ခြောက်မြောက်ရွာ ဖြစ်နေလို့ပဲ"

စကိုးက သူမ၏ မျက်လုံးများကို မှိတ်၍ ဖြည်းဖြည်းချင်း မေးလိုက်သည်။ "အင်း... နင်တို့ရွာရဲ့ အနောက်မှာ မြစ်နီမြစ်ရဲ့ မြစ်လက်တက် တစ်ခု ကွေ့ပတ် စီးဆင်းနေခဲ့တယ်... မဟုတ်လား"

"အရှေ့ပိုင်း ဒေသမှာ မြစ်နီမြစ်ရဲ့ လက်တက်တွေ အများကြီး ရှိတယ်" အဇီမာက အသံတိုးတိုးဖြင့် ညည်းတွားလိုက်သည်။ "လယ်မြေတွေကို ရေသွင်းဖို့

+

မြစ်မရှိပဲနဲ့ ရွာတစ်ရွာက ဘယ်လိုလုပ်ပြီးမှ ရှင်သန်နိုင်မှာလဲ"

"ဒါပေမဲ့ အဲ့ဒီ မြစ်လက်တက်က မတူညီဘူး" စကိုးက သူမ၏ လက်ကို ဖေ့ယမ်းလိုက်သည်။ "သူက လှေတွေ ဖြတ်သန်းနိုင်လောက်အောင် မနက်ရှိုင်းပဲ ခြောက်သွေ့တဲ့ ရာသီမှာ သောင်တွေတောင် ထွန်းနေသေးတယ်... ဒါကြောင့်မို့ အနီးအနားက ရွာတွေက လှေနဲ့ စားနပ်ရိက္ခာတွေ၊ ကုန်ပစ္စည်းတွေကို တင်ပို့နိုင်ခြင်း မရှိဘူး"

"ဒါပေမဲ့ မြစ်လက်တက်ဟာ ဆယ့်ခြောက်ရွာမှာ ရေအိုင်ကြီး တစ်ခုအဖြစ် စုစည်းသွားပြီး မြစ်ရေတွေ

+

ခမ်းသွားရင်တောင် ရေအိုင်က တစ်ခါမှ မခမ်းဖူးဘူး… ဒါကြောင့်မို့ နင်တို့ရွာက ဂျုံတွေဟာ တခြားရွာထက် အများကြီး ထွက်နှုန်း ပိုကောင်းတယ်… ငါပြောတာ ဟုတ်တယ်မလား"

စုန်းမ၏ မျက်လုံးမှာ ပြူးကျယ်သွားသည်။ "နင်က အဲ့ဒီကို ရောက်ဖူးတာလား"

"ငါက အခြား တစ်စုံတစ်ယောက်ထံက ကြားခဲ့ဖူးတာ" စကိုးက အနည်းငယ် ငြိမ်သက်သွားပြီးမှ ပြန်ဖြေလိုက်သည်။ "ငါ့ကို ဒီအကြောင်း ပြောဖူးတဲ့သူဟာ အခုလက်ရှိ ဆောင်းမဲ့မြို့တော်မှာ ရှိနေပေမဲ့ သူဟာ

+

ဆယ့်ခြောက် ကျေးရွာက ရွာသားတစ်ယောက် မဟုတ်ဘူး"

"နင်က ဘာကို ဆိုလိုနေတာလဲ"

"နင်က သူ့ကို နင်ကိုယ်တိုင် မေးကြည့်လို့ရတယ်" စကိုးက စာရင်းသွင်းရန် အတွက် တာဝန်ယူထားသော မြို့တော်ခန်းမမှ စာရေးဘက်သို့ လှည့်၍ ပြောလိုက်သည်။ "ဝါ့တ်ကို ဒီနေရာ ခေါ်ခဲ့ပါ... သူ့ရဲ့ မှတ်ပုံတင် နံပါတ်က ၀၀၂၄၅၇၈ ဖြစ်ပြီး သူဟာ မီးဖိုလုပ်သား တစ်ယောက် ဖြစ်တယ်... သူက အခုအချိန်မှာ မြောက်ပိုင်း ဆင်ခြေလျှောရဲ့ ဒေသနှစ်မှာ ချော်တုံးတွေကို သန့်စင်နေလိမ့်မယ်"

+

"ဟုတ်ကဲ့ပါ... စကိုး မိန်းကလေး" စာရေးသည် ချက်ချင်းပင် သူမ၏ အမိန့်အတိုင်း ထွက်သွားခဲ့သည်။

နာရီဝက်ခန့် အကြာတွင် စာရေးနှင့် အသား ခပ်နီနီ လူတစ်ယောက်က လူနေအိမ်ရာ အတွင်းသို့ ရောက်လာခဲ့သည်။

"ကျွန်မက သူ့ကို မသိဘူး..." စုန်းမသည် သူ့အား အသေအချာ လေ့လာခဲ့ပြီးမှ သူတို့က  အသိအကျွမ်း မဟုတ်ကြောင်းကို ငြင်းဆန်သည့် အနေဖြင့် ခေါင်းခါလိုက်သည်။

+

"နင်က အခု တခြား ဘာပြောချင်သေးလဲ" အဇီမာက နှာခေါင်းရှုံ့လိုက်သည်။ "အရှေ့ပိုင်း ဒေသမှာ လူတွေ ဒီလောက် အများကြီး ရှိနေတာ နင်က ဘယ်လိုလုပ်ပြီး လူတစ်ယောက်ကို ကျပန်းရွေး..."

"အာ... နင်.. နင်က တေလန်ရဲ့ သမီး မဟုတ်လား" ထိုလူထွားကြီးသည် အဇီမာ ပြောနေသည်ကို အမှုထားနေခြင်း မရှိပဲ စိတ်လှုပ်ရှားစွာဖြင့် ဗလုံးဗထွေး ပြောလိုက်သည်။ "ဘုရားသခင်ရဲ့ ကျေးဇူးနဲ့ နင်က အသက်ရှင်နေသေးပြီး အခုအချိန်မှာ အရွယ်ရောက်လာခဲ့ပြီ"

+

စုန်းမငယ်က မှင်သက်သွားသည်။ "ရှင်ပြောတဲ့... 'တေလန်' ဆိုတာက... ကျွန်မရဲ့ မိခင်လား"

"သူမက လွဲပြီး ဘယ်သူများ ဖြစ်ဦးမှာလဲ... နင့်မှာ သူမရဲ့ မျက်လုံးတွေ ရှိနေတယ်... အထူးသဖြင့် နင့်မျက်လုံးအောက်က မှဲ့ပဲ... ဒါက နင့်အမေရဲ့ မှဲ့နဲ့ ထပ်တူညီနေခဲ့တယ်" ဝှဲတ်က ပြောလိုက်သည်။ "ဒါပေမဲ့ နင်က နင့်မိခင်ထက် အများကြီး ပိုလှတယ်... နေပါဦး... နင်က ငါ့ကို မမှတ်မိဘူးလား... အင်း... ဒါကလည်း နင့်ရဲ့အပြစ် မဟုတ်ပါဘူး"

"ငါရွာကနေ ထွက်သွားတော့ နင်က ကောင်မငယ်လေးပဲ ရှိသေးပြီး ငါပြန်လာတဲ့

+

အချိန်မှာ နင်က မရှိတော့ဘူး... အဲ့ဒီအချိန်က
သူမဟာ နင့်ကို သစ်ခွလေးလို့ ခေါ်ခဲ့တယ်...
ဟုတ်တယ်မလား... တေလန်က လှပတဲ့
ပန်းနာမည်တွေကို မှည့်ရတာ နှစ်သက်တယ်"

"အဲ့ဒီနာမည်က ကျွန်မ ငယ်စဉ်က အိမ်နာမည်ပါ"
စုန်းမက ရှက်ကိုးရှက်ကန်း ဖြစ်သွားခဲ့သည်။ "အခု
ကျွန်မ နာမည်က ဒိုးရစ် ဖြစ်ပါတယ်"

"ငါသိပြီ... ဒါကလည်း နာမည်ကောင်း တစ်ခုပါပဲ...
ငါက ဆယ့်ခြောက်ရွာမှာ တူးမြောင်းတွေ
တူးပေးခဲ့စဉ်က လူတွေက နင့်အကြောင်းကို
အများကြီး ပြောခဲ့ကြတယ်... သူတို့ဟာ နင်က

+

စုန်းမတွေရဲ့ ခေါ်ဆောင်သွားခြင်းကို ခံခဲ့ရတယ်လို့ ထင်နေကြပြီး..."

ဝါ့တ်က ဗလုံးဗထွေးဖြင့် ဆက်ပြောနေချိန်တွင် ဝင်ဒီက ဘာဖြစ်ခဲ့သည်ကို ဖြည်းဖြည်းချင်း နားလည်လာခဲ့သည်။ အသားနီနီနှင့် လူကြီးသည် ဆယ့်ခြောက်ရွာနှင့် ကပ်လျက်ရှိသော ရွာမှ ရွာသားတစ်ဦး ဖြစ်ခဲ့ကာ အမည်ပေးသည့် ထုံးစံအရ သူ့ရွာအား ဆယ့်ငါးရွာဟု ခေါ်ရမည် ဖြစ်သည်။

ရွာနှစ်ရွာတို့သည် ပထဝီဝင် အနေအထား အရ တစ်ရွာနှင့် တစ်ရွာ နီးကပ်နေကြသဖြင့် သူသည် သူ၏ အိမ်နီးနားချင်းများနှင့် အတူ မကြာခဏ ထိတွေ့လေ့ရှိသည်။ သူသည်

+

သူ့အိမ်နီးနားချင်းများ၏ ရေအရင်းအမြစ်အား
အားကျနေသဖြင့် ဗလင်စီယာသို့ သွားကာ
တူးမြောင်း တူးဖော်သည့် နည်းလမ်းများကို
သွားရောက် သင်ယူခဲ့သည်။

သင်ယူ တတ်မြောက်ခဲ့အပြီးတွင် ဝါ့တ်သည်
သူ့ရွာသို့ ပြန်လာခဲ့ကာ ရွာသားအချို့၏
အကူအညီနှင့် အတူ ရေအိုင်အား ဆယ့်ငါးရွာထံသို့
ရောက်အောင် ချဲ့ထွင်ခဲ့ပြီး ထိုစီမံကိန်းကြောင့်
သူသည် ဆယ့်ခြောက်ရွာ အနားတွင် အချိန်
အတန်ကြာအောင် နေထိုင်ခဲ့ရသည်။

"ကျွန်မ မိဘတွေနဲ့ အစ်ကိုကြီးတို့က... ရွာမှာ
နေနေကြသေးလား" ဒိုးရစ်က ဝပ်တ်ပြောသည်ကို

+

လက်ခံသွားဟန် တူသည်၊ သူပြောခဲ့အပြီးတွင် သူမက အလောတကြီးဖြင့် မေးလိုက်သည်။
"ဒါမှမဟုတ် သူတို့က အနောက်ပိုင်း ဒေသကို ရှင်နဲ့အတူ လာခဲ့ကြလား"

ဤအချိန်တွင် စကိုးက သက်ပြင်းအနည်းငယ် ချလိုက်လေသည်။

ထိုအချိန်၌ အသားခပ်နီနီနှင့် လူ၏ တောက်ပနေသော မျက်လုံးအစုံသည် အနည်းငယ် မှေးမှိန်သွားသကဲ့သို့ ဖြစ်သွားခဲ့ကာ ဝမ်းနည်းနေသော လေသံဖြင့် ပြန်ဖြေလိုက်သည်။
"သူတို့က ဒီကို မရောက်နိုင်ခဲ့ကြဘူး... ဒုတိယ

+

မင်းသားရဲ့ စစ်တပ်ဟာ ငါတို့ သိုလှောင်ထားတဲ့ အစာတွေကို လုယက်သွားခဲ့ကြတယ်"

"ငါတို့က ဘုရင့်မြို့တော်ကို ရောက်ခဲ့တဲ့ အချိန်မှာ ဆာလောင်မွတ်သိပ်မှုတွေနဲ့ ကြုံခဲ့ရပြီး ပလိပ်ရောဂါဆိုးကလည်း ဖြစ်ပွားလာခဲ့တယ်… မြို့တွင်းက မှူးမတ်တွေက ငါတို့ကို ပေးမဝင်ပဲ ငါတို့က မြို့ရိုး အောက်ခြေမှာသာ အကူအညီ ရနိုင်ဖို့ ငိုယို တောင်းပန်နေခဲ့ရပြီး ရွာသား များစွာတို့ဟာ မှူးမတ်တွေရဲ့ တစ်ကိုယ်ကောင်း ဆန်မှုကြောင့် သေဆုံးခဲ့ကြရတယ်"

"အရှင်မင်းမြတ်ရဲ့ ကယ်ဆယ်ရေး အဖွဲ့တွေ ရောက်လာတဲ့ အချိန်မှာ အသက် ရှင်ကျန်နေသူ

+

အချို့သာ ကျန်နေတော့တယ်" သူက ခေတ္တမျှ ရပ်နားပြီးမှ ပြန်ပြောလိုက်သည်။ "နင့်ရဲ့ မိသားစုဝင်တွေက... သူတို့ အတွင်းမှာ မပါခဲ့ဘူး"

"မဟုတ်ဘူး..." ဒိုးရစ်သည် သူမ၏ ပါးစပ်ကို လက်ဖြင့် အုပ်လိုက်ကာ အချိန် အနည်းငယ်မျှ တွေတွေကြီး ရပ်နေခဲ့ပြီးမှ ထိန်းချုပ်၍ မရတော့ပဲ စတင် ငိုရှိုက်ခဲ့တော့သည်။

"ငါစိတ်မကောင်းပါဘူး... ကလေးမ" ဝေါ့တ်က ချက်ချင်း တုန်လှုပ်သွားကာ သူမအား နှစ်သိမ့်လိုနေခဲ့သော်လည်း ဘာလုပ်ရမှန်း မသိခဲ့ပေ။ နောက်ဆုံးတွင် သူက

+

ကောင်မလေးထံသို့ လာခဲ့ကာ သူမ၏ ခေါင်းအား ပွတ်သပ်ပေးလိုက်သည်။

"တေလန်ဟာ သူမ မသေဆုံးမီ နင့်နာမည်ကို ထပ်ခါထပ်ခါ ခေါ်သွားခဲ့တယ်... တကယ်လို့ နင်က အသက် ရှင်နေသေးပြီး ကောင်းမွန်စွာ ရှိနေမှန်းကို သူမ သိသွားခဲ့ရင် သေချာပေါက် ပျော်ရွှင်နေမှာပဲ... ဒီလိုဆိုတော့... မငိုပါနဲ့တော့... ကလေးမရယ်"

ဒိုးရစ်သည် သူမ၏ နှုတ်ခမ်းကို ပြင်းထန်စွာ ကိုက်ထားကာ အနည်းငယ် ခေါင်းညိတ်လိုက်သော်လည်း ပြီးတာနှင့် ပို၍ပင် သည်းထန်စွာ ငိုကြွေးခဲ့လေသည်။

+

# စာစဉ် ၆၁ : အပိုင်း ၂

# အပိုင်း ၉၈၂ : နိမိတ်မကောင်းသော လက္ခဏာ တစ်ခု

အခြေအနေက ရုတ်တရက် ပြောင်းလဲသွားသဖြင့် အဇီမာသည် အခြားတစ်ဖက်သို့ လှည့်ကာ စကား ဆက်မပြောတော့ပေ။

ဒိုရစ်က ဆက်ကာဆက်ကာ ငိုရှိုက်နေသဖြင့် လူအုပ်ကြီးကလည်း ငြိမ်သက်နေခဲ့သည်။ ဒိုးရစ်က နောက်ဆုံး၌ ပြန်လည် တည်ငြိမ်လာသော အခါ စကိုးက ဆက်ပြောလိုက်သည်။ "နင်တို့ အများစုကလည်း သူမလိုပဲ အဆက်မပြတ်

+

ပြေးလွှားနေရပြီး နင်တို့ရဲ့ မိသားစုတွေနဲ့
ဆက်သွယ်ဖို့ အခွင့်အရေး မရှိနေဘူးလို့ ငါက
ယုံကြည်နေတယ်"

"နင်တို့က အိမ်ပြန်ဖို့ အခွင့်အရေး တစ်ခု
ရခဲ့ရင်တောင် နင်တို့ရဲ့ ဇာတိမြေက
ပျက်စီးနေတာကိုပဲ တွေ့ရလိမ့်မယ်... ဒါကြောင့်မို့
ငါတို့က နင်တို့ကို မြို့တော်ခန်းမမှာ ကိုယ်ရေး
အချက်အလက်တွေကို ပေးအပ်ခိုင်းတာ...
ဒီအချက်အလက်တွေနဲ့ ငါတို့ဟာ နင်တို့ရဲ့
ဇာတိရွာက ရွာသားတွေ ဆောင်းမဲ့မြို့တော်ကို
ရောက်လာနဲ့ရင် နင်တို့ကို သတင်းပေးလို့ရတယ်...
ဒီလူတွေ အတွင်းမှာ နင်တို့ရဲ့ ဆွေမျိုးတွေတောင်
ပါနေနိုင်သေးတယ်"

+

"ဒါ့အပြင် မြို့တော်ခန်းမဟာ မီးခိုးရောင် ရဲတိုက်
အနှံ့အပြားက ဒုက္ခသည်တွေကို စုဆောင်းဖို့
ဝန်ထမ်းတွေကို စေလွှတ်ထားပြီး
ဆောင်းမဲ့မြို့တော်ကို ပြန်ခေါ်လာကြလိမ့်မယ်...
ဒါက ရှည်ကြာတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ပေမဲ့
သတင်းတွေ ပျံ့သွားပြီးရင် ပိုပိုများတဲ့
ဒုက္ခသည်တွေက ဆောင်းမဲ့မြို့တော်ကို
ရောက်လာကြမှာ ဖြစ်တယ်"

"တကယ်လို့ နင်တို့က ဒီမှာပဲ နေခဲ့ရင် နင်တို့
မိသားစုနဲ့ ပတ်သတ်တဲ့ သတင်း
အချက်အလက်တွေကို ရယူဖို့ ပိုမို လွယ်ကူတယ်...
ဒါ့အပြင် လိုအပ်လို့ ရှိရင် ဝန်ထမ်းတွေက နင်တို့ရဲ့

+

ဇာတိမြို့ အနားတဝိုက်က နေရာတွေမှာ
အာရုံစူးစိုက်ပြီး ရှာဖွေပေးလို့ရပြီး အရှင်မင်းမြတ်မှာ
ဒီလို လုပ်နိုင်တဲ့ စွမ်းရည် အပြည့်အဝ ရှိနေတယ်"

"နင်တကယ် ပြောနေတာလား" အဇီမာက
စကိုးထံသို့ မော့ကြည့်လိုက်သည်။
"နန်းတော်အတွင်းက အာဏာပိုင်တွေက ငါတို့ရဲ့
မိသားစုတွေကို ကူညီရှာဖွေဖို့ ဆန္ဒရှိပါ့မလား"

"တကယ်လို့ နင်ဆိုလိုနေတဲ့ အာဏာပိုင်တွေက
မြို့တော်ခန်းမ အရာရှိတွေ ဆိုရင် ငါကလည်း
အာဏာပိုင် တစ်ယောက်ပဲ" စကိုးက သူမ၏
လက်များကို ဖြန့်၍ ပြောလိုက်သည်။

+

"ငါတို့ရဲ့ မြို့တော်က တခြား မှုးမတ်တွေနဲ့ စာရင်
လုံးဝကို ကွဲပြား ခြားနားနေတဲ့ စနစ်တစ်ခုနဲ့
လည်ပတ်နေတာ... နင်တို့ကသာ စာမေးပွဲ
အောင်လို့ရှိရင် စုန်းမ တစ်ယောက်ကတောင်
စီမံခန့်ခွဲရေး ဌာနမှာ ဝင်လုပ်နိုင်ပြီး တိုင်းပြည်ရဲ့
အရာရှိတစ်ယောက် ဖြစ်နိုင်သေးတယ်"

ဤစကားများသည် လူအုပ်ကြီး အတွင်း၌
ရုတ်ရုတ်သဲသဲ ဖြစ်သွားစေခဲ့သည်။

"နင်မေးခဲ့တဲ့ မေးခွန်းအတွက်... ဟုတ်တယ်လို့ပဲ
ဖြေရလိမ့်မယ်" စကိုးက ဆက်လက်၍
ရှင်းပြလိုက်သည်။ "ဆောင်းမဲ့မြို့တော်ဟာ နင်တို့ကို
ဒီနေရာကနေ ထွက်ခွာဖို့ ဟန့်တားမှာ မဟုတ်သလို

+

နင်တို့ရဲ့ လွတ်လပ်မှုကိုလည်း ကန့်သတ်မှာ မဟုတ်ပါဘူး... ဒါပေမဲ့ ငါက အခုလက်ရှိ အချိန်မှာ ဆောင်းမဲ့မြို့တော်ကနေ မထွက်ခွာဖို့ သတိပေးလိုနေတယ်"

"နိုင်ငံ အနှံ့အပြားမှာ စစ်မီးတွေ လောင်ကျွမ်းနေပြီး အစာရေစာ ခေါင်းပါးမှုတွေ ဖြစ်ပေါ်နေကာ မြို့တွေ ရွာတွေ များစွာက လူသူ ကင်းမဲ့သွားခဲ့တယ်... ပြင်ပမှာ ခရီးသွားခြင်းဟာ အမတန်မှ အန္တရာယ်များရုံတင် မကပဲ မလိုအပ်တဲ့ ခရီးတစ်ခု ဖြစ်လာနိုင်တယ်"

"အရှင်မင်းမြတ်ဟာ အခုအချိန်မှာ စစ်တပ်ကို ဦးဆောင်ပြီး တိုင်းပြည်ကို တညီတညွတ်တည်း

+

ဖြစ်အောင် ပြုလုပ်နေတယ်… သူက မီးခိုးရောင်
ရဲတိုက်ကို စုစည်းပြီး ဒေသ လေးခုစလုံးကို ငြိမ်ဝပ်
ပိပြားအောင် ပြုလုပ်ပြီးသွားရင် နင်တို့
ကြိုက်တဲ့နေရာကို သွားလို့ရပြီ"

စကိုးသည် ခေတ္တမျှ ရပ်နားပြီးမှ အချက်အလက်
ပုံစံများကို ထပ်မံ ကောက်ကိုင်လိုက်သည်။
"ဒီလိုဆိုတော့ ဒီပုံစံတွေကို ဖြည့်ဖို့ မလိုဘူးလို့
နင်တို့က ထင်နေသေးလား"

ဤအချိန်တွင်မူ မည်သည့် စုန်းမကမှ
ကန့်ကွက်ခြင်း မရှိတော့ပေ။

………

+

ရဲတိုက်သို့ အပြန်လမ်းတွင် ဝင်ဒီက မအောင့်နိုင်ပဲ အာမေဋိတ် ပြုလိုက်သည်။ "နင်က အရမ်းတော်တာပဲ… စကိုး… ငါက အဲ့ဒီ အချိန်မှာ ဘာပြောရမှန်းကို စဥ်းစားလို့ မရနိုင်ဘူး… သူတို့က စုန်းမ သမဂ္ဂကို အတော်လေး အထင်ကြီးသွားကြမှာပဲ"

"ငါက ငါ့ရာထူးကို အခွင့်ကောင်းယူလိုက်ရုံပါပဲ" စကိုးက အပြုံးတစ်ခုဖြင့် ပြောလိုက်သည်။ "ပထမ အသုတ်မှာ စုန်းမ ၄၆ယောက် ပါတယ်ဆိုတော့ ငါတို့က နောက်ရက် အနည်းငယ် အတွင်းမှာ အတော်လေး အလုပ်ရှုပ်တော့မယ်"

+

"အင်း..." ဝင်ဒီ၏ အသံမှာ တိုးသွားခဲ့သည်။

"ဘာလဲ... နင်က စီမံခန့်ခွဲသူ ရာထူးအတွက် မသင့်တော်ဘူးလို့ ထပ်ပြောဦးမလို့လား" စကိုးက လမ်းလျှောက်နေရာမှ ရပ်လိုက်သည်။ "အရှင်မင်းမြတ်ဟာ နင့်ကို ရွေးချယ်ထားခဲ့တာက..."

"ငါ့မှာ တခြားသူတွေ မရှိတဲ့ အရည်အသွေး အချို့ ရှိလို့... မဟုတ်လား" ဝင်ဒီက ရယ်ရမ်းသွေးလိုက်သည်။ "စိတ်ချပါ... အရှင်မင်းမြတ်နဲ့ နောက်ဆုံး စကားပြောခဲ့ပြီးကတည်းက ငါဟာ စိတ်ကို ပိုင်းဖြတ်ထားပြီးပါပြီ... ငါက ရောက်လာတဲ့

+

စုန်းမတွေကို ဘယ်လို ကြိုဆိုရမလဲလို့ စဥ်းစားနေရုံ သက်သက်ပါ"

"အဲ့ဒီအချိန်က ငါဟာ ခရီးလမ်း ဘယ်လောက်ပဲ ခက်ခဲ ကြမ်းတမ်းပါစေ မြင့်မြတ်သောတောင်ကို ရှာဖို့ ငါ့ညီအစ်မတွေနဲ့ အတူ အဖော်လုပ်ဖို့ တစ်ကြိမ်မှ နှစ်ခါ မစဥ်းစားခဲ့ဖူးဘူး... အခုအချိန်မှာ အခြေအနေတွေက အများကြီး တိုးတက်လာပြီ ဖြစ်ပြီး တစ်ကယ်လို့ နင်က ဒီလိုမျိုး အဓိပ္ပာယ် မရှိတာတွေ လျှောက်ပြောနေမယ် ဆိုရင် နိုက်တင်ဂေးထံက ခိုးသောက်ခဲ့တဲ့ ခေးရော့ ဖျော်ရည်တွေ အတွက် မထိုက်တန်တော့ဘူးလို့ ငါက တကယ်ပဲ ခံစားမိတော့မယ်"

+

"ဒီလိုဆိုတော့ တော်သေးတာပေါ့" စကိုးက စိတ်သက်သာရာ ရစွာဖြင့် ပြောလိုက်သည်။ "နင်အခု ပြောမှပဲ ငါက အဲ့ဒီ ဖျော်ရည် အကြောင်းကို သတိရမိတော့တယ်... ငါက အခု နင့်ကို အများကြီး ကူညီခဲ့တော့ ငါ့ကို ဖျော်ရည် ခေါ်မတိုက်ချင်ဘူးလား"

"ဒီည ဘယ်လိုလဲ... ငါက မီးဖိုချောင်ကို မှုန်နဲ့ ငါးကင်တွေ ပြင်ဆင်ခိုင်းထားလိုက်မယ်... အရင် တစ်ခေါက်ကလိုပဲ ငါ့အခန်းထဲမှာ သောက်ကြတာပေါ့... တကယ်လို့ ခေးရော့ ဖျော်ရည်တွေ မလောက်ခဲ့ရင်လည်း နိုက်တင်ဂေးနားက ချေးလို့ ရသေးတာပဲ... ဘာပဲပြောပြော သူမက အခုအချိန် မြို့ထဲမှာ

+

မရှိနေဘူး... ငါကနောက်မှ သူမကို အကြွေးပြန်ဆပ်လိုက်မယ်"

"ဒီလိုဆိုရင် ဒီအတိုင်းပဲ လုပ်ကြစို့" စကိုးက ပြုံးနေရင်း ပြောလိုက်သည်။

"ဩော်... ဒါနဲ့" ဝင်ဒီက စကိုး၏ ဦးခေါင်းကို စပ်စုသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။ "နင်က မြို့သူမြို့သားပေါင်း တစ်သိန်းကျော်ရဲ့ ကိုယ်ရေးအချက်အလက်တွေ အားလုံးကို တကယ်ပဲ မှတ်မိနေတာလား... အဲ့ဒီ အချက်အလက်တွေကြောင့် နည်းနည်းလေးမှ စိတ်တွေ မရှုပ်ထွေးသွားဘူးလား"

+

"ငါကလည်း ဘယ်လို ဖော်ပြရမလဲ မသိပါဘူး" စကိုးက ခေတ္တမျှ စဉ်းစားလိုက်သည်။ "အစမှာ ငါက တစ်စုံတစ်ခုကို ပြန်လည် စဉ်းစားလိုက်ရင် မှတ်ဉာဏ်ရဲ့ အောက်ခြေကနေ ပြန်လည် ပုံဖော်ရတယ်… ဥပမာအားဖြင့် ငါက နာမည်တစ်ခုကို ရှာချင်ရင် အဲ့ဒီလူ စာရင်းသွင်းတဲ့ ရက်ကို ပြန်လည် စဉ်းစားပြီးမှ မှတ်တမ်းစာအုပ် အတွင်းက သူ့စာမျက်နှာကို ပြန်ရှာရတယ်"

"ဒါက အတော်လေး ရှုပ်ထွေးပြီး အတွေးလွန်သွားတိုင်း ငါက အမြဲတမ်း ခေါင်းကိုက်ခဲ့တယ်… ဒါပေမဲ့ အချိန် ကြာလာတာနဲ့ အမျှ ငါ့မှတ်ဉာဏ် အတွင်းက အရာတွေက ပိုပြီးပိုပြီး စနစ်ကျလာတာကို တွေ့ခဲ့ရတယ်"

+

"ဒါက ဘာကို ဆိုလိုနေတာလဲ"

"အသေးစိတ် အချက်အလက်တွေကို
အလိုအလျောက် စနစ်တကျ စီထားတဲ့ အတိုင်းပဲ…
ငါက တစ်စုံတစ်ခုကို ပြန်လည် စဉ်းစားလိုက်ရင်
သက်ဆိုင်ရာ အချက်အလက်တွေက ချက်ချင်းပဲ
ပေါ်လာခဲ့တယ်" စကိုးက ခေတ္တမျှ ရပ်နားပြီးမှ
သူမ၏ စကားလုံးများကို စဉ်းစားလိုက်သည်။

"ပြီးတော့ ထူးခြားတဲ့ အချက်က ငါဟာ
ဆက်စပ်နေတဲ့ အကြောင်းအရာ များစွာတို့ကို
တစ်ချိန်တည်းမှာ အသေးစိတ် ဖတ်ရှုနိုင်တယ်…

+

လေ့ကျင့်မှုဟာ ပြီးပြည့်စုံစေတယ် ဆိုတာက ဒါကို ဆိုလိုနေတာပဲ ဖြစ်ရမယ်"

"ငါသိပြီ" ဝင်ဒီက အထင်ကြီးစွာဖြင့် ပြောလိုက်သည်။ "အရှင်မင်းမြတ်က လူတစ်ယောက်ရဲ့ မှတ်ဉာဏ်ဟာ ငါတို့ မှန်းဆနိုင်တာထက် အများကြီး အစွမ်းထက်တယ်လို့ တစ်ခါက ပြောဖူးတယ်... အဲ့ဒီအချိန်က ငါဟာ မယုံနိုင်ခဲ့ပေမဲ့ အခုတော့ ဒါက ချဲ့ကား ပြောဆိုတာ မဟုတ်မှန်း သိသွားခဲ့ပြီ"

"အမှန်ပဲ... ဒါက အံ့ဖွယ်ကောင်းတဲ့ ခံစားချက် တစ်ခု ဖြစ်တယ်" စကိုးက ခေါင်းညိတ်ကာ ပြောလိုက်သည်။ "အခုအချိန်မှာ ငါက

+

ငါ့ခေါင်းထဲမှာ တစ်ခုခု ရှာလိုက်တိုင်း
အရာအားလုံးကို သိနေသလို ခံစားနေရတယ်...
ဒါပေမဲ့ အရှင်မင်းမြတ်ဟာ မီးခိုးရောင် ရဲတိုက်ကို
တညီတညွတ်တည်း ဖြစ်အောင် လုပ်ပြီးသွားလို့
စီမံအုပ်ချုပ်ရေး စနစ်အသစ်ကို နယ်မြေအားလုံးထံ
ချဲ့ထွင်ခဲ့ရင် အရာအားလုံးကို မှတ်မိနိုင်ဦးမလား
ဆိုတာကိုတော့ ငါက မသေချာနေဘူး"

ဝင်ဒီက ထိုအကြံကြောင့် ရင်ဖိုသွား၍
တွေးလိုက်သည်။ ဒါက ဘာကို ဆိုလိုနေတာလဲ။
တကယ်လို့ စကိုးက အဲ့ဒီအချိန်မှာ အရာအားလုံးကို
မှတ်မိနိုင်သေးခဲ့ရင် လူအားလုံးတို့ရဲ့
ဘဝမှတ်တမ်းဟာ သူမရဲ့ ခေါင်းထဲမှာ ရှိနေမှာပဲ။

+

ဒီလိုဆိုရင် သူမကိုယ်တိုင်က သမိုင်းတစ်ပုဒ်
ဖြစ်သွားမှာပဲ။

ဝင်ဒီက တစ်စုံတစ်ခု ပြောမည် ကြံလိုက်စဉ်တွင်
အလောတကြီးဖြင့် လျှောက်လာသော ခြေသံများက
သူတို့အနောက်မှ ပေါ်လာခဲ့လေသည်။

"လေဒီဝင်ဒီ... နောက်ဆုံးမှာ ရှင့်ကို တွေ့ခဲ့ရပြီ"
မီးခိုးရောင် ရဲတိုက်မှ စာရေးငယ် တစ်ယောက်က
စုန်းမနှစ်ယောက်အား ဦးညွှတ်၍ ပြောလိုက်သည်။
"ခန်းမ အတွင်းကို လူတစ်ယောက် ရောက်လာပြီး
ထွက်သွားဖို့ ငြင်းဆိုနေကာ စုန်းမ သမဂ္ဂရဲ့
ခေါင်းဆောင်နဲ့ တွေ့ချင်ပါတယ်လို့
ပြောနေပါတယ်"

+

"ကျွန်မတို့က သူ့ကို သတင်းပို့ပေးမယ်လို့ ပြောပေမဲ့ သူက ရှင့်ကို မျက်နှာချင်းဆိုင် တွေ့မှ ဖြစ်မယ်လို့ ဆိုခဲ့ပါတယ်"

"သူက ဘာဖြစ်လို့ လာခဲ့တာလဲ... သူ့နာမည်က ဘာလဲ" စကိုးက မျက်မှောင်များကို ကြုတ်၍ မေးလိုက်သည်။

"သူ့ရဲ့ နာမည်ကို ပိုဆက် ဖြစ်ပါတယ်" စာရေးက ပြန်ဖြေလိုက်သည်။ "သူက ကျွန်မတို့ကို အကြောင်းရင်း ပြောပြခဲ့ပေမဲ့ ကျွန်မတို့က သူမှားနေတယ်လို့ပဲ ထင်ခဲ့တယ်... သူက သူဟာ ကျွဲနွားတွေကို ကျောင်းနေရင်း သွေးတွေနဲ့

+

လွှမ်းနေတဲ့ မိန်းကလေး တစ်ယောက်ကို တွေ့ခဲ့တယ်လို့ ပြောပါတယ်"

"သူက သူမဟာ စုန်းမ တစ်ယောက်လို့ ထင်နေပေမဲ့ ကောင်မလေးက သတိလစ်နေတော့ သူ့ရဲ့ မေးခွန်းတွေကို တုံ့ပြန်နိုင်ခြင်း မရှိခဲ့ပါဘူး… ကျွန်မတို့က ဒီကနေ့ အလုပ်ဇယားကို စစ်ဆေးကြည့်လိုက်တော့ မြို့ပြင်မှာ အလုပ်လုပ်နေတဲ့ စုန်းမ တစ်ယောက်မှ ရှိတာကို မတွေ့ခဲ့ရဘူး… သူ့ကို ဘယ်လို လုပ်ရပါမလဲ"

"ပိုဆက် ဆိုတဲ့လူက ဒေသခံ လူတစ်ယောက် ဖြစ်ပြီး ကောင်းမွန်တဲ့ မှတ်တမ်းတွေ ရှိနေကာ စိုက်ပျိုးရေး သင်တန်းရဲ့ ပထမ အသုတ်

+

ကျောင်းသားထဲမှာတောင် ပါနေသေးတယ်… သူက မြို့တော်ခန်းမကို ပြဿနာ လာရှာတာတော့ မဖြစ်နိုင်ဘူး" စကိုးက ပဟေဠိ ဖြစ်သွားကာ မေးလိုက်သည်။ "အဲ့ဒီ စုန်းမက သစ်ရွက်ကလေး ဖြစ်နေမလား မသိဘူး"

"ဒါက မဖြစ်နိုင်ဘူး… တောအုပ် နှလုံးသားရဲ့ ကာကွယ်မှု အောက်မှာ သူမကို တစ်ယောက်ကမှ ဒဏ်ရာရအောင် မလုပ်နိုင်ပါဘူး" ဝင်ဒီက စကိုး၏ ခန့်မှန်းချက်ကို ချက်ချင်း ငြင်းပယ်လိုက်သည်။

ရိုလန်သည် သူသိမ်းပိုက်ထားသော နယ်မြေများ အားလုံးကို ယခုနှစ်တွင် ရွှေရောင် အမှတ်နှစ် စိုက်ပျိုးရန် အမိန့်ချမှတ်ထားပြီး ထိုရည်မှန်းချက်ကို

+

အချိန်မီ ပြီးမြောက်စေရန် သစ်ရွက်ကလေးအား ပထမ စစ်တပ်နှင့် ချီတက်စေမည့် အစား မြူခိုးငွေ့ တောအုပ် အတွင်း၌သာ သစ်စေ့များကို ပြုစု ပျိုးထောင်စေခဲ့သည်။

"တကယ်လို့ ရန်သူအချို့က သူမ ထိန်းချုပ်ထားတဲ့ မြူခိုးငွေ့ တောအုပ် အစိတ်အပိုင်း အတွင်းကို ချိုးဖောက် ဝင်ရောက်လာရင်လည်း ငါတို့က တစ်စုံတစ်ခု ကြားခဲ့ရမှာပဲ... အဲ့ဒီမှာ ဂျုံစေ့တွေကို သယ်ဆောင်တဲ့ လုပ်သား တစ်အုပ်စုနဲ့ ဆောင်းမဲ့မြို့တော် မြောက်ပိုင်းကို စောင့်ကြပ်နေတဲ့ အစောင့်တွေ ရှိသေးတယ် ဆိုတာကို မမေ့ပါနဲ့... တကယ်လို့ တိုက်ခိုက်မှု တစ်ခု ရှိခဲ့ရင် အခုအချိန်မှာ အချက်ပေးသံတွေကို ကြားနေရလောက်ပြီ"

+

"ဒီလိုဆိုရင် သူက မှားနေတာ ဖြစ်လိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် ငါတို့က ဒီလိုကို အရင် တွေ့ကြတာပေါ့... တကယ်လို့ ဒဏ်ရာ အပြင်းအထန် ရထားတဲ့ မိန်းကလေးက စုန်းမတစ်ယောက် မဟုတ်ရင်လည်း ငါတို့က သူမကို ကူညီလို့ ရနိုင်သေးတယ်" ဤအထိ ပြောခဲ့အပြီးတွင် ဝင်ဒီ၏ ရင်အတွင်းတွင် စိုးရိမ်ပူပန်သော ခံစားချက် အချို့ ပေါ်လာခဲ့သည်။

သူမက တစ်စုံတစ်ခု မေ့လျော့နေခဲ့သလော။

## စာစဥ် ၆၁ : အပိုင်း ၃

+

## အပိုင်း ၉၀၃ : မိစ္ဆာတွေ လာနေပြီ

မြို့တော်ခန်းမ အတွင်းတွင် ပိုဆက်ဟူသော လူကို ဝင်ဒီနှင့် စကိုးတို့၏ အရှေ့သို့ ခေါ်လာခဲ့သည်။

သူသည် အသက်လေးဆယ်ခန့် ရှိနေပုံ ပေါက်နေပြီး ညိုမှောင် တုတ်ခိုင်သော လယ်သမားပုံစံ ပေါက်နေခဲ့ကာ သူ၏ ဘောင်းဘီပေါ်၌ ရွှံ့ခြောက်နှင့် မြက်ပင်ခြောက်များပင် တွေ့နိုင်သေးသည်။

"ကျွန်တော်... ကျွန်တော် ခင်ဗျားကို သိတယ်..." ထိုလူသည် သူ၏ ပေကျံနေသော လက်များကို ပွတ်လိုက်ပြီးမှ အနည်းငယ် စိတ်လှုပ်ရှားနေသည့်ပုံ

+

ပေါက်သွားကာ စကိုးအား ဦးညွှတ်ပြီးမှ ပြောလိုက်သည်။

"ခင်ဗျားက ဝန်ကြီးဖြစ်ပြီး ကျွန်တော့်ရဲ့ သမီးဟာ ခင်ဗျားရဲ့ ကျောင်းမှာ ရေးတတ် ဖတ်တတ်အောင် သင်ကြားခဲ့ရတယ်... သူမဟာ တကယ်ပဲ ဉာဏ်ထိုင်းသူ ဖြစ်ပြီး သူမရဲ့ အမှားတွေကို ခွင့်လွှတ်ပေးပါလို့ ကျွန်တော်က မျှော်လင့်နေပါတယ်"

"သိပ်ပြီးမှလည်း စိတ်လှုပ်ရှားမနေပါနဲ့" စကိုးက ရယ်လိုက်ပြီး သူ၏ ပခုံးအား ပုတ်လိုက်သည်။ "ကျွန်မကလည်း ဒီနေရာ မရောက်ခင် ငါးဖမ်းပြီး အသက်မွေးဝမ်းကြောင်း ပြုခဲ့ရတယ်... ဒါပေမဲ့

+

ပင်လယ်ဟာ ခန့်မှန်းရခက်ခဲလို့ ကျွန်မရဲ့
ရိုပ်သိမ်းနိုင်မှုဟာ ရှင့်လောက် မတည်ငြိမ်ခဲ့ဘူး"

"ဒါ့အပြင် ဗဟုသုတနဲ့ ပတ်သတ်လာရင်
သင်ယူသူရဲ့ နောက်ခံနဲ့ ဘာမှ မဆိုင်ဘူး… သူမက
ဘယ်လောက်အထိ ဉာဏ်ထိုင်းပါစေ လုံလောက်တဲ့
အားထုတ်မှုနဲ့ အချိန် ရှိရင် သင်ယူ
တတ်မြောက်နိုင်မှာ ဖြစ်ပါတယ်… စိတ်မပူပါနဲ့…
ရှင့်သမီးဟာ ဘာပြဿနာမှ မရှိပဲနဲ့
ဘွဲ့ရနိုင်ပါလိမ့်မယ်"

ဤစကားကို ကြားခဲ့ရ အပြီးတွင် ပိုဆက်က
အတော်လေး စိတ်သက်သာရာ ရသွားကာ
သွားများပေါ်အောင် ပြုံးလိုက်သည်။

+

"စက်ရုံအသစ်က လစာတွေက ပိုမြင့်မားတယ်လို့
အရှင်မင်းမြတ် ပြောထားလို့ ကျွန်တော်က
ဒီနှစ်နှစ်မှာ လယ်ယာ အလုပ်တွေကို
လျှော့ချနေခဲ့တယ်"

ပြီးတာနှင့် သူက ဝင်ဒီထံသို့ ဦးညွှတ်လိုက်သည်။
"ခင်ဗျားက စုန်းမ သမဂ္ဂရဲ့ စီမံ ခန့်ခွဲသူ ဖြစ်ရမယ်…
ဒီနေ့မှာ ခင်ဗျားကို တွေ့ဖို့ အခွင့်အရေး
ရလိမ့်မယ်လို့ ကျုပ်က ထင်မထားမိဘူး"

သာမန်လူများ၏ အပေါ်၌ ဝင်ဒီသည် စကိုးကဲ့သို့
လွှမ်းမိုးမှု သိပ်မရှိသော်လည်း စုန်းမ သမဂ္ဂ၏
ခေါင်းဆောင် ဖြစ်နေသဖြင့် အခမ်းအနား ပွဲများကို
တက်ရောက်ရလေ့ရှိသည်။ ထိုအရာသည် သူမ၏

+

နီရဲနေသော ဆံပင်များ၊ ပြည့်ဖြိုးသော
ကိုယ်လုံးကိုယ်ပေါက်တို့နှင့် ပေါင်းစပ်လိုက်သော
အခါ လူအများက သူမအား မှတ်မိနေခြင်းမှာ
အံ့သြဖွယ် မရှိပေ။

"ငါ့ကို ဝင်ဒီလို့ပဲ ခေါ်ပါ... နင်က သွေးတွေနဲ့
ဖုံးလွှမ်းနေပြီး ဒဏ်ရာ အပြင်းအထန် ရထားတဲ့
ကောင်မလေး တစ်ယောက်ကို တွေ့ခဲ့တယ်လို့
ပြောတယ်... သူမက စုန်းမတစ်ယောက်လို့ ရှင်က
ဘာဖြစ်လို့ ထင်ခဲ့တာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ သာမန်လူ
တစ်ယောက်ဟာ တိရစ္ဆာန် အစိတ်အပိုင်းတွေကို

+

မရှိနိုင်ဘူး... မဟုတ်လား" ပိုဆက်က သူ၏ခေါင်းကို ကုတ်လိုက်သည်။

"အစ ပထမမှာ ကျွန်တော်က ဒါကို သွေးစွန်းနေတဲ့ အဝတ်စုတ်လို့ ထင်နေပြီး လွှင့်ပစ်ဖို့ ကြံခဲ့သေးပေမဲ့ ဒါက ကောင်မလေးရဲ့ ခန္ဓာကိုယ်နဲ့ ဆက်နေခဲ့တယ်... ကျွန်တော်က နောက်တစ်ခေါက် အသေအချာ ကြည့်လိုက်တော့မှ ဒါဟာ တကယ်တော့ တိရစ္ဆာန် အမြီး ဖြစ်နေတာကို တွေ့ခဲ့ရတယ်"

တိရစ္ဆာန် အမြီး။

+

ဝင်ဒီသည် နှလုံးခုန် တစ်ချက်မှားသွားသည်ဟု ခံစားခဲ့ရသည်။

သူမသည် ရုတ်တရက်ပင် လွန်ခဲ့သော နှစ်လကျော်က ဆောင်းမဲ့မြို့တော်သို့ ထူးဆန်းသော စုန်းမတစ်ယောက် ရောက်လာခဲ့သည်ကို ရုတ်တရက် အမှန်ရလိုက်သည်။ သို့သော်လည်း သူမသည် သူမအား နိုက်တင်ဂေး၏ ဖော်ပြချက်မှသာ သိရှိခဲ့ခြင်း ဖြစ်ပြီး ထူးခြားသော ဤကောင်မလေးသည် စုန်းမ သမဂ္ဂသို့ ဝင်ခဲ့ခြင်း မရှိသလို ညီအစ်မများနှင့်လည်း ရင်းနှီးစွာ ထိတွေ့မှု မရှိခဲ့ပေ။

+

သူမတွင် ဝံပုလွေ နားရွက်များနှင့် အမြီးရှည် တစ်ခု ရှိသော်လည်း အရှင်မင်းမြတ်သည် အံ့အားသင့်ဖွယ် ကောင်းစွာ ထူးခြားသော တိရစ္ဆာန် တစ်ဝက် ကောင်မလေးအား လှပသည်ဟု ချီးမွမ်းခဲ့သေးသည်။ နိုက်တင်ဂေးသည် ဤအဖြစ်အား မကြာခဏ ပြောပြခဲ့သဖြင့် ဝင်ဒီသည် ယခုအချိန်၌ ထူးဆန်းသော ဤဖြစ်စဉ်ကို ပြန်လည်၍ အမှတ်ရလာခဲ့သည်။

ထူးခြားသော ထိုစုန်းမအား လော်ဂျာဟု ခေါ်၍ သူမသည် တောင်ပိုင်း အစွန်အဖျား ဒေသရှိ မျိုးနွယ်စု တစ်ခုမှ မင်းသမီး တစ်ယောက်ဖြစ်သည်။

+

ပိုဆက် တွေ့ရှိခဲ့သော ကောင်မလေးသည် သူမပင် ဖြစ်လေသလော။

"သူမက ဘယ်မှာလဲ" ဝင်ဒီက အလောတကြီးဖြင့် မေးလိုက်သည်။ "ငါတို့ကို သူမဆီ ချက်ချင်း ခေါ်သွားပေးပါ"

.........

လယ်သမားသည် ဒဏ်ရာရနေသော ကောင်မလေးအား အိမ်သို့ ပြန်မခေါ်လာပဲ ကွင်းပြင် အတွင်း၌သာ ယာယီတဲ တစ်လုံး ဆောက်လုပ်ပြီး ထားထားခဲ့သည်။

+

ဝံပုလွေ ကောင်မလေးသည် ခုံတန်းရှည်ပေါ်တွင် သွေးလွှမ်းသော အဝတ်အစားများနှင့် မလှုပ်မယှက် လဲလျောင်းနေသည်ကို တွေ့ခဲ့ရသော အခါ ဝင်ဒီ၏ စိတ်ဓာတ်က အောက်ဆုံးသို့ ပြုတ်ကျသွားခဲ့သည်။

ကောင်မလေး၏ သွေးစွန်းနေသော ဝံပုလွေ နားရွက်များကို ကြည့်ခြင်းဖြင့် သူမသည် လော်ဂျာ ဖြစ်မည်မှာ သေချာနေခဲ့ပြီး သူမက အဘယ်ကြောင့် ဤမျှအထိ ဒဏ်ရာရခဲ့မှန်းကို သူမက စဉ်းစားနေခဲ့သည်။

သူမ တစ်ကိုယ်လုံးအား သွေးများဖြင့် ဖုံးလွှမ်းနေသည်ဟု ပြောရလျှင် ချဲ့ကားရာ ကျနေမည် မဟုတ်ပဲ ဝံပုလွေ ကောင်မလေးသည်

+

ဒဏ်ရာများကို လွှန်ခဲ့သော ရက်အနည်းငယ်ကသာ ရထားမှန်း ဖြစ်သည်မှာ သိသာနေသည်။ သူမ၏ ခန္ဓာကိုယ် အစိတ်အပိုင်း အချို့တွင် သွေးများက ခြောက်သွားကာ အညိုရောင် အကွက်များ ဖြစ်သွားပြီး အချို့ နေရာများတွင် ဒဏ်ရာထံမှ သွေးများက တစိမ့်စိမ့် ထွက်နေဆဲ ရှိသေးသည်။

သူမအား ခေါင်းစမှ ခြေဆုံးအထိ ပတ်တီးများဖြင့် ပတ်ထားခဲ့သဖြင့် ဒဏ်ရာများကို တိုက်ရိုက် မမြင်နိုင်သော်လည်း သူမက ဒဏ်ရာ အပြင်းအထန် ရထားသည်ကိုမူ လူတိုင်းက အလွယ်တကူ ပြောနိုင်ခဲ့သည်။

+

"သခင်မ… သူမက စုန်းမတစ်ယောက် ဖြစ်တယ်… မဟုတ်လား" ပိုဆက်က မေးလိုက်သည်။

ဝင်ဒီသည် မှင်သက်နေလွန်းခဲ့သဖြင့် ဘာမှ ပြန်မဖြေနိုင်ပဲ စကိုးက ပြန်ဖြေပေးလိုက်သည်။ "ဟုတ်တယ်… သူမက စုန်းမတစ်ယောက် ဖြစ်ပြီး မင်းရဲ့ ရှေးဦး သူနာပြုစုမှုက အမတန်မှ ကောင်းမွန်နေတယ်"

"ဒီလို ကြားရတာ သိပ်ကောင်းတာပဲ… ကျွန်တော်တို့ဟာ စုန်းမ တစ်ယောက်ကို တွေ့ရင် မြို့တော်ခန်းမကို အကြောင်းကြားရမယ်လို့ အရှင်မင်းမြတ်က အမိန့် ထုတ်ပြန်ထားခဲ့တယ်" ပိုဆက်က စိတ်သက်သာရာ ရစွာဖြင့်

+

သက်ပြင်းတစ်ချက် ချလိုက်သော်လည်း မကြာမီပင် သူ၏ စိုးရိမ် ပူပန်မှုများကို ဖော်ပြလိုက်သည်။ "သူမကို... ကယ်တင်လို့ ရနိုင်ဦးပါ့မလား"

ဤမေးခွန်းကို ကြားခဲ့သော အခါမှ ဝင်ဒီသည် သတိ ပြန်ဝင်လာပြီး လေးနက်သော အသံတစ်ခုဖြင့် ပြန်ဖြေလိုက်သည်။ "ငါလည်း မသိဘူး... ဒါပေမဲ့ ငါတို့က အကောင်းဆုံး ကြိုးစားရမှာပဲ... စကိုး... ကျေးဇူးပြုပြီးမှ သူမကို စောင့်ရှောက်ထားပေးလိုက်ပါ... ငါက အရှင် မင်းသမီး တီလီကို သွားတွေ့ရဦးမယ်"

"ကောင်းပြီ... သူမကို ငါ့တာဝန်သာ ထားလိုက်ပါ"

+

နာနာရော လီလီပါ မြို့တော်တွင်း၌ မရှိနေပဲ သစ်ရွက်ကလေး၏ ဆေးဝါးများသည် ဒဏ်ရာ အသေးစားများကိုသာ ကုသပေးနိုင်သဖြင့် ယခုအချိန်၌ ဤမျှအထိ ပြင်းထန်သော ဒဏ်ရာများကို ရထားခြင်းသည် သေမိန့်ကျခြင်းနှင့် ဘာမှ ကွဲပြားနေခြင်း မရှိပေ။

ကံကောင်းစွာဖြင့် အိပ်ပျော်နေသောကျွန်းမှ ပထမ အသုတ် စုန်းမများသည် ဆောင်းမဲ့မြို့တော်သို့ ရောက်ရှိလာခဲ့သဖြင့် ထိုစုန်းမက ပါလာခဲ့လျှင် ဝံပုလွေ ကောင်မလေးအား ကယ်တင်နိုင်လိမ့်မည်ဟု ဝင်ဒီက တွေးနေခဲ့သည်။

+

ဤအထိ တွေးခဲ့အပြီးတွင် သူမက တတ်နိုင်သမျှ မြန်မြန် ပြေးခဲ့လိုက်သည်။

စက္ကန့်တိုင်းက တန်ဖိုးရှိနေခဲ့လေသည်။

စုန်းမ သမဂ္ဂ၏ တရားဝင် အဖွဲ့ဝင် တစ်ယောက် မဟုတ်နေသော်လည်း ဝံပုလွေ ကောင်မလေးသည် နတ်ဘုရား၏ လမ်းညွှန်မှုအချို့ကို ရရှိပြီး ဤမြို့သို့ ရောက်လာခြင်း ဖြစ်နိုင်သဖြင့် သမဂ္ဂနှင့် တစ်စုံတစ်ရာ ဆက်စပ်နေမည်ဟု ဝင်ဒီက ခံစားမိခဲ့သည်။

သူမသည် ညီအစ်မ တစ်ယောက်အား နောက်ထပ် မဆုံးရှုံးနေလိုတော့ပေ။

+

.........

သုံးရက်အကြာတွင် ဝင်ဒီသည် အိပ်ခန်းတစ်ခု အတွင်းသို့ ဆေးနံ့ တထောင်းထောင်း ထနေသော ရေနွေး တစ်ဇလုံကို ကိုင်ဆောင်၍ ဝင်သွားလေသည်။

"သူမရဲ့ အခြေအနေက ဘယ်လိုလဲ"

"သူမက အသက်ရှင်နေသေးပေမဲ့ ဒါကလွဲလို့..." အက်ရှ်က သူမ၏ ခေါင်းကို ခါလိုက်သည်။ "ဒီလောက်အထိ ပြင်းထန်တဲ့ ဒဏ်ရာတွေက သူမရဲ့ ကိုယ်ပိုင် ကုစားနိုင်မှု စွမ်းရည်တွေထက် အများကြီး

+

ပိုနေပြီး မြို့အထိ ရောက်လာနိုင်တာကိုက အံ့ဖွယ်ဖြစ်ရပ် တစ်ခု ဖြစ်နေတယ်"

"တကယ်လို့ သူမက စိတ်ဆန္ဒ ပြင်းပြနေခြင်း မရှိခဲ့ရင် တောနက် အတွင်းမှာ လူမသိ သူမသိနဲ့ ဒီအတိုင်း သေသွားနိုင်တယ်"

အရေးပေါ် ဒဏ်ရာများကို ကုသရာတွင် ထူးကဲစုန်းမက အတွေ့အကြုံ အရင့်ကျက်ဆုံး ဖြစ်နေသဖြင့် ဒဏ်ရာရနေသော ကောင်မလေးအား သူမက ပြုစုရန် တာဝန်ယူခဲ့သည်။ သူမသည် စစ်ဆေးကြည့်ရန် အတွက် ဝံပုလွေ ကောင်မလေး၏ သွေးစွန်းနေသော အဝတ်များကို ချွတ်လိုက်သော အခါ သူမ၏ ခန္ဓာကိုယ်

+

အနှံ့အပြားမှ ဒဏ်ရာများကြောင့် စုန်းမအားလုံးက ထိတ်လန့် တုန်လှုပ်သွားခဲ့သည်။

အချို့ ဒဏ်ရာများသည် နက်ရှိုင်းလွန်းသဖြင့် အရိုးများကိုပင် မြင်နေရပြီး သူမ၏ ဒဏ်ရာများကို သန့်ရှင်းရေး လုပ်ခြင်းကပင် နေ့တစ်ဝက်နီးပါး ကုန်သွားခဲ့သည်။

"ဒါပေမဲ့ နင်က သိပ်ပြီးမှ စိုးရိမ်နေစရာ မလိုပါဘူး" အက်ရှ်က အနီးရှိ ကုတင်ပေါ်တွင် လဲလျောင်းနေသော နေဝင်ဆည်းဆာအား ညွှန်ပြ၍ ပြောလိုက်သည်။ "သူမက မနေ့ကထက် စာရင် အများကြီး ပိုကောင်းလာတယ်လို့ နင်မထင်ဘူးလား"

+

"ငါလား" နေဝင်ဆည်းဆာက အားနည်းနေသော လေသံတစ်ခုဖြင့် ပြောလိုက်သည်။ "ငါကတော့ ပိုကောင်းလာတယ်လို့ ဘာဖြစ်လို့ မခံစားရတာလဲ"

"နင်က ဒီကနေ့ ညစာအနေနဲ့ ကြက်ပေါင်း၊ ကြက်ဥကြော်၊ ငှက်ဆွတ်မှိုကင်နဲ့ ခေးရော့ ဖျော်ရည် တစ်ပုလင်းတို့ကို ရရှိမှာ ဖြစ်တယ်" အကျ်ရှ်က နှာခေါင်းရှုံ့၍ ဆက်မေးလိုက်သည်။ "ဒီလိုဆိုတော့ နင်က အခု နေလို့ ကောင်းသွားပြီလား"

နေဝင်ဆည်းဆာ၏ ပါးစပ်မှ သွားရည်များ ယိုလာခဲ့သည်။ "အင်း... အမှန်အတိုင်း ပြောရရင်

+

အခု အများကြီး ပိုနေကောင်းလာတယ်လို့ ခံစားရတယ်"

"အရမ်းကောင်းတာပဲ… တွေ့တယ်မလား"

ဝင်ဒီက စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးမှ နေဝင်ဆည်းဆာအား ခေါင်းညိတ်ပြလိုက်သည်။ "ငါတို့ကို ကူညီပေးတဲ့ အတွက် ကျေးဇူး အများကြီး တင်ပါတယ်"

"ဘာမှ မဖြစ်ပါဘူး" နေဝင်ဆည်းဆာက အားတင်း၍ ပြုံးပြလိုက်သည်။ "ရှင်တို့က အစ်ဖီကို ကူညီခဲ့ကြတဲ့ အတွက် ကျွန်မတို့ကို ကူညီခဲ့တယ်လို့

+

ဆိုနိုင်ပါတယ်... ကျေးဇူးပြုပြီးမှသာ
ဒီကောင်မလေးကို မသေစေပါနဲ့... မဟုတ်ရင်
ကျွန်မက..."

"သူမ မသေစေရပါဘူး... စိတ်ချနေပါ"

နေဝင်ဆည်းဆာသည် ဝင်ဒီ အစောပိုင်းမှ
တွေးမိခဲ့သည့်သူ ဖြစ်သည်။ သွေးအစွယ်
အဖွဲ့အစည်းမှ ဤစုန်းမသည် ပေါင်းစပ်မှု ဟူသော
မယုံနိုင်ဖွယ် စွမ်းရည်တစ်မျိုးကို
ပိုင်ဆိုင်ထားလေသည်။ သူမသည် သူမ၏
မှော်မျိုးစေ့ကို အခြားသူ တစ်ယောက်ထံ
ထည့်သွင်း၍ သူမ၏ ကိုယ်ပိုင်အသက်နှင့်
ဆက်သွယ်ထားနိုင်သည်။

+

ဤပေါင်းစပ်မှုမှ တဆင့် သူမသည်
ပေါင်းစပ်ခံရသူ၏ နာကျင်မှုနှင့် ဝေဒနာများကို
မျှဝေ ခံစားနိုင်ကာ ထိုသူအား မြန်မြန် ပြန်လည်၍
သက်သာ ကောင်းမွန်လာစေသည်။ ပို၍
အရေးကြီးသည့် အချက်မှာ သူမ
ပေါင်းစပ်ထားသည့် အချိန် အတောအတွင်းတွင်
သူမ စားသုံးခဲ့သည့် အာဟာရ တစ်ဝက်အား
ပေါင်းစပ်ခံရသူက စုပ်ယူနိုင်ခြင်းပင် ဖြစ်သည်။

သို့ဖြစ်၍ ယခုအချိန်၌ ဤစွမ်းရည်သည်
သေလုမျောပါး လူတစ်ယောက်အား သေဆုံးခြင်းမှ
ကာကွယ်နိုင်ရန် အတွက် အကောင်းဆုံးသော
ရွေးချယ်မှု တစ်ခု ဖြစ်နေပေသည်။

+

ရှိလန်သည် ဇီးရိုးနှင့် ဝိညာဥ်တိုက်ပွဲ အပြီးတွင်
ဘာမှ မစားမသောက်နိုင်ပဲ လနှင့်ချီ၍
သတိလစ်နေခဲ့ဖူးကာ ယခုအချိန်ထိ
အသက်ရှင်နိုင်ခဲ့ခြင်း၏ တစ်ခုတည်းသော
အကြောင်းရင်းမှာ နေဝင်ဆည်းဆာ၏
စွမ်းရည်ကြောင့်ပင် ဖြစ်ပေသည်။

သို့သော်လည်း ဝံပုလွေ ကောင်မလေးအား
လာရောက် ကူညီခဲ့သူမှာ နေဝင်ဆည်းဆာ
တစ်ယောက်တည်း မဟုတ်ပေ။

အရှင်မင်းသမီး တီလီသည် လော်ဂျာ၏
ကိုယ်တွင်းနှင့် ပြင်ပ သွေးယိုမှုများကို ရပ်တန့်စေရန်

+

အတွက် အိပ်ပျော်နေသောကျွန်းတွင် အဓိက ကုစားသူ ဖြစ်သော ပန်ဒိုရာဟု ခေါ်သည့် စုန်းမ တစ်ယောက်ကိုလည်း လွှတ်ခဲ့သေးသဖြင့် ပေါင်းစပ်မှု၏ ဖိအားများကို များစွာ လျှော့ချပေးနိုင်ခဲ့သည်။

သူတို့သည် သွေးအစွယ် အဖွဲ့အစည်း၏ ပုန်ကန်သည့် လှုပ်ရှားမှုကို ချေမှုန်းခဲ့စဥ်က ပန်ဒိုရာ၏ စွမ်းရည်သည် အမတန်မှ အသုံးဝင်ကြောင်းကို သက်သေပြခဲ့ပြီး ဖြစ်သည်။ ထို့အပြင် သစ်ရွက်ကလေး၏ ဆေးဝါးများသည် အနာ ပိုမဆိုးလာအောင် ထိန်းထားနိုင်ခဲ့ပြီး ရဲတိုက်၏ မြေအောက်ခန်းတွင် ရေခဲတုံးများနှင့် အတူ သိမ်းဆည်းထားသော သန့်စင်သည့်ရေသည် ရောဂါပိုး မပြန့်ပွားအောင် ကူညီပေးနိုင်ခဲ့သည်။

+

အားလုံးတို့က အကောင်းဆုံး ကြိုးစား၍ ကူညီပေးခဲ့ကြသည်။

သို့သော်လည်း လော်ဂျာ အနေဖြင့် ပြန်လည် ကောင်းမွန်လာမလား ဆိုသည့်မှာ သူမ၏ စိတ်စွမ်းအား အပေါ်တွင်လည်း မူတည်နေသေးသည်။ လွန်ခဲ့သော သုံးရက်က သူတို့သည် မြောက်ပိုင်းဒေသသို့ စာပို့ခို စေလွှတ်၍ အကြောင်းကြားခဲ့ပြီး ဖြစ်သည်။ ပြီးခဲ့သော ရက်များတွင် သတင်းကို စောင့်ဆိုင်းနေရခြင်းသည် သူတို့အတွက် ခက်ခဲသော အချိန်တစ်ခု ဖြစ်နေခဲ့သည်။

+

ဝင်ဒီက လော်ဂျာ၏ ခန္ဓာကိုယ်အား
ရေပတ်တိုက်ပေးမည့် ပြုခဲ့ချိန်၌ပင် လော်ဂျာ၏
လက်ချောင်းတစ်ခုက ဆတ်ကနဲ
လှုပ်လာခဲ့လေသည်။

အစ ပထမတွင် ဝင်ဒီသည် အံ့အားသင့်သွားပြီး
မျက်စိမှားနေသည်ဟုသာ ထင်မိခဲ့သော်လည်း
ခဏအကြာတွင် ဝံပုလွေ ကောင်မလေး၏
နှုတ်ခမ်းက အနည်းငယ် တုန်ခါလာသည်ကို
မြင်လိုက်ရသည်။

"..."

+

လော်ဂျာသည် တစ်စုံတစ်ခုကို ရေရွတ်နေဟန် ပေါက်နေသော်လည်း သူမ၏ အသံမှာ အားနည်းလွန်းလှသဖြင့် စကားလုံးများကို မကြားနိုင်ခဲ့ပေ။

ဝင်ဒီ၏ ရင်က ထိန်းမနိုင် သိမ်းမရ ခုန်လာခဲ့ပြီး သူမကိုယ် သူမ တည်ငြိမ်အောင် မနည်း ကြိုးစားခဲ့ရကာ အရှေ့သို့ ကိုင်းလိုက်ပြီး သူမ၏ နားရွက်ကို လော်ဂျာ၏ ပါးစပ်အနားသို့ ကပ်လိုက်သည်။

ဤတစ်ခေါက်တွင်မူ သူမသည် ကောင်မလေး၏ တိုးညင်းသော စကားလုံးများကို အဓိပ္ပာယ် ဖော်နိုင်ခဲ့သည်။

+

"မိစ္ဆာတွေ..."

သူမက ထိုစကားလုံးများကို ထပ်ပြောလိုက်သည်။

"မိစ္ဆာတွေ လာနေကြပြီ"

## စာစဥ် ၆၁ : အပိုင်း ၄

## အပိုင်း ၉၀၄ : တိုက်ပွဲ သတိပေးချက် (၁)

မှောင်ရီပျိုးလာချိန်တိုင်းတွင် ဗာဒါက အမြဲတမ်း သွားရောက် ကင်းလှည့်လေ့ရှိသည်။

+

အချိန် အများစုတွင် သူသည် ဆောင်းမဲ့မြို့တော်အား သူ၏ လက်အောက်ငယ်သား နှစ်ယောက်၊ သုံးယောက်ခန့်တို့ဖြင့် လှည့်ပတ်ကြည့်ရှုခဲ့သော်လည်း တစ်ခါတစ်ရံတွင် သူသည် တစ်ယောက်တည်း သွားရောက်ခဲ့သေးသည်။

သဘောတရား အရ သူသည် ရဲဌာန၏ အကြီးအကဲ ဖြစ်နေပြီ ဖြစ်ပြီး တိုင်းပြည်၏ လုံခြုံရေး ဗျူရို အတွင်း၌ တတိယ အာဏာအရှိဆုံး ပုဂ္ဂိုလ် ဖြစ်နေသဖြင့် ကိုယ်တိုင်ကိုယ်ကျ ကင်းလှည့်ရန် မလိုတော့သော်လည်း ရုံးခန်း အတွင်းတွင် စာရွက်စာတမ်းများဖြင့်သာ အလုပ်မလုပ်နေလိုသဖြင့် သူသည်

+

ကိုယ်တိုင်ထွက်၍ လှူပ်ရှားရန် ပို၍ နှစ်သက်ပေသည်။

သူသည် ဆောင်းမဲ့မြို့တော်သို့ ရောက်လာသည်မှာ တစ်နှစ်ခွဲခန့် ရှိပြီ ဖြစ်ကာ ဤနေရာ၌ သူအထင်အကြီးဆုံး အရာ နှစ်ခု ရှိသည်။ ပထမ တစ်ခုမှာ မြို့တော်၏ ကျယ်ပြန့်လာသည့် နှုန်းပင် ဖြစ်သည်။ သူပထမဆုံး ရောက်လာခဲ့စဥ်က နယ်စပ်မြို့အား တစ်ပတ်ပတ်ရန် နာရီဝက်သာ လိုအပ်သော်လည်း ယခုအချိန်၌ မြို့အား တစ်ပတ်ပတ်ရန် အနည်းဆုံး သုံးဆပို၍ လိုအပ်နေခဲ့သည်။

+

ထိုအတွင်း၌ တောင်ဘက်မှ ဆိပ်ကမ်းနှင့် အရှေ့ဘက်မှ လယ်မြေများကိုပင် ထည့်မတွက်ရသေးပေ။

ဒုတိယ တစ်ခုမှာ ဆောင်းမဲ့မြို့တော်၏ ဥပဒေနှင့် အာဏာ စိုးမိုးမှုသည် အံ့ဖွယ်ကောင်းလှသည်ဟုသာ ဖော်ပြ၍ ရနိုင်သည်။ အဖြစ်အများဆုံး ရာဇဝတ်မှုများသည် ခိုးမှုနှင့် ခိုက်ရန် ဖြစ်ပွားမှုများ ဖြစ်ကာ အပြင်းထန်ဆုံး ပြစ်မှုများလည်း ဖြစ်ကြပြီး လူသတ်မှု၊ ဓားပြမှုနှင့် ပြန်ပေးဆွဲမှု အစရှိသော ရာဇဝတ်မှုများကို တွေ့ရလေ့ မရှိပေ။

ယခင်က ဒုက္ခသည် အမြောက်အမြား ဝင်ရောက်လာခဲ့အပြီးတွင် ဆောင်းမဲ့မြို့တော်၏

+

လုံခြုံရေးသည် အတော်လေး
ဆိုးရွားသွားခဲ့သော်လည်း ရဲဌာနနှင့် စုန်းမ သမဂ္ဂတို့
ပူးပေါင်း အားထုတ်မှုတို့ကြောင့် ပြဿနာ
ရှာသူများကို အလျင်အမြန် နှိမ်နင်းနိုင်ခဲ့သည်။

မှုခင်းတိုင်းအား ဖြေရှင်းပေးမည် ဟူသော
အရှင်မင်းမြတ်၏ ကတိသည် လေလုံးထွားခြင်း
သက်သက် မဟုတ်ပေ။ ဆန်းမား၏ နောက်ပြန်
ကြည့်နိုင်သော စွမ်းရည်၊ ဗနီလာ၏ ခြေရာခံ
စွမ်းရည်တို့နှင့် ရင်ဆိုင်ခဲ့ရသော အခါ မည်သည့်
ရာဇဝတ်သားမှ ဥပဒေထံမှ မရှောင်လွဲနိုင်ခဲ့ပေ။

ပြစ်မှု ကျူးလွန်ရန် ကြီးမားစွာ စွန့်စားရခြင်းနှင့်
ကြီးလေးသော ပြစ်ဒဏ်တို့အပြင်

+

မြေအောက်ကြွက်များကို လုံးဝ
သည်းမခံခြင်းတို့ကြောင့် ဆောင်းမဲ့မြို့တော်၏
အများပြည်သူ လုံခြုံရေးသည် သိသိသာသာ
တိုးတက်လာခဲ့လေသည်။

သူက ဤငြိမ်းချမ်းမှုကို ခံစားနေလိုသဖြင့်
နေ့စဉ်နေ့တိုင်း ကင်းလှည့်ရန် ဆုံးဖြတ်ခဲ့သည်။
ညဥ့်နက်နေသော်လည်း
လမ်းသွားလမ်းလာများသည် ပူပန်ကြောင့်ကြ
ကင်းမဲ့စွာ သွားလာနေကြပြီး ယုံကြည်မှု
ပြည့်နေသော မျက်နှာများဖြင့် သူ့အား
အလေးပြုခဲ့ကြသော အခါ သူသည် ကြီးမားသော
ဂုဏ်ယူမှုနှင့် ကျေနပ် အားရမှုတို့ကို ခံစားခဲ့ရသည်။

+

သူသည် လူအများ ပြစ်တင် ရှုံ့ချခြင်းကို ခံရသော လမ်းဘေးသူခိုး ဖြစ်မလာပဲ အားလုံးက လေးစားရသည့် ဥပဒေ ထိန်းသိမ်းရေး အရာရှိ တစ်ယောက် ဖြစ်လာခဲ့ခြင်းကြောင့် သူ့ကိုယ်သူ အံ့သြနေပေသည်။

သူသည် မြို့စောင့်တပ်ဖွဲ့တွင် ရှိခဲ့စဉ်က ထိုကဲ့သို့သော ခံစားချက်မျိုးကို တစ်ခါမှ မခံစားခဲ့ဖူးပေ။

အလုပ် နှစ်မျိုးစလုံးသည် တူညီသော ရည်ရွယ်ချက်များ ရှိနေကြပြီး လုပ်ထုံး လုပ်နည်းနှင့် တာဝန်များကပင် ဆင်တူနေကြသော်လည်း

+

လုံး၀ကို ကွဲပြား ခြားနားသော ရလဒ်များကို ရရှိလာခဲ့သည်။

အဓိက အကျဆုံး ခြားနားချက်မှာ အုပ်ချုပ်သူများ၏ စွမ်းဆောင်ရည်ပင် ဖြစ်ပေလိမ့်မည်။

"ခေါင်းဆောင်... ကျွန်တော် လိုက်ခဲ့ရမလား" သူ၏ တပ်ဖွဲ့၀င်များကို မြို့တော်ခန်းမ ပြင်ပတွင် နေရာချနေသော ၀စ်ဆယ်က သူ့အား နှုတ်ဆက်လိုက်သည်။

"အိုး... မင်းက ဒီကနေ့မှာ ဟိုအမျိုးသမီးနဲ့ အချိန် သွားမဖြုန်းတော့ဘူးလား"

+

"ခေါင်း... ခေါင်းဆောင်က ဒီအကြောင်းကိုတောင် သိနေတာလား" ဝစ်ဆယ်၏ မျက်နှာသည် ချက်ချင်း ဆိုသလိုပဲ နီရဲသွားခဲ့သည်။ "အင်း... ကျွန်တော်တို့က ညတိုင်းမှာ အတူတကွ နေစရာ မလိုပါဘူး"

သူ၏ မှတ်ချက်ကြောင့် ဘေးမှ ဖြတ်သွားသူ အချို့က ဝါးလုံးကွဲ ရယ်လိုက်ကြသည်။

"ဒီလိုဆိုရင်တော့ မင်းက သတိထားမှ ရမယ်... မဟုတ်ရင် သူမက တခြားလူနောက် ပါသွားလိမ့်မယ်"

"ပါး.. ပါးစပ် ပိတ်ထားစမ်း"

+

ဗာဒါက အပြုံးတစ်ခုဖြင့် သူ၏ခေါင်းကို ခါလိုက်သည်။ "ငါက ဒီကနေ့မှာ တစ်ယောက်တည်းပဲ သွားတော့မယ်... မင်းက စောစောစီးစီး အလုပ်သိမ်းပြီး အိမ်ပြန်နားတော့"

"အင်း... ဒီလိုဆိုရင်လည်း ခေါင်းဆောင်ကို ကျေးဇူးတင်ပါတယ်"

စိတ်လှုပ်ရှားစွာ ထွက်သွားသော ဝစ်ဆယ်၏ ကျောကို ကြည့်နေရင်း ဗာဒါ၏ ခံစားချက်များက အနည်းငယ် ပြင်းထန်လာခဲ့သည်။ သူသည် ဗလင်စီယာမှ ထွက်ခွာခဲ့စဉ်က တစ်ယောက်တည်း ဖြစ်နေကာ သူ၏ ဘဝ တစ်သက်တာလုံးအား

+

အထီးကျန် ဘဝဖြင့် ဖြတ်သန်းရမည်ဟု
ထင်ထားခဲ့ပြီး သူ၏ ဘဝ၌ ဤမျှအထိ
စွမ်းဆောင်နိုင်လိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ဖူးပေ။

သူသည် ကူကာစင်နှင့် သူကိုယ်တိုင် အတွက်
နေထိုင်ရန် အိမ်တစ်လုံး ဝယ်ပြီးနောက်တွင် သူ၏
ဘဝ လက်တွဲဖော်အား ရှာဖွေရန် စတင်၍
စဉ်းစားလာခဲ့သည်။

ဗာဒါသည် မြို့တော်ခန်းမမှ အပြင်ထွက်ရန်
ဟန်ပြင်လိုက်သည့် အချိန်၌ပင် စူးရှသော
အချက်ပေးသံ တစ်ခုက မြို့တွင်း၌
ပေါ်လာခဲ့လေသည်။

+

"တူ... တူ..."

သူ၏ မျက်နှာက အေးခဲသွားသည်။

ဤအချက်ပေးမှု အသံသည် ယခင်က ကြားနေကျ အသံများနှင့် လုံးဝကို ကွဲပြားခြားနားနေခဲ့သည်။ သူသည် အဆုံးမသတ်ပဲ အကျော့ကျော့ ပြန်နေကာ တစ်ကြိမ် ကြားလိုက်ရုံနှင့် မေ့ပျောက်နိုင်မည် မဟုတ်ပေ။ သူသည် မိစ္ဆာမြို့သောလတွင်ပင် တစ်ခါမှ မကြားခဲ့သည့် အဆင့်အမြင့်ဆုံး သတိပေးချက် ဖြစ်နေခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် သူသည် လေ့ကျင့်မှု အတွင်း၌ ထိုအသံအား တစ်ခါသာ ကြားခဲ့ဖူးပြီး

+

မြို့အတွင်း၌ ထိုအချက်ပေးသံကို ယခုအချိန်၌ ပထမဆုံး အကြိမ်အဖြစ် ကြားခဲ့ခြင်း ဖြစ်သည်။

လုပ်ထုံးလုပ်နည်းများ အရ အဆင့်အမြင့်ဆုံး သတိပေးသံကို ကြားခဲ့ရအပြီးတွင် ဆောင်းမဲ့မြို့တော်သည် မာရှယ်လော အောက်တွင် ကျရောက်သွားမည် ဖြစ်ကာ မြို့တံခါးများ အားလုံးကို ပိတ်ရမည် ဖြစ်ပြီး ရဲများက လမ်းများရှင်းရန် တာဝန်ယူရ၍ ပထမ စစ်တပ်က ခံစစ်များကို တည်ဆောက်ရမည် ဖြစ်သည်။

"ခေါင်းဆောင်" ဝစ်ဆယ်နှင့် ကျန်သောသူများက ရုံးခန်း အတွင်းမှ အမြန် ပြေးထွက်လာကြလေသည်။

+

ဗာဒါက လှည့်ကြည့်လိုက်ရာ မြို့တော်ခန်းမ တစ်ခုလုံးက ငြိမ်သက်နေသေးသည်ကို တွေ့လိုက်ရသည်။ အားလုံးတို့က အံ့သြ မှင်သက်နေကြကာ နေရာ၌ပင် မလှုပ်မယှက် ရပ်နေကြသည်။

အရှင်မင်းမြတ်သည် မီးခိုးရောင် ရဲတိုက်အား တစုတစည်းထဲ ဖြစ်အောင် တပ်ဖွဲ့များကို ဦးဆောင် ထွက်ခွာသွားခဲ့သဖြင့် ဤအရာသည် လေ့ကျင့်ခန်း တစ်ခု မဟုတ်သည်မှာ သိသာနေသည်။

+

မြို့စောင့်တပ်က ဤအချက်ပေးမှု အသံကို
ထုတ်လွှင့်ရအောင် မည်သည့်အရာက
ဖြစ်ခဲ့သနည်း။

ထို့အပြင် ထိုအရာက အဘယ်ကြောင့်
ဆောင်းမဲ့မြို့တော် အားအနည်းဆုံး အချိန်တွင်မှ
ဖြစ်ပျက်ခဲ့ရသနည်း။

သူသည် အံကို တင်းတင်း ကြိတ်ထားခဲ့ကာ
အော်လိုက်သည်။ "အဲ့ဒီနေရာမှာပဲ ရပ်မနေကြနဲ့…
မြန်မြန်လေး လှုပ်ရှားကြပါ… ဝစ်ဆယ်…
အားလပ်ခွင့် ယူထားတဲ့သူတွေ အားလုံးကို
ပြန်ခေါ်လိုက်ပါ… မီးဦးခေါင်း… ကျန်တဲ့သူတွေ
အားလုံးကို ခေါ်ပြီးမှ ငါ့နောက်ကနေပြီး မြို့ရိုးကို

+

လိုက်ခဲ့ပါ... ငါတို့ လေ့ကျင့်ခန်းမှာ လုပ်ထားတဲ့ အတိုင်းပဲ လုပ်ရမယ်... နားလည်သလား"

ဗာဒါ၏ မိုးခြိမ်းသကဲ့သို့ အသံသည် ငိုင်တွေနေသော ရဲသားများကို သတိဝင်လာစေရုံတင် မက မြို့တော်ခန်းမ အရာရှိများကိုလည်း လှုပ်ရှားလာစေခဲ့သည်။

"ဟုတ်ကဲ့ပါ... ကျွန်တော် နားလည်ပါပြီ"

မြို့တော်ခန်းမသည် ချက်ချင်းပင် အလုပ်ရှုပ်သွားခဲ့သော်လည်း ဗာဒါအနေဖြင့် ထိုအရာရှိများအား အမှုထားနေလိုစိတ် မရှိပေ။

+

သူသည် ရဲတိုက်ခရိုင် အတွင်းမှ ရဲတစ်အုပ်စုနှင့် အတူ အမြန် ထွက်ခွာလာခဲ့သည်။

လမ်းပေါ်မှ စိတ်ရှုပ်ထွေးနေကြသော မြို့သူ မြို့သားများအား တွေ့ခဲ့ရသော အခါ ဗာဒါက လုံးဝကို ဖိအား များသွားခဲ့သည်။

ဤသတိပေးသံ စနစ် အသစ်သည် နှစ်သစ်မှသာ စတင်ခဲ့ခြင်း ဖြစ်သဖြင့် မြို့တစ်မြို့လုံး ပါဝင်သည့် လေ့ကျင့်ခန်း တစ်ခု မလုပ်ရသေးပေ။ အရှင်မင်းမြတ်သည် ဤကဲ့သို့ အရေးပေါ် အဖြစ်မျိုး ဤမျှအထိ စောစော ပေါ်လာလိမ့်မည်ဟု ထင်မှတ်ထားသည့်ပုံ မပေါ်ပေ။

+

သို့သော်လည်း ယခုအချိန်တွင် ဤသတိပေးသံ ပေါ်လာခဲ့ပြီ ဖြစ်သဖြင့် မြို့စောင့်တပ်၏ နမော်နမဲ့နိုင်သော အမှားတစ်ခု ဖြစ်ပေလိမ့်မည်။ အကယ်၍ သူကသာ ဆုံးဖြတ်ချက် ချသူ ဖြစ်ခဲ့ပါက လမ်းမပေါ်တွင် သွားလာနေသော လူအများကို ထိန်းသိမ်းရန် သာမန် အချက်ပေးသည့် ခေါင်းလောင်းကိုလည်း တစ်ချိန်တည်းတွင် တီးခတ်ခဲ့မည် ဖြစ်လေသည်။

သို့သော်လည်း ဘာပဲဖြစ်ဖြစ် ယခုအချိန်သည် ညည်းညူ ပြောဆိုနေရမည့် အချိန်တစ်ခု မဟုတ်ပေ။ ဗာဒါသည် သူ၏ လက်ခုပ်ကို နာနာတီး၍ ပတ်ဝန်းကျင်မှ လူအများ၏ အာရုံကို စူးစိုက်လာစေခဲ့သည်။

+

"အားလုံးပဲ နားထောင်ကြပါ... အခုချက်ချင်း ကိုယ့်အိမ်ကိုယ် ပြန်သွားပြီးမှ အိမ်ထဲမှာပဲ နေကြပါ... ဒါက ရန်သူ တိုက်ခိုက်မှုကြောင့် သတိပေးချက် ဖြစ်ပါတယ်... ကျုပ်ထပ်ပြောမယ်... အားလုံးပဲ အခုချက်ချင်း ကိုယ့်အိမ်ကိုယ် ပြန်ကြပါ"

"ဒီမှာ ဆက်မနေပဲ အိမ်ကို ချက်ချင်း ပြန်ကြပါ" မီးဦးခေါင်းနှင့် ကျန်သောသူများသည် သူ့အတိုင်း လိုက်လုပ်ခဲ့ကြကာ လူအားလုံးကို အော်ဟစ် သတိပေးခဲ့ကြသည်။

ကံကောင်းစွာဖြင့် ရဲဌာနသည် လူအများ၏ ယုံကြည်မှုကို ရရှိထားပြီး စီမံခန့်ခွဲရေး ဌာနကလည်း

+

သာမန် အချက်ပေးသံများဖြင့် လေ့ကျင့်ခန်းများစွာ လုပ်ထားခဲ့သဖြင့် သတိပေးချက်များကို ကြားခဲ့ရအပြီးတွင် အားလုံးတို့သည် လူနေအိမ်ရာများထံသို့ စတင်၍ ရွှေ့လျားသွားခဲ့ကြသည်။

ဤနည်းဖြင့် သူတို့သည် အော်ဟာစ်နေရင်း မြို့ရိုးထံသို့ ပြေးသွားကြလေသည်။

မြို့ရိုးထိပ်တွင် စစ်သားများစွာ ရှိနေကြပြီး ကျနေအောက်တွင် အလံများက တဖျတ်ဖျတ် လွင့်ခါနေကြသည်။ စစ်မြင့်ပေါ်မှ အမြောက်များက အဆင်သင့် ဖြစ်နေကာ အရှေ့ရှိ ကျယ်ပြန့်လှသော မြက်ခင်းပြင်ကို ချိန်ရွယ်ထား၍ လှုပ်ရှားမှု

+

အနည်းငယ်ကို တွေ့သည်နှင့် ပစ်ခတ်ရန် အသင့်
ဖြစ်နေခဲ့သည်။ ဤမြင်ကွင်းကို မြင်ခဲ့သည့် အခါမှ
ဗာဒါက အနည်းငယ် ပြန်လည်
တည်ငြိမ်လာခဲ့သည်။

ပထမ စစ်တပ် ရှိနေသရွေ့ မည်သည့် စစ်တပ်ကမှ
ပြိုင်ဘက်ကင်း ခံစစ်လိုင်းကို ချိုးဖောက်
ဝင်ရောက်နိုင်မည် မဟုတ်ချေ။

ဤအချက်ကို တိုက်ပွဲပေါင်း များစွာဖြင့်
သက်သေပြခဲ့ပြီး ဖြစ်သည်။

ရဲသားများသည် လျင်မြန်စွာဖြင့် အဆင်သင့်
နေရာယူလိုက်ကြသော်လည်း ဘာလှုပ်ရှားမှုမှ

+

မရှိသော တောရိုင်းလွင်ပြင်အား ကြည့်နေရင်း အဆင့်အမြင့်ဆုံး သတိပေးချက်ကို အဘယ်ကြောင့် ထုတ်လွှင့်ခဲ့ရသည်ကို ဗာဒါက ပဟေဠိ ဖြစ်နေခဲ့သည်။

ရန်သူများက ဘယ်ရောက်နေကြသနည်း။

ဤအချိန် အတောအတွင်း၌ သခင်ရဲတိုက် အတွင်းရှိ အစည်းအဝေး ခန်းမ အတွင်းတွင် လူတစ်အုပ်စုက စတင်၍ အငြင်းပွားခဲ့ကြသည်။

"ခင်ဗျား မသိတဲ့ စုန်းမ တစ်ယောက်ရဲ့ ဗလုံးဗထွေး ရေရွတ်သံကြောင့် ခင်ဗျားက အဆင့်အမြင့်ဆုံး သတိပေးချက်ကို ထုတ်လွှင့်ခဲ့တာလား"

+

ဘားရော့သည် မယုံနိုင်သည့် အမူအရာဖြင့် ဝင်ဒီအား ကြည့်နေခဲ့သည်။

"ဒါကြောင့် ကျုပ်တို့က ဘယ်လောက်အထိ ဒုက္ခရောက်ပြီး ဆုံးရှုံးမှု ကြီးမားသွားသလဲ ဆိုတာကို ခင်ဗျားသိသလား... လော်ဂျာလို့ ခေါ်တဲ့ အမျိုးသမီးက စိတ်ချရသလား ဆိုတာကိုတောင် ကျုပ်တို့က မသိရသေးဘူး... တကယ်လို့ ကျုပ်သိတာ မမှားရင် ခင်ဗျားရဲ့ တစ်ခုတည်းသော သက်သေက သူမ အိပ်ပျော်နေရင်း စကားပြောမှုပဲ"

"ဒီအပေါ်မှာ မူတည်ပြီးမှ ဆောင်းမဲ့မြို့တော်ကို တစ်ဝက် ပိတ်ချလိုက်တာက ရယ်စရာ ကောင်းလွန်းပါတယ်... တကယ်လို့ အရှင်မင်းမြတ်

+

ပေးထားတဲ့ တာဝန်တွေကို ပြီးမြောက်အောင်
မစွမ်းဆောင်နိုင်လို့ ရှိရင် ကျုပ်က အရှင်မင်းမြတ်ကို
ဘယ်လို ရှင်းပြရမှာလဲ"

## စာစဥ် ၆၁ : အပိုင်း ၅

## အပိုင်း ၉၈၅ : တိုက်ပွဲ သတိပေးချက် (၂)

အရှင်မင်းမြတ် ရိုလန်၏ အစီအစဥ်များ အရ
မီးခိုးရောင် ရဲတိုက်၏ စီမံခန့်ခွဲရေးကို
တာဝန်ယူထားရသည့် အဓိက အဖွဲ့အစည်း
လေးခုမှာ မြို့တော်ခန်းမ၊ လုံခြုံရေး ဗျူရို၊ ပထမ
စစ်တပ်နှင့် စုန်းမ သမဂ္ဂတို့ပင် ဖြစ်ပေသည်။
လုံခြုံရေး ဗျူရိုမှ လွဲ၍ ကျန်သော အဖွဲ့အစည်း

+

သုံးခုတို့က အရေးယူ ဆောင်ရွက်မည့် ဆိုလျှင် ကျန်သော ဌာနများ၏ အတည်ပြုချက်နှင့် ထောက်ခံချက်များကို လိုအပ်နေသည်။

ဤစည်းမျဉ်းများသည် တိုင်းပြည်၏ အလားအလာကို အပြည့်အဝ အသုံးချနိုင်ရန် စီစဉ်ထားခြင်း ဖြစ်ကာ အရှင်မင်းမြတ် ရှိနေစဉ်က ဘာပြဿနာမှ မရှိပေ။ သို့သော်လည်း အရှင်မင်းမြတ်က ဆောင်းမဲ့မြို့တော်တွင် မရှိနေသည့် အချိန်တွင် ပြဿနာများက ပေါ်လာလေ့ရှိပြီး ကျန်သော အဖွဲ့အစည်း သုံးခု အနေဖြင့် အချိန်တိုလေး အတွင်းတွင် အကြောင်းအရာ တစ်ခုကို သဘောတူညီမှု ရနိုင်ရန် ခက်ခဲပေသည်။

+

သို့ဖြစ်၍ ဝင်ဒီက 'မိစ္ဆာတွေ လာနေကြပြီ' ဟူသော စကားကို ကြားခဲ့ရသော အခါ အစည်းအဝေး လုပ်ရင်း အချိန် အကုန်ခံမည့် အစား ဆောင်းမဲ့မြို့တော်၏ လုံခြုံရေးကို စိတ်ချရစေရန် ပထမဆုံး အချက်ပေးမှုကို ထုတ်လွှင့်ခဲ့ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြင့် မြို့တော်ခန်းမက မည်မျှအထိ ဒုက္ခရောက်သွားနိုင်သည်ကို သူမက မသိနေ၍ မဟုတ်ချေ။ နေ့စဉ်နေ့တိုင်း မြူခိုးငွေ့ တောအုပ် အတွင်းမှ လယ်ကွင်းများ အတွင်းတွင် ရွှေရောင် အမှတ်နှစ် မျိုးစေ့များကို အိတ်ရာနှင့်ချီ၍ ထုတ်လုပ်နေပြီး ထိုမျိုးစေ့များကို လုပ်သားများက

+

ဆိပ်ကမ်းများထံ သယ်ဆောင်သွား၍
မြောက်ပိုင်းဒေသ၊ တောင်ပိုင်းဒေသနှင့်
အရှင်မင်းမြတ် အသစ် သိမ်းပိုက်ထားသော အခြား
ဒေသများသို့ လှေဖြင့် ပို့ဆောင်ရမည် ဖြစ်သည်။

ထို့အပြင် သစ်တောများထံမှ သစ်၊ မှိုနှင့် သစ်သီးများ
ထုတ်ယူခြင်း လုပ်ငန်းကလည်း ကြီးမားစွာ
အနှောင့်အယှက် ဖြစ်သွားကာ မြက်ခင်းပြင်တွင်
စားကျက်များတွင် လွှတ်ထားသော
တိရစ္ဆာန်များကိုလည်း တင်းကုတ်အတွင်းသို့
ပြန်သိမ်းရပေလိမ့်မည်။ ဘားရော့၏
အမျက်ဒေါသမှာ နားမလည်နိုင်စရာ မရှိနေပေ။

+

အစမူလက အစီအစဥ်မှာ တတိယ နတ်ဘုရားဆန္ဒ
စစ်ပွဲ မတိုင်မီ မြို့ရိုးအသစ် တစ်ခုအား
တည်ဆောက်ရန် ဖြစ်သည်။ ဤမြို့ရိုး အသစ်သည်
မြို့၏ မြောက်ပိုင်းနှင့် တကွ မြက်ခင်းပြင်
တစ်ဝက်ကို လွှမ်းခြုံထားနိုင်သည်။

ပြီးတာနှင့် သူတို့သည် လက်ရှိ မြို့ရိုးများနှင့်
အတူတကွ ခံစစ်အလွှာ များစွာတို့ကို အခိုင်အမာ
တည်ဆောက်၍ ဖြတ်သန်း၍ မရနိုင်သော
တောင်တန်း၏ ခံစစ်လိုင်းကို တိုးချဲ့မည် ဖြစ်ကာ
မြို့မြောက်ပိုင်းမှ သံရည်ကျိုသည့် နေရာနှင့်
စက်ရုံများက များစွာ လုံခြုံ
စိတ်ချရသွားပေလိမ့်မည်။

+

တိုက်ပွဲက စတင်ခဲ့လျှင်ပင် တောအုပ်များနှင့် မြောက်ပိုင်း သတ္တုတွင်းတို့မှ အရင်းအမြစ်များ စီးဆင်းမှုက ပြတ်တောက်သွားလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ဤအစီအစဉ်သည် ဘာပဲပြောပြော အစီအစဉ် တစ်ခုအဖြစ်သာ ရှိနေသေးပြီး မိစ္ဆာများ၏ သတင်းသည် ဤမျှအထိ မြန်မြန် ရောက်လာလိမ့်မည်ဟု တစ်ယောက်ကမှ မျှော်လင့်မထားကြပေ။ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး ဆုံးရှုံးမှုတို့နှင့် စာလျှင် ဝင်ဒီသည် ဤဆုံးဖြတ်ချက်အား သတိထားသည့် အနေဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်လေသည်။

+

"မိစ္ဆာတွေက လုံလောက်တဲ့ အကြောင်းပြချက် မဟုတ်ဘူးလား… သေမျိုးရဲ့" အစည်းအဝေး ခန်းမ နံရံများပေါ်တွင် ချိတ်ဆွဲထားသော ကန့်လန့်ကာများက စတင် လှုပ်ခါလာခဲ့ပြီး အယ်လီသီယာ၏ အသံက အားလုံး၏ စိတ်အတွင်းတွင် ပေါ်လာခဲ့သည်။

"မိစ္ဆာတွေက ရှုးမိုက်တဲ့ မိစ္ဆာသားရဲတွေ မဟုတ်တဲ့ အတွက် သူတို့နဲ့ ပတ်သတ်လာရင် မင်းတို့က လုံးဝ သတိလွတ်လို့ မရဘူး… သူတို့က တိုက်ခိုက်တော့မယ် ဆိုရင် မင်းတို့ အဆင်သင့်ဖြစ်တဲ့ အချိန်အထိ စောင့်နေမှာ မဟုတ်ဘူး"

+

"ငါတို့ရဲ့ ရန်သူတွေက ဘယ်လောက်အထိ
ကြောက်မက်ဖွယ် ကောင်းတယ် ဆိုတာကို
မင်းသိထားပုံ မရဘူး… တကယ့်ကို နှမြောစရာပဲ…
မင်းတို့ဘုရင်ရဲ့ တောက်ပမှုကို မြင်ခဲ့ရအပြီးမှာ
မင်းတို့ သာမန်လူတွေက ပြီးခဲ့တဲ့ နှစ်ရာပေါင်း
အနည်းငယ် အတွင်းမှာ အများကြီး
တိုးတက်လာတယ်လို့ ငါက ထင်ထားခဲ့တာ"

မိစ္ဆာများကို အတူတကွ တိုက်ခိုက်ကြမည့်
မဟာမိတ်များ အနေဖြင့် တက်ကီလာမှ အသက်ရှင်
ကျန်ရစ်သူများနှင့် အိပ်ပျော်နေသော ကျိန်စာမှ
အဖွဲ့ဝင်များကလည်း အစည်းအဝေးသို့
တက်ရောက်ရန် အခွင့်အရေးများ ရှိနေခဲ့ကာ
ပါရှာနှင့် တီလီတို့ နှစ်ယောက်စလုံးက
အဆင့်အမြင့်ဆုံး သတိပေးချက်ကို

+

ထုတ်လွှင့်ခဲ့သော ဝင်ဒီ၏ ဆုံးဖြတ်ချက်နှင့်
ပတ်သတ်၍ ထောက်ခံခဲ့ကြလေသည်။

ဘားရော့ကမူ ဒေါသ ထွက်လွန်းသဖြင့်
စိတ်ရှုပ်ထွေးစွာပင် ရယ်လုနီးပါးအထိ
ဖြစ်သွားခဲ့သည်။ "ဟုတ်တယ်... ကျုပ်က
မိစ္ဆာတွေကို ကိုယ်တိုင်ကိုယ်ကျ မမြင်ဖူးတဲ့ အတွက်
သူတို့က ဘယ်လောက်အထိ ကြောက်စရာ
ကောင်းမှန်းကို မသိနေဘူး... ဒါပေမဲ့
ဒီကောင်တွေက ပါးလျတဲ့ လေထု အတွင်းကနေ
ဒီအတိုင်း တိုက်ခိုက်နိုင်တယ်လို့ ခင်ဗျားတို့က
ပြောချင်နေတာလား"

+

"သူတို့ရဲ့ တိုက်ခိုက်မှုကို ကောင်းစွာ
ပြင်ဆင်ထားရမယ်လို့ ခင်ဗျားတို့က အမြဲတမ်း
ပြောနေခဲ့တာကို ကျုပ်က သဘောတူပါတယ်...
ဒါပေမဲ့ ပြဿနာက အခုအချိန်အထိ ကျုပ်တို့က
ရန်သူရဲ့ အရိပ်လေးကိုတောင် မမြင်ရသေးဘူး"

"ကျုပ်တို့ရဲ့ အနောက်ဘက်မှာ မြူခိုးငွေ့
တောအုပ်ကို ထိန်းချုပ်ထားတဲ့ စုန်းမတစ်ယောက်
ရှိပြီး အရှေ့ဘက်မှာ ဖြတ်သန်း၍ မရနိုင်သော
တောင်တန်း အပေါ်က ကင်းမျှော်စင်တွေ
ရှိနေတယ်... အဲ့ဒီနှစ်ခု အကြားမှာက
ဘာအကာအကွယ်မှ မရှိနေတဲ့ မြက်ခင်း လွင်ပြင်ပဲ
ရှိနေပြီး ရန်သူတွေရဲ့ လှုပ်ရှားမှု မှန်သမျှကို
မိုင်ပေါင်း များစွာကနေ တွေ့နိုင်တယ်...

+

ဒီလိုဆိုတော့ ဒီလောက်အထိ သတိထားနေစရာ လိုလို့လား"

မြို့တော်ခန်းမ ဝန်ကြီးချုပ်သည် သူ့အား အရှင်မင်းမြတ် ကိုယ်တိုင်က ယုံကြည်စိတ်ချစွာ လွှဲအပ်ထားသော ဆောင်းမဲ့မြို့တော်၏ တိုးချဲ့ရေး တာဝန်များကို စိတ်ရောကိုယ်ပါ မြှုပ်နှံထားသည်မှာ သိသာနေသည်။

ပြီးခဲ့သော အစည်းအဝေးက ဘားရော့သည် မကောင်းဆိုးဝါး မူလ သယ်ဆောင်သူ အရှေ့တွင် အသက်ပင် ကျယ်လောင်စွာ မရှူရဲခဲ့သည်ကို ဝင်ဒီက မှတ်မိနေခဲ့သော်လည်း ယခုအချိန်၌ သူက သူမအား တိုက်ရိုက်ပင် ခွန်းတုံ့ပြန်နေခဲ့သည်။ သူ၏

+

လေသံကလည်း ထွေဝေါ့နေသည့်ပုံ
ပေါက်နေသည်မှာ သိသာနေသည်။

"ကျွန်မကတော့ လိုအပ်တယ်လို့ပဲ ထင်တယ်"
အက်ရှ်က ပြောလိုက်သည်။ "အမှန်အတိုင်း
ပြောရရင် ဝင်ဒီကို ဒီအကြံပေးခဲ့တာ ကျွန်မပဲ"

"ဒါဆိုရင် မင်းရဲ့ အကြောင်းပြချက်က ဘာလဲ...
ဘယ်ကနေ ရောက်လာမှန်း မသိပဲ သတိကောင်းစွာ
မရတဲ့ စုန်းမတစ်ယောက်ရဲ့ ဗလုံးဗထွေး
ပြောဆိုမှုကြောင့်ပဲလား" ဘားရော့က
သူ၏လက်ဝါးကို စားပွဲခုံပေါ်သို့ ဖြန်းကနဲ
ရိုက်ချလိုက်သည်။

+

"မင်းကလည်း သူမကို ယုံကြည်နေတယ်လို့တော့ ငါ့ကို မပြောနဲ့နော်… တကယ်လို့ သူမရဲ့ စကားတွေက တကယ်ပဲ ယုံကြည်နိုင်ခဲ့ရင် ဒါမှမဟုတ် မင်းတို့ရဲ့ ဆက်ဆံရေးက ဒီလောက်အထိ နီးကပ်နေရင် သူမက ဘာဖြစ်လို့ အခုအချိန် အထိ စုန်းမ သမဂ္ဂရဲ့ အဖွဲ့ဝင် တစ်ယောက် မဖြစ်ခဲ့သေးတာလဲ"

"အကြောင်းရင်းက ဒါမဟုတ်ပါဘူး… ကျွန်မက အခြေအနေကို အချက်အလက်တွေ အပေါ် မူတည်ပြီး သုံးသပ်ခဲ့တာပါ" အက်ရှ်က တည်ငြိမ်စွာဖြင့် ရှင်းပြလိုက်သည်။ "ကျွန်မဟာ အရင်က သူမနဲ့ တိုက်ခိုက်ခဲ့ဖူးလို့ သူမရဲ့ စွမ်းရည်တွေကို ကောင်းစွာ သိနေတယ်… တကယ်လို့ သူမဟာ သွေးနှောသားရဲ တစ်ကောင်

+

နှစ်ကောင်လောက်နဲ့ပဲ တိုက်ခိုက်ခဲ့ရရင် ဒီလောက်အထိ ဆိုးဆိုးဝါးဝါး ဒဏ်ရာရလာခဲ့မှာ မဟုတ်ဘူး"

"ကျွန်မတို့ သိထားသလောက် မိစ္ဆာကျောက်တုံးရဲ့ ထောက်ပံ့မှု မရှိတဲ့ ရှူးသွပ်မိစ္ဆာ တစ်ကောင်ဟာ တိုက်ခိုက်နိုင်မှု စွမ်းအားအရ သွေးနှော မိစ္ဆာသားရဲနဲ့ အတူတူလောက်ပဲ ရှိတယ်… ဒါ့အပြင် တကယ်လို့ လော်ဂျာဟာ သူတို့ကို ထိပ်တိုက်ရင်ဆိုင်ပြီး အသာစီး မရခဲ့ရင်လည်း ဝံပုလွေ တစ်ကောင် အဖြစ် အသွင်ပြောင်းပြီးမှ အလွယ်တကူ ထွက်ပြေး လွတ်မြောက်နိုင်စွမ်း ရှိနေတယ်"

"မင်းက ဘာကိုများ ပြောချင်နေတာလဲ"

+

"သူမဟာ မိစ္ဆာ ဆယ်ကောင်ကျော်နဲ့ ကြုံတွေ့ခဲ့ရပုံ ပေါက်နေပြီး သူမက ဒီလောက်အထိ ဒဏ်ရာရဖို့ ဆိုရင် လေပေါ်ကနေ သူမကို နောက်ယောင်ခံလိုက်နိုင်တဲ့ ပျံသန်းနိုင်တဲ့ နတ်ဆိုးသားရဲ တစ်ကောင်လည်း ရှိရမှာ ဖြစ်တယ်" အက်ရှ်က အကျိုးအကြောင်း ဆီလျော်စွာ ထောက်ပြလိုက်သည်။

"ဒါ့အပြင် ကျွန်မတို့က သူမ ကိုယ်ပေါ်မှာ မြေပုံ တစ်ခုကိုလည်း တွေ့ခဲ့ရသေးတယ်... တကယ်လို့ ကျွန်မတို့ မှတ်ထားတာ မမှားရင် ဒီမြေပုံပေါ်က စာလုံးတွေကို လျှပ်စီးက ရေးထားတာပဲ... ကျွန်မတို့ဟာ သူမရဲ့ ခရီးစဉ် အသေးစိတ်ကို

+

မသိခဲ့ပေမဲ့ တစ်ခုကတော့ သေချာတယ်… ဒါက
သူမဟာ ဆောင်းမဲ့မြို့တော်ကနေ
ထွက်ခွာခဲ့အပြီးမှာ မြေရိုင်းဒေသကို
ခရီးထွက်ခဲ့တာပဲ ဖြစ်တယ်"

"တကယ်လို့ မြေရိုင်းဒေသ အတွင်းမှာ မိစ္ဆာတွေ
ဒီလောက် အများကြီး ရုတ်တရက် ပေါ်လာခဲ့ရင်
သူတို့က ဘာကို စီစဥ်နေတာပဲ ဖြစ်ဖြစ်
ကျွန်မတို့ဟာ စတင်ပြီးမှ ပြင်ဆင်ထားဖို့
လိုအပ်နေလိမ့်မယ်"

"ကျွန်မကလည်း ဒီဆုံးဖြတ်ချက် အပေါ်မှာ
သဘောတူနေတယ်" ပါရှာ၏ အသံမှာ
အယ်လီသီယာထက် များစွာပို၍ နူးညံ့

+

သိမ်မွေ့နေသည်။ "နတ်ဆိုး သားရဲတွေ အတွက် အကွာအဝေး ဆိုတာက ဘာမှ မဟုတ်ဘူး... တကယ်လို့ သူတို့က ဆောင်းမဲ့မြို့တော်ကို တကယ်တမ်း တိုက်ခိုက်လိုနေခဲ့ရင် ကင်းမျှော်စင်တွေက သတင်းဟာ လေထဲမှာပဲ ရှိနေစဉ်မှာ နတ်ဆိုး သားရဲတွေက မြို့တွင်းကို ရောက်ပြီး ဖြစ်နေလိမ့်မယ်"

"ပြီးတော့ လူအများစုက မိစ္ဆာတွေရဲ့ အကြောင်းကို မသိကြသေးတဲ့ အချက်ကို ထည့်မစဉ်းစားရသေးဘူး... ကျွန်မတို့က ဘာမှ မပြင်ဆင်ရသေးချိန်မှာ တကယ်လို့ ရန်သူတွေက မြို့တွင်းကို ဘာအကြောင်းကြားချက်မှ မရှိပဲ ရောက်လာခဲ့ရင် မြို့က ကပ်ဆိုးဆိုက်သွားနိုင်တယ်" တီလီက ခေါင်းညိတ်၍ ဆက်ပြောလိုက်သည်။

+

"အချက်ပေးသံဟာ အနည်းဆုံးတော့ လူတွေကို အိမ်ပြန်ပြီး ပုန်းအောင်နိုင်ဖို့ အချိန် ပေးနိုင်စွမ်း ရှိတယ်... ဒီလိုဆိုတော့ ကျွန်မတို့ဟာ ထိတ်လန့် တုန်လှုပ်မှုတွေကို အတိုင်းအတာ တစ်ခုအားဖြင့် ထိန်းချုပ်နိုင်စွမ်း ရှိနေတယ်"

"အင်း... ဒါပေမဲ့..." ဘားရော့က ဘာပြောရမှန်း မသိ ဖြစ်သွားသည်။

သူ့အတွက် ပထမဆုံး ပြောကြားခဲ့သော လူအချို့ထက် စာလျှင် မင်းသမီး တီလီ၏ စကားများက ပို၍ ဖိအားပေးနိုင်စွမ်း ရှိသည်။ အဘယ်ကြောင့် ဆိုသော် သူမသည်

+

အိပ်ပျော်နေသောကျွန်းမှ စုန်းမများ၏ ခေါင်းဆောင်
ဖြစ်နေသောကြောင့် မဟုတ်ပဲ ဝင်ဘယ်ဒန်
မိသားစုဝင် တစ်ယောက်
ဖြစ်နေခြင်းကြောင့်ပင်တည်း။

သူမသည် တော်ဝင် မိသားစု၏ အဖွဲ့ဝင်
တစ်ယောက် ဖြစ်နေပြီး လက်ရှိ အုပ်စိုးနေသော
ဘုရင်၏ ညီမလည်း ဖြစ်နေသဖြင့် မြို့တော်ခန်းမ
ဝန်ကြီးချုပ် အနေဖြင့် သူမ၏ စကားများကို
တိုက်ရိုက် ငြင်းဆန်ခြင်း မပြုမီ နှစ်ခါပြန်၍
စဉ်းစားရန် လိုအပ်နေပေသည်။

သူသည် ဘေးတွင် ငြိမ်သက်စွာ ထိုင်နေသည့်
သက်လတ်ပိုင်း မုဆိုးတစ်ယောက် ဖြစ်သော ပထမ

+

စစ်တပ်၏ မြို့စောင့်တပ် ခေါင်းဆောင်ကို သူ့ဘက်သို့ ဆွဲဆောင်ရန် မျှော်လင့်ချက်များဖြင့် လှမ်းကြည့်လိုက်သော်လည်း ထိုသူသည် အငြင်းပွားမှုများက သူနှင့် ဘာမှ မဆိုင်သည့် အလား နှုတ်ဆိတ်စွာဖြင့် ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေခဲ့သည်။

အခြေအနေက တင်းမာလာသည်ကို ခံစားခဲ့ရသဖြင့် ဝင်ဒီက အသက်ပြင်းပြင်းရှူကာ မတ်တတ် ထရပ်လိုက်သည်။ "ကျွန်မက မြောက်ပိုင်းဒေသကို သတင်းပို့ခဲ့ပြီး ဖြစ်တဲ့အတွက် အရှင်မင်းမြတ်ဟာ ဆောင်းမဲ့မြို့တော်ရဲ့ လက်ရှိ အခြေအနေကို မကြာခင် သတင်းရရှိခဲ့မှာ ဖြစ်ပြီး ညွှန်ကြားချက်တွေကို ပေးပို့လာမှာ ဖြစ်တယ်"

+

"လေဝ်ဂျာကလည်း အချိန်မရွေး
သတိပြန်ရလာနိုင်တာကြောင့် ဝန်ကြီးချုပ် အနေနဲ့
သိပ်ပြီးမှ စိုးရိမ် ပူပန်ခြင်း မရှိနေဖို့ ကျွန်မက
မျှော်လင့်ပါတယ်… ဘာဖြစ်နေသလဲ ဆိုတာကို
ကျွန်မတို့က အသေအချာ သိပြီးတာနဲ့
မာရှယ်လောကို ပြန်လည် ရုပ်သိမ်းလို့ ရပါတယ်…
ဒါပေမဲ့ ဒီအချိန် အတိုင်ခင်မှာ အားလုံးတို့က
သတိပိုထားနေသင့်ပါတယ်"

သူမက ခေတ္တမျှ ရပ်နားပြီးမှ ပြောလိုက်သည်။
"အရှင်မင်းမြတ် ဒီမတိုင်ခင် ချမှတ်ခဲ့တဲ့ တာဝန်တွေ
အတွက် ကျွန်မတို့က တခြား နည်းလမ်းတွေနဲ့
ဖြည့်ဆည်းပေးနိုင်ပါတယ်"

+

ဘားရော့က မျက်မှောင်ကြုတ်လိုက်ကာ မေးလိုက်သည်။ "ဥပမာအားဖြင့်..."

"ကျွန်မတို့ဟာ ဂျုံတွေကို သယ်ယူပို့ဆောင်ဖို့ ဝါးမျိုးပိုးကောင်ကို အသုံးပြုနိုင်တယ်... ဆောင်းမဲ့မြို့တော်က လုပ်သားတွေ လုပ်ရမှာက မြူခိုးငွေ့ တောအုပ်က ဂျုံတွေကို တတိယ နယ်စပ်မြို့ကို ပို့ပေးဖို့ပါပဲ" ဝင်ဒီက အလင်းတန်း ကန့်လန့်ကာ အတွင်းမှ တက်ကီလာ အသက်ရှင် ကျန်ရစ်သူများကို လှမ်းကြည့်၍ ပြောလိုက်သည်။

+

"ဒီလိုဆိုရင် လုပ်သားတွေက မြို့ပြင်ကို ထွက်စရာ မလိုတော့ပဲနဲ့ ဂျုံတွေကို သင်္ဘောတွေ အပေါ်ကို တင်ပို့နိုင်စွမ်း ရှိနိုင်သေးတယ်"

"ဘာ" အယ်လီသီယာက မကျေမနပ်ဖြင့် ပြောလိုက်သည်။ "ငါတို့က စစ်သည်တွေ ဖြစ်ပြီး အထမ်းသမားတွေ မဟုတ်ဘူး"

"ဒါပေမဲ့ မဟာမိတ်တွေ အနေနဲ့ ဒါဟာ ငါတို့ ပြုလုပ်ပေးနိုင်တဲ့ တစ်စုံတစ်ခု ဖြစ်နေတယ်" အယ်လီသီယာတွင် ပါးစပ်လုံး၀ ရှိနေပုံ မပေါ်သော်လည်း ပါရှာသည် သူမ၏ လက်တံရှည်များကို ဆန့်တန်း၍ အယ်လီသီယာ၏ ခန္ဓာကိုယ် အနားတွင် ပတ်ထားလိုက်သည်။

+

ဝင်ဒီက ကျေးဇူးတင်စွာဖြင့် ခေါင်းညိတ်ကာ ပြောလိုက်သည်။ "အိမ်မွေး တိရစ္ဆာန်တွေကိုလည်း ဒီအတိုင်း ပို့ဆောင်ပေးနိုင်တယ်… ဟန်နီက တိရစ္ဆာန်တွေ အပေါ်မှာ အများကြီး ထိန်းချုပ်နိုင်တော့ သူတို့ဟာ ဖရန်ကြောင့် ကြောက်ရွံ့သွားမှာကို သိပ်ပြီးမှ စိုးရိမ်နေစရာ မလိုဘူး"

"အနောက်ပိုင်း ဒေသမှာ မြက်ခင်းလွင်ပြင်တွေ အများကြီး ရှိနေတာမို့ မြစ်နီမြစ် ကမ်းခြေ တစ်လျှောက်က လွင်ပြင်တွေကို ယာယီစားကျက် အနေနဲ့ အသုံးပြုနိုင်တယ်"

+

ဘားရော့၏ အမူအရာသည် ကျေနပ်သွားသည့်ပုံ မပေါက်သေးသော်လည်း သူ၏ မျက်မှောင်များက အတော်လေး ပြေလျော့သွားခဲ့သည်။

"ဒီလုပ်ဆောင်ချက်တွေက မာရှယ်လော ထုတ်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ဆုံးရှုံးမှုတွေကို အပြည့်အဝ မကာမိနိုင်ဘူး ဆိုတာကို ကျွန်မက သိနေပေမဲ့ အခုလက်ရှိ အချိန်မှာ ဆောင်းမဲ့မြို့တော်ရဲ့ လုံခြုံမှုဟာ ကျွန်မတို့ရဲ့ ဦးစားပေး အရာတစ်ခု ဖြစ်နေတယ်"

အကယ်၍ အရှင်မင်းမြတ်အား စိတ်ပျက်လိုနေခြင်း မရှိပဲ စုန်းမ သမဂ္ဂ၏ ခေါင်းဆောင် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုနေပါက နူးညံ့

+

သိမ်မွေ့စွာ နေနေရုံဖြင့် မရမှန်းကို ဝင်ဒီက
ကောင်းစွာ သိထားသဖြင့် လူအများ
အားကိုးနိုင်သည့် လူတစ်ယောက် ဖြစ်လာအောင်
ရှေ့တက်၍ ခေါင်းခံရပေလိမ့်မည်။

"တကယ်လို့ ဒီဆုံးဖြတ်ချက်ကြောင့် ဆုံးရှုံးမှု
တစ်စုံတစ်ရာ ဖြစ်လာခဲ့ရင် ကျွန်မက
တာဝန်အပြည့် ယူဖို့ ဆန္ဒရှိနေပါတယ်"

## စာစဥ် ၆၁ : အပိုင်း ၆

## အပိုင်း ၉၀၆ : ပဟေဠိကို အဖြေရှာခြင်း (၁)

+

နောက်တစ်ပတ် အတွင်း၌ ရဲတိုက်အတွင်းမှ ပတ်ဝန်းကျင်သည် မယုံနိုင်အောင် တင်းမာနေသည်။ နာရီနှင့် ချီ၍ကြာသော အစည်းအဝေးများကို နေ့စဉ်နေ့တိုင်း ပြုလုပ်ခဲ့ကြပြီး ထိုအတွင်း၌ ဌာန အသီးသီးမှ ဝန်ကြီးများက လာရောက် တင်ပြခဲ့ကြကာ လက်ရှိ အခြေအနေကို ဆွေးနွေးခဲ့ကြသည်။

"ဒီလိုဆိုတော့ ခင်ဗျားတို့က မိစ္ဆာတွေရဲ့ သဲလွန်စကို အခုအထိ ရှာမရသေးဘူးပေါ့" ဘားရော့က လက်ဖက်ရည်ကို တစ်စိမ့်စိမ့် သောက်နေရင်း စားပွဲပတ်ပတ်လည်မှ လူများကို လှမ်းကြည့်လိုက်သည်။

+

လွန်ခဲ့သော ရက်အနည်းငယ်ကနှင့် စာလျှင် သူသည် များစွာပို၍ သက်တောင့်သက်သာ ရှိနေသည့်ပုံ ပေါက်နေပြီး ဝင်ဒီ၏ သူမ၏ လုပ်ဆောင်ချက်များ အတွက် တာဝန်အပြည့်ယူသည် ဟူသော ကတိသည် သူ၏ စိတ်အတွင်းမှ ဝန်ထုပ်ဝန်ပိုးများကို ဖယ်ရှားပေးနိုင်ခဲ့သည်နှင့် တူနေသည်။

ထိုအရာနှင့် ရွှေရောင် အမှတ်နှစ် မျိုးစေ့များအား ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မှုသည် သူ၏ ဖိအားများကို အနည်းငယ် လျှော့ချပေးနိုင်ခဲ့သည်။

"ပထမ စစ်တပ်ရဲ့ ကင်းမျှော်စင်တွေကို မြက်ခင်းလွင်ပြင်ရဲ့ အစွန်အဖျား အထိ

+

ချဲ့ထွင်ခဲ့ပေမဲ့ သူတို့က ဘာမှ မတွေ့ရသေးဘူး" မြို့စောင့်တပ် ခေါင်းဆောင်က အတိအကျ တင်ပြလိုက်သည်။ "နောက်ထပ် မြောက်ပိုင်းကျတဲ့ နေရာမှာ ထူထဲတဲ့ တောအုပ်တွေသာ ရှိနေလို့ လုံလောက်တဲ့ အထောက်အပံ့တွေ မရှိပဲ ကင်းမျှော်စင်တွေကို နောက်ထပ် ချဲ့ထွင်ဖို့ ခက်ခဲလိမ့်မယ်"

"မင်းတို့ လုပ်နိုင်တာ ဒါအကုန်ပဲ... သာမန်လူတွေ... မဟုတ်ရင် မင်းတို့က မိစ္ဆာတွေကို မမြင်နိုင်ခင်မှာ တောအုပ် အတွင်းက ပိုးမွှားတွေ ကိုက်တာနဲ့ အကုန် သေကုန်လိမ့်မယ်" အယ်လီသီယာသည် ဆောင်းမဲ့မြို့တော်မှ လူများအား အခွင့်အရေး ရတိုင်း သရော်လှောင်ပြောင်ရန် စိတ်အား ထက်သန်နေဟန် တူနေသည်။

+

"ဒါကို ငါတို့တာဝန် ထားလိုက်ပါ... နတ်ဘုရား စီရင်ခြင်း စုန်းမ ဆယ်ယောက်ပါတဲ့ အဖွဲ့တစ်ဖွဲ့ဟာ ဖွံ့ဖြိုးသော နယ်မြေ အတွင်းဘက် ဆယ့်ငါး ကီလိုမီတာ အထိ ဝင်သွားပြီ ဖြစ်ပြီး ပုလဲရေအိုင် အနားမှာ ကင်းမျှော်စင်ငယ် တစ်ခု တည်ဆောက်ထားခဲ့တယ်"

"ပုလဲရေအိုင်... ဟုတ်လား" ဝင်ဒီက မေးလိုက်သည်။

"အဲ့ဒီနေရာကို ဝံပုလွေ ကောင်မလေးရဲ့ မြေပုံအတွင်းမှာ ငှက်သိုက်တွေ အများကြီးနဲ့ အမှတ်အသား ပြုလုပ်ထားတယ်... အဲ့ဒီနေရာဟာ

+

တစ်ချိန်က ရေအိုင်တွေ၊ ရေချောင်းတွေ အများကြီး ရှိခဲ့ဖူးပေမဲ့ အခုအချိန်မှာတော့ သူတို့အများစုဟာ စိမ့်မြေတွေ အဖြစ် ပြောင်းသွားခဲ့ပြီ"

"အဲ့ဒီနေရာမှာ အန္တရာယ်တွေ မရှိလောက်ပါဘူးနော်... ဟုတ်တယ်မလား"

"စိတ်ချပါ... မိစ္ဆာတွေကို တိုက်ခိုက်တာနဲ့ ပတ်သတ်လာရင် ငါတို့က နင်တို့ထက် အများကြီး အတွေ့အကြုံ ပိုရှိပါတယ်... နတ်ဘုရား စီရင်ခြင်း စုန်းမ တစ်ယောက်ဟာ တစ်ချိန်မှာ ရှုးသွပ်မိစ္ဆာ သုံးလေးကောင်ကို အသာ တိုက်ခိုက်နိုင်တယ်... စုန်းမငါးယောက်ကို တစ်ဖွဲ့ ဖွဲ့ထားရင် သူတို့က

+

မိစ္ဆာ ကင်းထောက်အဖွဲ့ငယ် တစ်ခုကို အသာလေး အပြတ်ရှင်းပစ်နိုင်တယ်"

အယ်လီသီယာက ယုံကြည်မှု အပြည့်ဖြင့် ပြောလိုက်သည်။ "ဒါပေမဲ့ တကယ်လို့ ဝံပုလွေ ကောင်မလေးဟာ ကင်းလှည့်အဖွဲ့ တစ်ခုနဲ့ တိုးခဲ့တယ် ဆိုရင်တော့ ရန်သူတွေရဲ့ အဓိက တပ်ဖွဲ့ဟာ ငါတို့အနားကို ရောက်နေလောက်ပြီလို့ ငါထင်နေတယ်"

"သူတို့က တစ်ယောက်တည်း လှုပ်ရှားဖို့ မတတ်နိုင်လို့လား" ဘားရော့က သိလိုစိတ်ကို မအောင့်နိုင်ပဲ မေးလိုက်သည်။

+

"အနီရောင် မြူခိုးငွေ့တွေ အပေါ်မှာ မှီခိုနေရမှုကြောင့် မိစ္ဆာတွေဟာ သူတို့ရဲ့ ထောက်ပံ့ရေး လမ်းကြောင်းနဲ့ သိပ်ဝေးဝေးနေလို့ မရဘူး" ပါရှာက ရှင်းပြလိုက်သည်။
"ဘာပဲပြောပြော လေကိုသာ ရှူဖို့လိုနေတဲ့ လူသားတွေလိုမျိုး မိစ္ဆာတွေက လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ မရနေဘူး"

"အင်း… ဒီလိုဆိုတော့… ရန်သူတွေက ဆောင်းမဲ့မြို့တော်နဲ့ အတော်လေး ဝေးကွာတဲ့ နေရာမှာ ရှိနေသေးတာမို့ သတိပးချက်ကို အခု ရုပ်သိမ်းလို့ မရဘူးလား"

+

"ငါတို့က ဆောင်းမဲ့မြို့တော် ပတ်ပတ်လည်မှာ ကင်းမျှော်စင် ကွန်ရက်တစ်ခု တည်ဆောက်ထားနိုင်ခြင်း မရှိသေးပဲနဲ့ ရန်သူတွေက မြို့အတွင်းကို တိတ်တဆိတ် ဝင်လာနိုင်တဲ့ ဖြစ်နိုင်ခြေကို အပြည့်အဝ ဖယ်ရှားလို့ မရနိုင်သေးဘူး"

"ဒီလိုဆိုရင်တောင် ကင်းမျှော်စင်တွေက ငါတို့အတွက် အလုပ် သိပ်ဖြစ်နိုင်မှာ မဟုတ်သေးဘူး" နောက်ထပ် အကြီးတန်း စုန်းမ တစ်ယောက်က ဆက်ပြောလိုက်သည်။
"လုံလောက်တဲ့ နားထောင်ခြင်း မှော်အင်းကွက်တွေ မရှိနေပဲ ကင်းမျှော်စင်တွေက နတ်ဆိုး သားရဲတွေကို မြင်တွေ့ခဲ့ရင်တောင် အချိန်မီ သတိပေးနိုင်မှာ မဟုတ်ဘူး"

+

မြေရိုင်းဒေသ၏ ကြမ်းတမ်းသော သဘာဝ ပတ်ဝန်းကျင်သည် သတင်းများကို အချိန်မီ ပေးပို့နိုင်မှုအား တားဆီးထားသည့် မမြင်ရသည့် အရံအတား တစ်ခုသဖွယ် ဖြစ်နေသည်။ နေရာ တစ်ခုလုံးမှ ဆောင်းမဲ့မြို့တော် အနောက်မြောက်သို့ မြူခိုးငွေ့ တစ်လွှာဖြင့် လွှမ်းခြုံထားသကဲ့သို့ ဖြစ်နေပြီး သူတို့ တတ်နိုင်သည်မှာ တောရိုင်းအတွင်း၌ သေးငယ်သော သဲလွန်စများကို ရှာဖွေရန်သာ ဖြစ်သည်။

ထိုအချက်ကို သဘောပေါက်သွားသော အခါ ဝင်ဒီသည် မအောင့်နိုင်ပဲ ရင်အတွင်းမှ နေ၍ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

+

လော်ဂျာ၏ သတင်းသည် အမှန်ပင် အချိန်ဆိုးကို ရွေး၍ ရောက်ရှိလာခဲ့လေသည်။

အကယ်၍ အရှင်မင်းမြတ်သည် စစ်ဆင်ရေး ခရီး ထွက်မသွားခဲ့ပါက ရှယ်ဗီ၊ လျှပ်စီး၊ မက်ဂီနှင့် နိုက်တင်ဂေးတို့ဖြင့် ဖြတ်သန်း၍ မရနိုင်သော တောင်တန်း မြောက်ပိုင်း တစ်ခုလုံး၏ လက်ရှိ အခြေအနေအား ကင်းထောက်ရန် တစ်ရက်၊ နှစ်ရက်သာ လိုပေလိမ့်မည်။

သူမ၏ ကိုယ်ပိုင်စွမ်းရည်သည် ဤကဲ့သို့သော အခြေအနေမျိုးတွင် အထူး ကူညီနိုင်မှု မရှိနေပေ။

+

ရုတ်တရက်ပင် တီလီက ဝင်မေးလိုက်သည်။
"ဝန်ကြီးချုပ်ရှင့်… ကျွန်မက စပ်စုတဲ့ပုံစံ
ပေါက်နေပေမဲ့ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ
မြို့အတွင်းက လူတွေက ဒီအခြေအနေကို ဘယ်လို
တုံ့ပြန်ခဲ့ကြသလဲ ဆိုတာကို ပြောပြနိုင်မလား…
သူတို့က ထိတ်လန့် တုန်လှုပ်ပြီး
ကြောက်ရွံ့နေကြသလား"

"အရှင် မင်းသမီးကို ရှင်းပြခွင့် ရတဲ့အတွက်
ဝမ်းမြောက်မိပါတယ်" ဘားရော့သည် သူ၏
လက်ဖက်ရည်ခွက်အား အလျင်အမြန် ချလိုက်ကာ
လက်တစ်ဖက်ကို ရင်ဘတ်ပေါ်တွင် တင်လိုက်ပြီးမှ
မင်းသမီး တီလီအား ဦးညွှတ်လိုက်သည်။

+

"မြို့တွင်းက အရာအားလုံးဟာ မြို့တော်ခန်းမရဲ့ ထိန်းချုပ်မှု အောက်မှာ ရှိနေပြီး လတ်တလောမှာ ကျွန်တော်တို့ စာရေးတွေဟာ စုံစမ်း မေးမြန်းမှု များစွာတို့ကို ရရှိခဲ့ပေမဲ့ လူအများစုဟာ ရန်သူက ဘယ်နေရာမှာ ရှိနေသလဲ ဆိုတာနဲ့ ပထမ စစ်တပ်က အကူအညီ လိုသလား ဆိုတာကိုသာ မေးမြန်းခဲ့ကြပါတယ်"

"ဒီလိုဆိုတော့ ဒီသတင်းဟာ ကျွန်တော်တို့ ပြည်သူတွေကို တုန်လှုပ်စေမယ့် အစား စိတ်ဓာတ်တွေကိုတောင် ပိုမို မြှင့်တင်ပေးနိုင်ခဲ့ပြီး ညဆိုင်းတွေရဲ့ ထုတ်လုပ်မှုနှုန်းကတောင် သိသိသာသာ တိုးတက်လာခဲ့ပါတယ်... ကျေးဇူးပြုပြီးမှ စိတ်ချပါ... မိစ္ဆာတွေ လာရောက်ခဲ့မှု

+

အတွက် ဘယ်သူကမှ အိပ်ပျော်နေသောကျွန်းက
စုန်းမတွေ အပေါ်မှာ အပြစ်မတင်ခဲ့ကြပါဘူး"

"အင်း... ဒီလိုဆိုရင်လည်း ကောင်းတာပေါ့"

"ဟုတ်ကဲ့ပါ... ဒါပေမဲ့ ကျွန်တော်တို့က
ငှက်ဆွတ်မှိုနဲ့ ထင်းရှူးသီးတွေရဲ့ ဈေးနှုန်း
မြင့်တက်လာတာကြောင့် တိုင်ကြားမှု အချို့ကို
ရရှိခဲ့တယ်" မြို့တော်ခန်းမ ဝန်ကြီးချုပ်က ဝင်ဒီအား
မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်သည်။
"တကယ်လို့ ကျွန်တော်တို့က သတိပေးချက်ကို
အချိန်မီ ရုပ်သိမ်းနိုင်ခြင်း မရှိရင် ကြက်ဥ
ဈေးနှုန်းတွေကလည်း မိုးပေါ်ကို
ထောင်တက်သွားတော့မယ်"

+

"ဒီကိစ္စတွေကို အခု ဘေးဖယ်ထားလိုက်ကြပါစို့… မိစ္ဆာတွေက ငါတို့ အရင်ကြုံဖူးတဲ့ ရန်သူတွေနဲ့ လုံးဝကို ကွဲပြား ခြားနားနေတဲ့ အတွက် သူတို့ရဲ့ အကြောင်းကို လူအများသိအောင် တတ်နိုင်သလောက် အမြန်ဆုံး လုပ်သင့်တယ်လို့ ငါထင်နေတယ်" တီလီက စိုးရိမ်တကြီးဖြင့် ပြောလိုက်သည်။

"တကယ်လို့ တစ်စုံတစ်ယောက်က ဒီအခွင့်အရေးကို အသုံးချပြီးမှ ပြဿနာ ရှာပြီး စုန်းမတွေဟာ နတ်ဆိုးရဲ့ တမန်တော်တွေလို့ ထပ်ဖန်တစ်ခါ အပုပ်ချခဲ့ရင် သာမန်လူတွေနဲ့

+

စုန်းမတွေ အကြားက ယုံကြည်မှုက
ပျက်စီးသွားနိုင်တယ်"

"ဒါက..." ဘားရော့က အနည်းငယ် ချီတုံချတုံ
ဖြစ်သွားသည်။ "ဒီကိစ္စနဲ့ ပတ်သတ်ပြီး ကျွန်တော်က
အရှင်မင်းမြတ်နဲ့ တိုင်ပင်ဖို့ လိုအပ်နေတယ်"

"ဒီလိုဆိုတော့ ဒီကိစ္စကို ဒီကနေ့ တင်ပြချက်
အတွင်းမှာ ထည့်ရေးလိုက်ပါ" တီလီက ဝင်ဒီအား
လှမ်းကြည့်လိုက်သည်။

"နားလည်ပါပြီ" ဝင်ဒီက ခေါင်းညိတ်လိုက်သည်။
သူမသည် ယနေ့ တင်ပြချက်များကို အနှစ်ချုပ်ရန်
ဟန်ပြင်လိုက်ချိန်၌ပင် လျင်မြန်စွာ

+

လျှောက်လာသော ခြေသံများက အစည်းအဝေး ခန်းမ အတွင်းမှ တိတ်ဆိတ်နေမှုကို ချိုးဖောက်ပစ်ခဲ့သည်။ ပြီးတာနှင့် သူတို့သည် ဘဲလ်၏အသံကို လူမမြင်ရသေးခင် အရင် ကြားလိုက်ရသည်။ "လေ.. လေဒီဝင်ဒီ... ဝံပုလွေ ကောင်မလေးက နိုးလာခဲ့ပါပြီ"

"ဘာ" အားလုံးတို့က အံ့အားတကြီးဖြင့် မတ်တတ် ထရပ်လိုက်ကြကာ ဝင်ဒီက သူမအား တွေ့ရန် မစောင့်နိုင်တော့သကဲ့သို့ ပြောလိုက်သည်။ "ငါအခုချက်ချင်းပဲ လာခဲ့မယ်"

"အဟမ်း... ကျုပ်ကလည်း လိုက်ကြည့်လိုက်မယ်" ဘားရော့က အနောက်မှ လိုက်သွားရန်

+

ဟန်ပြင်လိုက်သော်လည်း အက်ရှ်၏ ဟန့်တားမှုကို ခံခဲ့ရသည်။

"ရှင်ပြောနေတာက မိန်းကလေး တစ်ယောက်ရဲ့ အိပ်ခန်းဖြစ်တယ်... ရှင်က ဒီကနေပဲ ကျွန်မတို့ရဲ့ သတင်းတွေကို စောင့်နေတာ ပိုကောင်းလိမ့်မယ်လို့ ကျွန်မထင်တယ်"

ဝင်ဒီက အခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် လော်ဂျာသည် အိပ်ရာအတွင်းမှ ထထိုင်နိုင်ရန် ရုန်းကန်နေသည်ကို တွေ့လိုက်ရသည်။ သူမ၏ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ထွက်လာ၍ မျက်နှာကလည်း ဖြူဖျော့နေခဲ့သည်။ သူမ၏ ကျိုးပဲ့နေသော နားရွက်က အောက်သို့ ကုပ်နေခဲ့ပြီး

+

သူမ၏ ဆံပင်များသည် ခြောက်သွေ့၍
အရောင်ဖျော့နေပုံ ပေါက်နေသည်။

"ကျွန်မက အသက်ရှင်နေသေးတာကို...
မယုံနိုင်ခဲ့ဘူး" သူမသည် အသက်ပြင်းစွာ
ရှူလိုက်ပြီးမှ အခန်းအတွင်းသို့ ပြေးဝင်လာကြသော
လူအုပ်ကြီးကို ကြည့်နေခဲ့သည်။ "ကျွန်မ
သတိလစ်နေတာ အချိန်ဘယ်လောက်
ကြာသွားပြီလဲ"

"ငါတို့က နင့်ကို တွေ့ခဲ့တဲ့ အချိန်ကစပြီး ဆယ်ရက်
ကုန်ဆုံးသွားပြီ" ဝင်ဒီက သူမအား ညင်သာစွာဖြင့်
အိပ်ရာပေါ်၌ ပြန်လည် လဲလျောင်းစေခဲ့သည်။

+

"မလှုပ်နဲ့... နင့်ရဲ့ ခြေလက်တွေ၊ အရိုးတွေနဲ့ အတွင်း ကလီစာတွေက ဒဏ်ရာ အပြင်းအထန် ရရှိထားပြီး ဆယ်ရက်နဲ့ ပြန်ကောင်းဖို့ မလုံလောက်ဘူး... နင်က နေဝင်ဆည်းဆာရဲ့ ပေါင်းစပ်မှု မျိုးစေ့ကြောင့်သာ ဒီကနေ့ထိ အသက်ရှင်နိုင်ခဲ့တာ... ဒါပေမဲ့ နာနာ ပြန်လာတဲ့ အချိန်အထိ အိပ်ရာ အတွင်းမှာပဲ အနားယူနေမှ ရလိမ့်မယ်"

ပေါင်းစပ်မှု မျိုးစေ့၏ အသုံးဝင်မှုကို သိခဲ့ရအပြီးတွင် လော်ဂျာသည် သူမ၏ ခေါင်းကို အသာညိတ်၍ အနီးမှ အိပ်ရာပေါ်တွင် လဲနေသော နေဝင်ဆည်းဆာအား နှုတ်ဆက်လိုက်သည်။
"ကျေးဇူးတင်ပါတယ်"

+

"ကိစ္စ မရှိပါဘူး" နေဝင်ဆည်းဆာက ဘာမှ မဖြစ်ဟန်ဖြင့် သူမ၏ ပခုံးများကို တွန့်လိုက်သည်။ "ပြီးတော့ အိပ်ရာပေါ်မှာပဲ လဲနေပြီး နေ့တိုင်း ခေးရော့ ဖျော်ရည်တွေကို သောက်ရတာ သိပ်မဆိုးဘူးလို့ ငါထင်နေတယ်"

"မြေရိုင်းဒေသရဲ့ အတွင်းပိုင်းမှာ နင်က ဘာတွေကိုများ တွေ့ခဲ့တာလဲ" အက်ရှ်က လေးနက်သော အသံတစ်ခုဖြင့် မေးလိုက်သည်။ "နင်အိပ်ပျော်နေစဥ် အတွင်းမှာ မိစ္ဆာတွေ အကြောင်းကို အကြိမ်ပေါင်းများစွာ ရေရွတ်နေခဲ့တယ်"

+

"ဟုတ်တယ်... ငါက မိစ္ဆာတွေနဲ့ တွေ့ခဲ့တယ်... အများကြီးပဲ" လော်ဂျာက သူမ၏ မျက်လုံးများကို မှိတ်၍ ဖြစ်ပျက်ခဲ့သည့် အရာများကို ပြန်လည် စဉ်းစားလိုက်သည်။ "အစ ပထမမှာ ငါက သွေးနှော မိစ္ဆာသားရဲ တစ်ကောင်အနောက်ကို လိုက်နေရင်း မိစ္ဆာနှစ်ကောင်နဲ့ တွေ့ခဲ့တယ်... သူတို့က ကင်းထောက်တွေ ဖြစ်နိုင်သလို မိစ္ဆာသားရဲ အချို့ကို အမဲလိုက်နေတာလည်း ဖြစ်နိုင်တယ်"

သူမက အသက်ပြင်းပြင်း တစ်ချက်ရှူ၍ ဆက်ပြောလိုက်သည်။ "ငါက သူတို့နှစ်ကောင်ကို သတ်နိုင်ခဲ့ပေမဲ့ ဒီမိစ္ဆာနှစ်ကောင်ဟာ ငါနောက်ပိုင်းမှာ တွေ့ခဲ့တဲ့ မိစ္ဆာစစ်တပ်နဲ့ စာရင် သမုဒ္ဒရာ အတွင်းက ရေနှစ်စက်နဲ့သာ တူနေမယ်လို့ လုံးဝ ထင်မထားမိဘူး... မရေမတွက်နိုင်တဲ့

+

မိစ္ဆာတွေက တက်ကီလာ မြို့ပျက် အတွင်းကို စုပြုံ ရောက်ရှိလာကြပြီး သူတို့အတွင်းမှာ ရောမ မကောင်းဆိုးဝါး များစွာတို့လည်း ပါလာခဲ့တယ်"

ဝံပုလွေ ကောင်မလေး၏ ဖော်ပြချက်ကို ကြားခဲ့ရအပြီးတွင် အိပ်ခန်းအတွင်းမှ လူအားလုံးတို့က တိတ်ဆိတ် ငြိမ်သက်သွားခဲ့ကြလေသည်။

## စာစဥ် ၆၁ : အပိုင်း ၇

## အပိုင်း ၉၀၇ : ပဟေဠိကို အဖြေရှာခြင်း (၂)

+

ရိုလန်နှင့် လျှပ်စီးတို့သည် တစ်ချိန်က လော်ဂျာအား အကာယ်၍ သူမ၏ ပြိုင်ဘက်သည် တစ်ယောက်တည်း ရင်ဆိုင်ရန် အမတန်မှ သန်မာနေလွန်းခဲ့ပါက အနောက်သို့ ဆုတ်ခွာ၍ ဆောင်းမဲ့မြို့တော်ထံသို့ တတ်နိုင်သမျှ အမြန်ဆုံး သတင်းပြန်ပို့ရန် တိုက်တွန်းထားခဲ့ပြီး လော်ဂျာကလည်း ထိုအရာကို သူမ၏ စိတ်အတွင်းတွင် အသေအချာ မှတ်သားထားခဲ့သည်။

သို့ဖြစ်၍ မိစ္ဆာစစ်တပ်အား တွေ့ရှိခဲ့ အပြီးတွင် သူမသည် ဆောင်းမဲ့မြို့တော်သို့ ချက်ချင်း ပြန်ရန် ဆုံးဖြတ်ခဲ့လေသည်။

+

ဘာပဲပြောပြော သူမသည် ပြီးခဲ့သော တိုက်ပွဲများ အတွင်း၌ သူမကိုယ် သူမ သက်သေပြနိုင်ခဲ့ပြီး ဖြစ်ကာ ဤမိစ္ဆာများက ဆောင်းမဲ့မြို့တော်သို့ ဝင်ရောက် ကျူးကျော်ခဲ့သော အခါ သူတို့နှင့် တိုက်ခိုက်ရန် အခွင့်အရေး များစွာ ရှိနေမှန်း သိနေခဲ့သည်။

ထိုကဲ့သို့သော ဆုံးဖြတ်ချက်ကို ချခဲ့ပြီးသော်လည်း လော်ဂျာ အနေဖြင့် ဤပတ်ဝန်းကျင်မှ ချက်ချင်း မထွက်ခွာသေးပဲ မိစ္ဆာများ၏ လှုပ်ရှားမှုကို အမြင့်ပိုင်း တစ်နေရာမှ စောင့်ကြည့်နေရန် ဆုံးဖြတ်ခဲ့သည်။ သူမသည် မိစ္ဆာစစ်တပ်အား တွေ့ပြီးသည်နှင့် ထွက်ပြေးလာခဲ့သည်ဟု မြို့တွင်းမှ လူအားလုံးကို ပြောကြားခြင်းဖြင့် သူမကိုယ် သူမ အရှက်မခွဲလိုနေပေ။

+

အကယ်၍ သူမသည် မိတ္တာများနှင့် ပတ်သတ်သော
သတင်း အချက်အလက်များကို ပိုမို
ယူပြန်လာနိုင်သည်နှင့် မဟာ အကြီးအကဲသည်
သူမအား ကျေးဇူးအကြွေး များစွာ
တင်သွားလိမ့်မည်ဟု သူမက ယူဆနေခဲ့သည်။

ဤတစ်ချိန်လုံးတွင် သူမသည် မဟာ အကြီးအကဲ၏
တောင်းပန်မှုထက် အသိအမှတ် ပြုမှုကို ပို၍
လိုချင်နေသဖြင့် သူမကိုယ် သူမ သက်သေပြနိုင်ရန်
ကြိုးစားနေခဲ့ခြင်း ဖြစ်သည်။ ထိုနေ့မှ သူ၏
စကားများသည် အမှန်တကယ် ဂရုစိုက်နေ၍
ဖြစ်စေ၊ သရော် လှောင်ပြောင်နေမှု သက်သက်
ဖြစ်စေ၊ ဝံပုလွေ ကောင်မလေး အတွက်

+

ထိုအရာသည် သူမ၏ ဂုဏ်သိက္ခာနှင့်
ပတ်သတ်နေသည်။

အမျက်မီးတောက် မျိုးနွယ်စု တစ်ခုလုံး အတွက်
ဤအရာသည် မဟာ အကြီးအကဲ၏ ရင်အတွင်း၌
သူတို့၏ အဆင့်အတန်းကို များစွာ
တိုးတက်စေနိုင်ပေလိမ့်မည်။

ထို့ကြောင့်ပင် သူမသည် အန္တရာယ်များသော
ဤနေရာတွင် ဆက်နေရန် ဆုံးဖြတ်ခဲ့ခြင်းပင်
ဖြစ်သည်။

သို့သော်လည်း သူမသည် သူမ စိတ်အတွင်းမှ
အရာများကို အခြား စုန်းမများအား ဘယ်တော့မှ

+

ပြောပြမည့် မဟုတ်ပဲ သိချင်လိုစိတ်
ပြင်းပြနေသဖြင့်သာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု
ပြောပြမည်သာ ဖြစ်လေသည်။

သူမသည် သူမ၏ အတွေ့အကြုံများအား
စုန်းမများကို ပြန်လည်၍ ဖော်ပြခဲ့သည်။
"ကျွန်မဟာ တက်ကီလာ မြို့ပျက် အနားမှာ
ရေညှိတွေ နွယ်ပင်တွေနဲ့ ဖုံးလွှမ်းနေတဲ့ အစွန့်ပစ်ခံ
ကျောက်တုံးမျှော်စင် တစ်ခုကို လျင်မြန်စွာ
ရှာတွေ့ခဲ့တယ်… မျှော်စင်တစ်ဝက်က ပြိုကျ
ပျက်စီးသွားပြီ ဖြစ်ပေမဲ့ အဲ့ဒီ နေရာက
အပေါ်စီးကနေ ကြည့်ရှုဖို့ အတွက် အကောင်းဆုံး
နေရာတစ်ခု ဖြစ်နေသေးတယ်"

+

"ကျွန်မက ထိပ်ဖျားကို ရောက်သွားတဲ့ အချိန်မှာ မျှော်စင်နံရံ အတွင်းမှာ နွယ်ပင်တွေနဲ့ ဖုံးနေတဲ့ အပေါက်တစ်ခုကို တွေ့လိုက်ရတယ်… နတ်ဆိုးသားရဲ များစွာတို့က အဲ့ဒီနေရာ အနားကနေ ပျံသန်း သွားလာခဲ့ပေမဲ့ ကျွန်မကို မတွေ့ခဲ့တော့ အဲ့ဒီနေရာက ကျွန်မအတွက် အကောင်းဆုံး ပုန်းခိုရာ နေရာတစ်ခု ဖြစ်ခဲ့တယ်"

"အဲ့ဒီ အချိန်မှသာ ကျွန်မက ရောမ သားရဲတွေရဲ့ ပုံစံကို အသေအချာ ကြည့်ရှုနိုင်ခဲ့တယ်"

"ဒီကောင်တွေက အမှန်ဆိုရင် သက်ရှိ သတ္တဝါတွေ မဟုတ်နေဘူး"

+

"သူတို့က… သက်ရှိတွေ မဟုတ်ကြဘူး… ဟုတ်လား" လွန်စွာ အံ့အားသင့်သွားသဖြင့် ဝင်ဒီက မအောင့်နိုင်ပဲ ဖြတ်မေးလိုက်သည်။

"ကျွန်မကတော့ ဒီလိုပဲ ထင်တယ်" လော်ဂျာက အသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။
"ဒီမကောင်းဆိုးဝါးတွေမှာ သက်ရှိ သတ္တဝါ တစ်ကောင်ရဲ့ လက္ခဏာတွေ မရှိပဲ… သူတို့က…"

"သူတို့က ဘာဖြစ်လဲ"

"သူတို့က ရှင်တို့ မြစ်နီမြစ် ပေါ်မှာ တည်ဆောက်ထားတဲ့ သံမဏိ တံတားနဲ့ ပိုတူနေတယ်"

+

စုန်းမများသည် အချင်းချင်း စိတ်ရှုပ်ထွေးစွာဖြင့် ကြည့်လိုက်ကြသည်။ "တံတားတစ်ခု... ဟုတ်လား"

"ကျွန်မကလည်း အဲ့ဒီ အချိန်က သိပ်မယုံကြည်ခဲ့ပေမဲ့ သူတို့က အဲ့ဒါနဲ့ပဲ တူနေတယ်" လော်ဂျာက အားနည်းစွာဖြင့် ချောင်းနှစ်ချက် ဆိုးလိုက်သည်။
"ဟိုမကောင်းဆိုးဝါးတွေက တံတားရဲ့ ကုန်းပတ်နဲ့ တူတဲ့ ဖြောင့်မတ်တဲ့ နောက်ကျောတွေ ရှိနေပြီး ကိုယ်ပိုင်းရဲ့ တစ်ဘက်တစ်ချက်မှာ တံတားကို ထောက်ပံ့ထားတဲ့ တိုင်လုံးနဲ့ တူနေတဲ့ ခြေထောက်ရှည် နှစ်ချောင်း ရှိနေတယ်"

"ဒါပေမဲ့ သူ့ရဲ့ ကိုယ်ပိုင်းဖြစ်စေ ခြေလက်တွေ ဖြစ်စေ အသွေးအသားနဲ့ ဖုံးလွှမ်းထားတာ မဟုတ်ဘူး... ကျွန်မက သူ့အရိုးနဲ့ သတ္တု အပိုင်းအစတွေ အကြားက လွတ်နေတဲ့ နေရာတွေကနေ သူ့ခန္ဓာကိုယ် အတွင်းကို ထွင်းဖောက် မြင်နိုင်ခဲ့တယ်"

ဝင်ဒီက ထိတ်လန့်တကြားဖြင့် ပင့်သက်ရှိုက်မိလိုက်လေသည်။

လမ်းလျှောက်နိုင်သော သတ္တုတံတား တစ်ခု။ ထိုအရာသည် မိစ္ဆာများ၏ တီထွင်မှု အသစ်တစ်ခု ဖြစ်လေသလော။

+

ခေတ္တမျှ အနားယူလိုက်ပြီးနောက် လော်ဂျာက ဆက်ပြောလိုက်သည်။ "အရိုး မကောင်းဆိုးဝါး တစ်ကောင်စီက မီတာသုံးဆယ် နီးပါး မြင့်မားပြီး သူ့အပေါ်မှာ မိစ္ဆာများစွာ တွယ်ကပ်နေကြတယ်... အဝေးကနေ ကြည့်လိုက်ရင် ပိုးမွှားဥတွေက သူ့မျက်နှာပြင် အပေါ်မှာ ဖုံးလွှမ်းနေကြတဲ့ အတိုင်းပဲ"

"သူ့ရဲ့ ဝမ်းဗိုက် တစ်ဖက်ကနေ ရောမ အိတ်တစ်အိတ် တွဲလောင်းကျနေပြီး သူ့ခန္ဓာကိုယ် အပြင်ဘက်ကို အတွင်း ကလီစာ အချို့ ထွက်ကျနေတာနဲ့ တူနေတယ်... ပြီးတော့ သူက သွေးခုန်သလို ခုန်နေပြီး သူ့အရေပြား အောက်မှာ အနီရောင် မြူခိုးငွေ့တွေ လှုပ်ရှားနေတာကို တွေ့နိုင်တယ်"

+

သူမသည် လက်သီးကို ဆုပ်လိုက်ပြီးမှ သူမ၏
ရင်ဘတ်အပေါ်သို့ အသာ တင်လိုက်သည်။
"နတ်ဘုရား သုံးပါးကို ကျိန်တွယ်ပြီး
ပြောရဲပါတယ်... ဒီမကောင်းဆိုးဝါးတွေဟာ
နတ်ဆိုးတွေ ဝင်စားထားတာနဲ့ တူနေတယ်"

အက်ရှ်က မျက်မှောင်ကြုတ်၍
ဆက်မေးလိုက်သည်။ "ပြီးတော့ရော..."

"ဒီမကောင်းဆိုးဝါးတွေက မြို့ပျက် အတွင်းမှာ
နေရာယူလိုက်ကြပြီး အိတ်ထဲကနေ
ပြွန်ရာပေါင်းများစွာ ထွက်လာကာ သူတို့ကိုယ်
သူတို့ မြေကြီး အတွင်းကို ထိုးစိုက်လိုက်ကြတယ်...

+

စက္ကန့်ပိုင်း အတွင်းမှာပဲ သူတို့ ပတ်ပတ်လည်က မြေကြီးတွေက အနက်ရောင် မြေစိုင်တွေ ဖြစ်ကုန်ပြီး သစ်ပင်၊ ပေါင်းပင်တွေ အားလုံးတို့က အသက်စွမ်းအင်တွေ ကုန်ခန်းသွားသလို ညှိုးခြောက်သွားကြတယ်"

"ပြီးတာနဲ့ မိစ္ဆာ များစွာတို့က မြေကြီးထဲကို ဝင်သွားကြပြီး မြို့ပျက်အတွင်းမှာ ရှုးသွပ်မိစ္ဆာ တစ်ရာကျော်နဲ့ နတ်ဆိုးသားရဲ ဆယ်ကောင်ကျော်လောက်သာ ကျန်ခဲ့တော့တယ်… သူတို့ဟာ ကင်းထောက်၊ ကင်းလှည့်တဲ့ တာဝန်တွေကို ထမ်းဆောင်ဖို့ တာဝန်ရှိတယ်လို့ ကျွန်မက ထင်နေတယ်"

+

"နင်က မရေမတွက်နိုင်တဲ့ မျက်လုံးတွေနဲ့
လက်တံရှည်တွေ ရှိတဲ့ မိစ္ဆာ တစ်ကောင်ကိုရော
တွေ့မိသေးလား... သူက မြင့်မားတဲ့ နေရာတစ်ခုမှာ
နေလေ့ရှိပြီး ပထမဆုံး ကြည့်လိုက်ရင်
တွန့်လိမ်နေတဲ့ အသားတုံး တစ်ခုနဲ့ တူနေတယ်"
ဝင်ဒီသည် ဝံပုလွေ ကောင်မလေး၏
ဖော်ပြချက်များကို မှတ်သားနေရင်း မေးလိုက်သည်။

"ရှင်က မျက်လုံးမိစ္ဆာကို ဆိုလိုနေတာလား"
လော်ဂျာက သူမ၏ ခေါင်းကို ခါလိုက်သည်။
"အန္တရာယ် ကြီးမားတဲ့ ဒီမကောင်းဆိုးဝါး
အကြောင်းကို လျှပ်စီးက ကျွန်မကို
ပြောပြခဲ့ဖူးတယ်... ဒါပေမဲ့ မိစ္ဆာစစ်တပ် အတွင်းမှာ
ကျွန်မက ဒီလို မိစ္ဆာမျိုးကို မတွေ့ခဲ့ရဘူး"

+

"ဒီလိုဆိုတော့ နင်က ဘယ်လိုလုပ်ပြီးမှ ဒဏ်ရာတွေ ရခဲ့တာလဲ"

"ငါက ရန်သူတွေကို လျှော့တွက်ခဲ့မိတယ်" လော်ဂျာက အနည်းငယ် စိတ်ဓာတ်ကျပုံ ပေါက်သွားသည်။ "ငါက မျှော်စင်ထိပ်မှာ သုံးရက်ကြာအောင် ပုန်းအောင်းနေခဲ့ပြီး ဒီအချိန် အတောအတွင်းမှာ နတ်ဆိုးသားရဲ များစွာတို့က အဲ့ဒီ ပတ်ဝန်းကျင်မှာ ပျံ့သန်းနေကြပေမဲ့ သူတို့ တစ်ကောင်ကမှ အလေးအနက် ထားပြီး ကင်းလှည့်နေကြတဲ့ပုံ ပေါက်မနေဘူး"

+

"ရှုးသွပ်မိစ္ဆာဟာ ဦးချိုကို မှုတ်ခဲ့စဉ်က အဓိက စစ်တပ်ရဲ့ အာရုံကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ ငါက ထင်မထားမိဘူး… ဒါပေမဲ့ ငါက အပြင်ထွက်လိုက်တဲ့ အချိန်မှာ မိစ္ဆာတပ်ဖွဲ့ များစွာတို့က အနီးအနားမှာ ပုန်းကွယ်ပြီး ငါ့ကို စောင့်နေကြတာကို တွေ့လိုက်ရတယ်"

"နေပါဦး… သူတို့က နင့်ကို ခြုံခို တိုက်ခိုက်ခဲ့ကြတယ်လို့ နင်က ဆိုလိုနေတာလား" နေဝင်ဆည်းဆာက အံ့အားတကြီးဖြင့် မေးလိုက်သည်။ "မိစ္ဆာတွေက ဘယ်လိုလုပ်ပြီးမှ ဒီလို ပြုလုပ်နိုင်ခဲ့ရတာလဲ… ရှင်တို့ဟာ အရင်က မိစ္ဆာတွေဟာ ဘာမှမဟုတ်ပဲ သန်မာပြီး တုံးအတဲ့ သားရဲတွေသာ ဖြစ်ကြတယ်လို့ ပြောခဲ့တယ် မဟုတ်လား"

+

"အဆင့်အနိမ့်ဆုံး မိစ္ဆာတွေက တုံးအတဲ့ သားရဲတွေ
ဖြစ်ကြပေမဲ့ သူတို့မှာ ကွပ်ကဲသူ တစ်ယောက်
ပါလာတာနဲ့ အခြေအနေက ပြောင်းလဲသွားပြီ"
တီလီက အသံတိုးတိုးဖြင့် ပြောလိုက်သည်။
"လော်ဂျာကို ဝန်းရံ တိုက်ခိုက်ခဲ့ကြတဲ့
ရန်သူတွေထဲမှာ အကြီးတန်း မိစ္ဆာတစ်ကောင်
ပါနေလိမ့်မယ်"

"မသိတဲ့ ရန်သူ တစ်ယောက်နဲ့ ရင်ဆိုင်ရတဲ့
အချိန်မှာ တစ်ယောက်ကမှ ပြီးပြည့်စုံတဲ့ တိုက်ပွဲ
နည်းဗျူဟာကို ရေးဆွဲနိုင်မှာ မဟုတ်ဘူး" အက်ရှ်က
ဝံပုလွေ ကောင်မလေး၏ ပခုံးအား ပုတ်လိုက်သည်။
"နင်က ဒီလောက်အထိ အစွမ်းထက်လှတဲ့

+

ရန်သူထံကနေ လွတ်မြောက်လာခဲ့ပြီး ဆောင်းမဲ့မြို့တော်ကို အသက်ရှင်လျက် ပြန်နိုင်ခဲ့တယ်... ဒါကိုယ်တိုင်က အထင်ကြီးဖွယ်ရာ စွမ်းဆောင်မှု တစ်ခု ဖြစ်နေပါပြီ"

ထူးကဲစုန်းမက တစ်စုံတစ်ယောက်အား ချီးမွမ်း ပြောဆိုသည်ကို ဝင်ဒီက ယခု ပထမဆုံး အကြိမ်အဖြစ် ကြားခဲ့ရခြင်း ဖြစ်သည်။

"ဖြစ်နိုင်ပါတယ်... ဒါပေမဲ့ ကံကောင်းစွာနဲ့ အဲ့ဒီ အကြီးတန်း မိစ္ဆာဟာ ငါ့ကို ကိုယ်တိုင်ကိုယ်ကျ ထွက်မဖမ်းခဲ့ဘူး" လော်ဂျာက အားတင်းပြီး နွမ်းလျစွာ ပြုံးလိုက်သည်။ "ငါ့ကို တွေ့သွားပြီ ဆိုတာကို သိလိုက်တာနဲ့ တစ်ပြိုင်နက် ငါဟာ

+

ဝံပုလွေ တစ်ကောင် အဖြစ်ကို ပြောင်းလိုက်ပြီး ညအမှောင်ရဲ့ အကာအကွယ် အောက်မှာ ထွက်ပြေးဖို့ ကြိုးစားလိုက်တယ်"

"လိုက်လံ ဖမ်းဆီးတဲ့ အချိန်မှာ လှံပစ်သူတွေက အမှောင်ထဲမှာ ကျွန်မကို ထိအောင် မပစ်နိုင်ခဲ့ကြဘူး… အဲ့ဒီအချိန်က ကျွန်မကို လိုက်ဖမ်းတဲ့ သူတွေ ဘယ်လောက်အထိ ရှိသလဲ ဆိုတာကို ကျွန်မက မသိပေမဲ့ နတ်ဆိုးသားရဲ အချို့ကတော့ ကျွန်မ ခေါင်းပေါ်မှာ အမြဲလိုလို ရစ်ဝဲ ပျံသန်းနေကြတယ်"

+

"နင်... နင်က နင့်ကို လိုက်ဖမ်းတဲ့ မိစ္ဆာတွေ အားလုံးကို သတ်ပစ်ခဲ့တာလား" တီလီက စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။

ထိုမေးခွန်းကို ကြားပြီးသော အခါ ဝင်ဒီက စဉ်းစားလိုက်သည်။ အကယ်၍ လော်ဂျာသည် သူမအား လိုက်လံ ဖမ်းဆီးသော ရန်သူများကို မျက်ခြေမပြတ်နိုင်ခဲ့ပါက မကြာခဏ အတိုက်ခိုက်ခံခဲ့ရမည် ဖြစ်ပြီး သူမ ရရှိထားသော ပြင်းထန်သည့် ဒဏ်ရာများက ဤအချက်ကို သက်သေပြနေသည်။ ကြည့်ရသည်မှာ သူမက အကျပ်အတည်း အခြေအနေ တစ်ခုနှင့် ရင်ဆိုင်ခဲ့ရဟန် တူနေသည်။

+

"မဟုတ်ဘူး... သူတို့က ကျွန်မကို အမဲလိုက်နေရာကနေ လက်လျှော့ခဲ့ကြတာ" လော်ဂျာက ပြန်ဖြေလိုက်သည်။ "ဘာဖြစ်လို့လဲ ဆိုတာကိုတော့ ကျွန်မကလည်း မသိနေဘူး... တကယ်လို့ သူတို့က ကျွန်မနောက်ကို နောက်တစ်ရက်လောက် ဆက်လိုက်ခဲ့ရင် ကျွန်မက အားအင် ကုန်ခန်းပြီးမှ သေသွားနိုင်တယ်... ဒါပေမဲ့ အံ့အားသင့်ဖွယ် ကောင်းလောက်အောင် သူတို့က ရုတ်တရက် နောက်ပြန်ဆုတ်သွားကြတယ်"

"အနီရောင် မြူခိုးငွေ့တွေပဲ" တီလီက လျင်မြန်စွာ တုံ့ပြန်လိုက်သည်။ "သူတို့ဟာ သူတို့နဲ့ အတူ ယူလာတဲ့ အနီရောင် မြူခိုးငွေ့တွေ ပြုန်းတီးသွားမှာကို စိုးရိမ်နေလို့ ဖြစ်တယ်... သူတို့

+

စတင်ပြီး နောက်ဆုတ်သွားတဲ့ နေရာကို
နင်မှတ်မိသလား"

လော်ဂျာက သူမ၏ နဖူးကို ပွတ်သပ်နေရင်း အချိန်
အနည်းငယ်မျှ စဉ်းစားလိုက်သည်။ "မြက်ခင်း
လွင်ပြင်ကနေ မီတာ ၂၅၀၀၊ ၃၀၀၀ လောက်
အကွာမှာနဲ့ တူတယ်"

"မြေပုံက ဘယ်မှာလဲ… ငါ့ကို မြေပုံတစ်ခု
မြန်မြန်ပေးပါ"

တီလီက မြေပုံပေါ်တွင် အကွာအဝေးများကို
တိုင်းတာနေသည်ကို မြင်ခဲ့ရသော အခါ လော်ဂျာ
ဖော်ပြခဲ့သော အရိုး မကောင်းဆိုးဝါးများက

+

ဘာဖြစ်နိုင်သည်ကို ဝင်ဒီက ဖြည်းဖြည်းချင်း သဘောပေါက်လာခဲ့သည်။

သူမသည် ဘုရားကျောင်း၏ သံမဏိ သားရဲများကို ပြန်လည် စဉ်းစားမိပြီး ဤအရိုး မကောင်းဆိုးဝါးများသည် အနီရောင် မြူခိုးငွေ့များ သယ်ဆောင်ရန် အသုံးပြုသည့် မှော်စွမ်းအားဖြင့် မောင်းနှင်သော စက်ကိရိယာ အချို့ ဖြစ်နိုင်သည်ဟု ခန့်မှန်းမိသည်။ အကယ်၍ ထိုသို့သာ ဆိုလျှင် လော်ဂျာ၏ ဖော်ပြချက်မှာ အဓိပ္ပာယ် ရှိနေပေသည်။

မြေအောက်သို့ မြှုပ်ဝင်သွားသော မိစ္ဆာများနှင့် အနီရောင် မြူခိုးငွေ့ကြောင့် ညစ်ညမ်းသွားသော

+

မြေခဆီလွှာသည် နှင်းတောင်တန်းများ အနောက်မှ
နတ်ဆိုးမြို့ရှိ မြင်ကွင်းများနှင့် တူနေခဲ့သည်။

လော်ဂျာရဲ့ တင်ပြချက် အရ တက်ကီလာ
မြို့ပျက်ကနေ ထွက်ခွာလာတဲ့
နတ်ဆိုးသားရဲတွေဟာ မြေရိုင်းဒေသရဲ့
အစွန်အထိပဲ ရောက်နိုင်တယ်။ ဒီလိုဆိုတော့
ဆောင်းမဲ့မြို့တော်က လုံခြုံနေသေးတယ်လို့
ပြောလို့ရမလား။ ဝင်ဒီက စဉ်းစားလိုက်သည်။

သူမ၏ အတွေ့အကြုံများကို စုန်းမများအား
ပြန်လည် ပြောပြခဲ့အပြီးတွင် လော်ဂျာသည် ပင်ပန်း
နွမ်းနယ်သွားကာ သူမ၏ ဒဏ်ရာများမှ သွေးအချို့
ထွက်လာ၍ ပတ်တီးကို ထပ်မံ စွန်းထင်းစေခဲ့သည်။

+

ဤအရာကို မြင်ပြီးနောက် ဝင်ဒီသည် ဝံပုလွေ ကောင်မလေးအား နှစ်သိမ့်လိုက်ကာ နာနာ ပြန်မလာမီ အနားကောင်းကောင်းယူရန် ပြောလိုက်သည်။ ပြီးတာနှင့် သူမသည် စုန်းမများကို အိပ်ခန်းအတွင်းမှ ခေါ်ထုတ်ကာ အိပ်ခန်းတံခါးကို ညင်သာစွာဖြင့် ပိတ်လိုက်လေသည်။

## စာစဥ် ၆၁ : အပိုင်း ၈

## အပိုင်း ၉၀၈ : သွေးလွှမ်းသောလမ်း

အစည်းအဝေး ခန်းမ အတွင်းတွင် ဝင်ဒီသည် အသစ် ရရှိခဲ့သော သတင်း အချက်အလက်များကို

+

တင်ပြခဲ့သည်။ သို့သော်လည်း သူမက လုံခြုံရေး ကိစ္စများနှင့် ပတ်သတ်၍ စတင် ပြောဆိုခဲ့သော အခါ အယ်လီသီယာက ရိုင်းပြစွာဖြင့် သူမအား ဖြတ်ပြောခဲ့လေသည်။

"မိစ္ဆာတွေနဲ့ ပတ်သတ်လာရင် လုံခြုံ စိတ်ချရတဲ့ အကွာအဝေး ဆိုတာ မရှိဘူး... တက်ကီလာက ဒီအချက်ကို တန်ဖိုး ကြီးမားစွာ ပေးဆပ်ပြီးမှ သဘောပေါက်လာခဲ့တာ... စစ်ပွဲဇုန်ကို အနီရောင် မြူခိုးငွေ့တွေ သုံးစွဲတဲ့ ဧရိယာကို အသုံးပြုပြီးမှ ပြင်ဆင်မယ် ဆိုရင် အမတန်မှ အန္တရာယ် များလိမ့်မယ်"

+

"ဥပမာအားဖြင့် နတ်ဆိုး သားရဲတွေက ခေတ်ငွေ့ သိုလှောင်ကန်တွေ အများကြီးကို သယ်ဆောင်နိုင်စွမ်း ရှိနေတဲ့ အတွက် သူတို့ရဲ့ တိုက်ခိုက်နိုင်မှု အကွာအဝေးကို ချဲ့ထွင်နိုင်တယ်… ပြီးတော့ သူတို့ဟာ ခေတ်ငွေ့ သိုလှောင်ကန်တွေကို ကြိုတင် မြှုပ်နှံထားပြီးမှ ချီတက်လာရင်းနဲ့ လဲလှယ်လို့ ရတယ်"

"ဒါပေမဲ့ တိုက်ရိုက် အကျဆုံး လုပ်ဆောင်ချက်ကတော့ ရှေ့တန်း ကင်းစခန်းတွေကို တည်ဆောက်ထားပြီး သူတို့ကို ဆက်သွယ်မှု အဖြစ် အသုံးချကာ တိုက်ခိုက်နိုင်မှု အကွာအဝေးကို ချဲ့ထွင်ခြင်း ဖြစ်တယ်"

+

"အဲ့ဒီ ရှေ့တန်း ကင်းစခန်းတွေကို သိမ်းပိုက်နိုင်ဖို့ တိုက်ပွဲဟာ နတ်ဘုရားဆန္ဒ စစ်ပွဲမှာ အဓိက ကျလာမှာ ဖြစ်ပေမဲ့ ကံမကောင်းစွာနဲ့ ကျယ်ပြန့်တဲ့ လွင်ပြင်မှာ ကွယ်ဝှက်ထားတဲ့ ကင်းမျှော်စင်တွေအားလုံးကို ရှာဖို့က အတော်လေး ခက်ခဲလိမ့်မယ်... မိစ္ဆာတွေဟာ နင်တို့ စဥ်းစားနိုင်တာထက် အများကြီး ပိုပြီးမှ ကောက်ကျစ် စဥ်းလဲတယ် ဆိုတာကို လုံးဝ မမေ့ပါနဲ့"

ဝင်ဒီသည် မအောင့်နိုင်ပဲ အယ်လီသီယာ ဖော်ပြထားသည့် မြင်ကွင်းအား မြင်ယောင်လာခဲ့သည်။ ရောမ မိစ္ဆာစစ်တပ်သည် ခက်ထန်စွာ တိုက်ခိုက်မှုများ ဆင်နွဲနေရင်း တစ်ချိန်တည်းတွင် အနီရောင် မြူခိုးငွေ့များအား

+

သို့လျှောင်နိုင်ရန် ရှေ့တန်း စစ်စခန်းများကို တည်ဆောက်နေခဲ့သည်။

အကယ်၍ သူတို့က အောင်မြင်သွားခဲ့ပါက နေရာ တစ်ခုလုံးသည် အဆုံးမဲ့ မိစ္ဆာ အုပ်စုများဖြင့် လျင်မြန်စွာ ပြည့်နှက်သွားလိမ့်မည် ဖြစ်သည်။ ဤအရာသည် ယခင်မှ ဖက်ဒရေးရှင်း နယ်မြေများ အတွင်းတွင် ဆက်သွယ်မှုနှင့် အရင်းအမြစ်များ သယ်ယူ ပို့ဆောင်မှုတို့အား ဖြတ်တောက်ပစ်ခဲ့မည် ဖြစ်ပြီး ဘေးပတ်ဝန်းကျင်မှ နေရာများကိုလည်း ဘေးအန္တရာယ် ရှိစေလာမည် ဖြစ်သည်။

ထိုအရာသည် တောင်စောင်းတစ်ခုမှ လိမ့်ဆင်းလာသော ကျောက်တုံး တစ်တုံးနှင့်

+

တူနေမည် ဖြစ်ပြီး သူတို့က နယ်မြေများကို ပိုမို ဆုံးရှုံးလာသည်နှင့် မိစ္ဆာများကို ခုခံရန် ပို၍ ခက်ခဲလာမည် ဖြစ်ကာ နောက်ဆုံးတွင် ပြန်လည် တိုက်ခိုက်ရန် လုံးဝ စွမ်းဆောင်နိုင်တော့မည် မဟုတ်ချေ။

"ရှင့်ရဲ့ သုံးသပ်ချက် အရ သူတို့က ဆောင်းမဲ့မြို့တော်ကို တိုက်ခိုက်ဖို့ ရာခိုင်နှုန်း ဘယ်လောက် ရှိနိုင်မလဲ" တီလီက တည်ငြိမ်စွာဖြင့် မေးလိုက်သည်။

"နင်တို့က ကံကောင်းတယ်... ဒါမှမဟုတ် ငါတို့အားလုံးက ကံကောင်းတယ်လို့ပဲ ပြောရမှာ ဖြစ်တယ်" အယ်လီသီယာက သူမ၏

+

လက်တံရှည်များကို ဆန့်တန်းနေရင်း ပြောလိုက်သည်။ "ငါတို့က အနီရောင် မြူခိုးငွေ့ကို အသုံးပြုပြီးမှ ရန်သူရဲ့ တိုက်ခိုက်နိုင်မှု အကွာအဝေးကို ဆုံးဖြတ်လို့ မရနိုင်ပေမဲ့ အနည်းဆုံးတော့ သူတို့ရဲ့ ရည်ရွယ်ချက်ကို ခန့်မှန်းလို့ ရနိုင်တယ်"

"အခုလက်ရှိမှာ မိစ္ဆာတွေက ဆောင်းမဲ့မြို့တော်ကို အတိုင်းအတာ ကြီးမားစွာ လာရောက် တိုက်ခိုက်လိမ့်မယ်လို့ ငါက မထင်နေဘူး"

"ကျေးဇူးပြုပြီးမှ အကျယ်ချဲ့ ရှင်းပြလို့ ရမလား"

+

"အနီရောင် မြူခိုးငွေ့" ရေးဟောင်းစုန်းမက သူမ၏ အသားတုံး ခေါင်းကို ညိတ်ပြလိုက်သည်။
"မိစ္ဆာတွေရဲ့ လှုပ်ရှားမှု မှန်သမျှဟာ သူတို့ရဲ့ အနီရောင် မြူခိုးငွေ့ ထောက်ပံ့မှု အပေါ်မှာ အခြေခံထားတာပဲ… သူတို့ဟာ စခန်းတစ်ခု မဆောက်ပဲ မြေအောက်ကို ဝင်သွားပြီး မြေပေါ်မှာ ကင်းထောက်အဖွဲ့ပဲ ထားခဲ့ခြင်းက သူတို့မှာ လုံလောက်တဲ့ အရင်းအမြစ်တွေ မရှိနေတာကို ဆိုလိုနေခြင်း ဖြစ်တယ်"

"နယ်စပ်မှာ တိုက်ခိုက်မှုတွေ ရှိလာနိုင်ပေမဲ့ တိုက်ပွဲငယ်တွေသာ ဖြစ်လာနိုင်တယ်… ဒါပေမဲ့ အနာဂတ်မှာ အခြေအနေတွေ ပြောင်းလဲမှု ရှိလာမလား ဆိုတာကတော့ အခုကနေ

+

နောက်ပိုင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အရာတွေ အပေါ်မှာပဲ မူတည်နေလိမ့်မယ်"

တီလီက သူမ၏ အကြည့်အား ပါရှာထံသို့ ရွှေ့လိုက်သည်။

"အယ်လီသီယာရဲ့ သုံးသပ်ချက်က ယုံကြည် လက်ခံနိုင်ဖွယ်ရာ ရှိပါတယ်" ပါရှာက သူမ၏ အဓိက လက်တံရှည်အား ဝှေ့ယမ်းနေရင်း ပြောလိုက်သည်။ "ဖက်ဒရေးရှင်း ခေတ်တုံးက သူမဟာ သုခ စစ်တပ်ရဲ့ တပ်ဖွဲ့ငယ် တစ်ခုကို ဦးဆောင်ပြီးမှ နတ်ဆိုးမြို့ကို အကြိမ်ပေါင်းများစွာ သွားရောက် တိုက်ခိုက်ဖူးခဲ့တယ်... ဒါပေမဲ့ သူမရဲ့ ဒေါသကတော့ အတော်လေးကို ဆိုးဝါးတယ်"

+

"ငါ့ရဲ့ စိတ်ရှည်မှုဟာ စိုးရိမ်ပူပန်ဖို့ ထိုက်တန်တဲ့ အရာတွေ အပေါ်မှာပဲ အသုံးပြုနိုင်တယ်" အယ်လီသီယာက ခပ်ဘွင်းဘွင်း ပြောလိုက်သည်။ "နတ်ဆိုး သားရဲတွေရဲ့ အဝေးကနေပြီး ခြုံခို တိုက်ခိုက်မှုနဲ့ စာရင် ငါက ဟိုစစ်ကိရိယာ အသစ်တွေ အပေါ်မှာ ပိုပြီးမှ စိုးရိမ် ပူပန်နေတယ်"

"အရင်တုံးက မိစ္ဆာတွေဟာ အနီရောင် မြူခိုးငွေ့တွေကို ဘယ်လို သယ်ယူ ပို့ဆောင်ခဲ့သလဲ ဆိုတာကို သိပါရစေ" ဘားရော့သည် နောက်ဆုံးတွင် စကားပြောရန် အခွင့်အရေး တစ်ခုကို ရှာတွေ့သွားခဲ့သည်။

+

"ကျွန်မတို့ရဲ့ ထောက်ပံ့ရေး ပစ္စည်းတွေ သယ်ယူပို့ဆောင်တဲ့ နည်းလမ်းနဲ့ ဘာမှသိပ်ပြီး မကွာခြားပါဘူး" ပါရှာက သက်ပြင်းချလိုက်သည်။ "အဆင့်နိမ့် မိစ္ဆာတွေ… လှည်းတွေ… ကျေးကျွန်ပြုထားတဲ့ သွေးနှော သားရဲတွေနဲ့ အသွင်ပြောင်း သံမဏိ သားရဲတွေကို အသုံးပြုခဲ့ကြတာ"

"သူတို့ရဲ့ စစ်ပွဲအတွက် ပြင်ဆင်တဲ့ အချိန်ဟာလည်း ကျွန်မတို့နဲ့ သိပ်မကွာဘူး… စစ်ပွဲတစ်ခု စတင်တော့မယ့် အချိန်တိုင်းမှာ တစ်ယောက်ဟာ ဖွံ့ဖြိုးသော နယ်မြေ တစ်လျှောက်လုံးမှာ အနီရောင် မြူခိုးငွေ့ ထောက်ပံ့ရေး လမ်းကြောင်းတွေ ဒါဇင်နဲ့ချီပြီးမှ တွေ့နိုင်ခဲ့တယ်"

+

"အနီရောင် မြူခိုးငွေ့တွေရဲ့ သယ်ယူပို့ဆောင်ရေးကို ဟန့်တားနိုင်ဖို့ သုခစစ်တပ်၊ တိုက်ခိုက်ရေး စုန်းမတွေနဲ့ သာမန် တပ်ဖွဲ့တွေ အပါအဝင် အားလုံးတို့ဟာ အစွမ်းကုန် တိုက်ခိုက်ခဲ့ရတယ်... ကောင်းစွာ ကာကွယ်ထားတဲ့ အနီရောင် မြူခိုးငွေ့ သယ်ဆောင်ရေး တပ်ဖွဲ့တစ်ခုနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အချိန်မှာ ကျွန်မတို့ စစ်သားတွေရဲ့ သွေးတွေဟာ လွင်ပြင်တစ်ခုလုံးကို ရဲရဲနီစေခဲ့တယ်"

"ဒါကြောင့်မို့ အဲ့ဒီ အနီရောင် မြူခိုးငွေ့ ထောက်ပံ့ရေးလိုင်းတွေက မိစ္ဆာတွေရော ကျွန်မတို့ တပ်ဖွဲ့တွေရဲ့ သေရေးရှင်ရေး တမျှ အရေးကြီးတဲ့

+

အရာတွေ ဖြစ်လာကြတယ်" အယ်လီသီယာက ဖြည့်စွက် ပြောကြားလိုက်သည်။

ထိုစကားလုံးများကြောင့် အခန်းအတွင်းမှ လူအားလုံးတို့က အနည်းငယ် ထိတ်လန့် တုန်လှုပ်သွားကြလေသည်။

မိစ္ဆာစစ်တပ်နှင့် တရားဝင် တိုက်ခိုက်ရခြင်း မရှိသေးသော်လည်း ခက်ထန်လှသည့် ဤမျိုးနွယ်စုက လူသားတို့ အပေါ် ပေးခဲ့သည့် ဖိအားများကို အားလုံးတို့က ခံစားနေနိုင်ခဲ့သည်။

အရှင်မင်းမြတ် ရိုလန်၏ လမ်းညွှန်မှုအောက်တွင် ဝင်ဒီကပင် ထောက်ပံ့ ပို့ဆောင်ရေး၏

+

အရေးကြီးမှုကို နားလည်နိုင်ခဲ့သည်။ ထောက်ပံ့ရေး ပစ္စည်းများ သယ်ယူ ပို့ဆောင်ရေးသည် စစ်တပ် တစ်ခု၏ သွေးကိုယ်သူ ဆက်လက် ထောက်မထားနိုင်ရန် အရေးကြီးသည့် အရာတစ်ခု ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

အကယ်၍ မိတ္တာများသည် အနီရောင် မြူခိုးငွေ့များကို သယ်ဆောင်ရန် ဤမျှအထိ ကြီးမားသည့် အရာကို တည်ဆောက်နိုင်သည့် စွမ်းရည်များ ရှိနေခဲ့လျှင် သူတို့သည် အင်အားများစွာ မသုံးပဲ ရှေ့တန်းသို့ ထောက်ပံ့ရေး ပစ္စည်း အမြောက်အမြား ပို့ဆောင်နိုင်သည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

+

ထောက်ပံ့ရေး လမ်းကြောင်းများ
နည်းပါးခြင်းကြောင့် သယ်ယူပို့ဆောင်သည့်
အဖွဲ့များအား စောင့်ကြပ်သည့် တပ်ဖွဲ့
အရေအတွက် များလာနိုင်သည်။ လော်ဂျာ
မြင်ခဲ့သည့် မြင်ကွင်းသည် မိစ္ဆာများ အနာဂတ်တွင်
ချီတက်မည့် စံနူန်း ပုံစံမျိုး ဖြစ်နေနိုင်ပေသည်။

အကယ်၍ ရိုလန် ဝင်ဘယ်ဒန်သာ မရှိပါက တတိယ
နတ်ဘုရားဆန္ဒ စစ်ပွဲအား မည်ကဲ့သို့
တိုက်ခိုက်ရမည်ကို သူမက အမှန်ပင် သိနေမည်
မဟုတ်ချေ။ မိစ္ဆာများသည် အကြီးအကျယ်
ပြောင်းလဲသွားသည်မှာ သိသာနေပြီး ရောမ အရိုး
မကောင်းဆိုးဝါးများ ပေါ်လာရုံသာ မက အကြီးတန်း
မိစ္ဆာများကပင် သီးသန့် သွားလာ
လှုပ်ရှားနေနိုင်ကြသည်။

+

လူသားများ အနေနှင့်မူ ဆောင်းမဲ့မြို့တော်မှ လွဲ၍
ကျန်သော တိုင်းပြည်များသည် ဖက်ဒရေးရှင်း
ခေတ်ထက်စာလျှင် ပို၍ပင်
အားနည်းနေနိုင်သေးသည်။ မှူးမတ်
နိုက်သူရဲကောင်းများသည် မိစ္ဆာပင်လယ် အတွင်းသို့
ချီတက် တိုက်ခိုက်ကြမည့် မြင်ကွင်းကို သူမသည်
ယောင်၍ပင် မစဥ်းစားခဲ့ရဲပေ။

"ဘာပဲပြောပြော လက်ရှိ အခြေအနေဟာ ငါတို့
အရင်က ယူဆထားတာနဲ့ အများကြီး
ကွာခြားမနေပဲ အချိန်ကသာ ကွဲပြားနေခဲ့တယ်"
စစ်ပွဲ၏ အကျပ်အတည်းများကို အကျယ်ချဲ့၍
ပြောဆိုနေခြင်းသည် စိတ်ဓာတ်ရေးရာ အတွက်

+

သိပ်မကောင်းမှန်းကို သဘောပေါက်နေသဖြင့် အယ်လီသီယာသည် ချောင်းနှစ်ချက် ဆိုးလိုက်ပြီးမှ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"အနီရောင် မြူခိုးငွေ့ကို ထုတ်လုပ်နိုင်တဲ့ အနက်ရောင် ကျောက်တုံး အမိုးချွန် အဆောက်အအုံဟာ နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး သတ္တုကြော အပေါ်မှာ တည်ဆောက်ဖို့ လိုအပ်နေတယ်... ဒါကြောင့်မို့ သူတို့ဟာ မြင့်မြတ်သော မြို့တော်ရဲ့ မြို့ပျက်နေရာကို သိမ်းပိုက်ဖို့ ရွေးချယ်ခဲ့တာ အံ့သြစရာတော့ မကောင်းပါဘူး"

+

"ဘာပဲပြောပြော ဖွံ့ဖြိုးသော နယ်မြေမှာ တက်ကီလာဟာ အခုဆိုရင် အရှေ့ဘက် အကျဆုံး နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး သတ္တုကြော ဖြစ်နေတယ်… မိစ္ဆာတွေက အမိုးချွန် အဆောက်အအုံ တည်ဆောက်သွားပြီးရင် အနီရောင် မြူခိုးငွေ့တွေဟာ ဖြတ်သန်း၍ မရနိုင်သော တောင်တန်း တစ်ခုလုံးကို တိုက်ရိုက် လွှမ်းခြုံနိုင်သွားမှာ ဖြစ်ပြီး အဲ့ဒီ အချိန်ကျရင် ခုခံမှုတိုင်းဟာ အချည်းနှီး ဖြစ်သွားမှာ ဖြစ်တယ်"

မိစ္ဆာများသည် လှုပ်ရှားမှု အကန့်အသတ်များ မရှိတော့ပါက မည်သည့် အရပ်မျက်နှာမှ မဆို တိုက်ခိုက်မှုများ ပြုလုပ်နိုင်သည် ဆိုသည့် အချက်အား တစ်ယောက်ကမှ ကန့်ကွက်ခဲ့ခြင်း မရှိကြပေ။ ထို့အပြင် သူတို့၏ ပျံသန်းနိုင်သော

+

နတ်ဆိုး သားရဲများသည် ဟိုက်ဒရိဂျင် မီးပုံပျံထက်
များစွာပို၍ လှုပ်ရှားရ လွယ်ကူနေပြီး
တစ်ယောက်သည် မြို့တွင်းမှ ထွက်ခွာသွားခဲ့ပါက
သူတို့၏ တိုက်ခိုက်မှုကို ခံရနိုင်ခြေ များနေခဲ့သည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင်
လူသားများသည် နှစ်ပေါင်း အနည်းငယ်ထက် ပို၍
ခုခံနိုင်မည် မဟုတ်တော့ပဲ နောက်ဆုံးတွင် မျိုးဖြုတ်
သတ်ဖြတ်ခြင်း ခံရမည် ဖြစ်လေသည်။

ဝင်ဒီသည် စစ်ပွဲ၏ အသေးစိတ်
အကြောင်းအရာများကို ရင်းနှီး ကျွမ်းဝင်နေမှု
မရှိနေသော်လည်း ဤကဲ့သို့သော
အစည်းအဝေးမျိုးကို အကြိမ်ပေါင်းများစွာ

+

တက်ရောက်ခဲ့ပြီး ဖြစ်နေသေးသဖြင့် အရှင်မင်းမြတ်နှင့် ဟားမီးစ်မှ ဘုရားကျောင်းတို့ နှစ်ဦးစလုံးသည် မိစ္ဆာများက တက်ကီလာ မြို့ပျက်တွင် နေရာယူခြင်းကို အကျောက်အကန် ဟန့်တားရန် ရည်ရွယ်နေခြင်းကိုမူ သိနေခဲ့သည်။

ကြည့်ရသည်မှာ သူတို့ အဖွဲ့သုံးဖွဲ့သည် ဤအချက် အပေါ်တွင်မူ သဘောတူညီမှု ရနိုင်ခဲ့သည်။

"ကံကောင်းစွာနဲ့ မိစ္ဆာတွေရဲ့ ရည်ရွယ်ချက်တွေဟာ စောစောစီးစီး အဖော်ထုတ် ခံခဲ့ရပြီး သွေးလဝန်းက နောက်ထပ် သုံးနှစ်ကနေ ငါးနှစ်အတွင်းမှာ ပေါ်လာမှာ မဟုတ်သေးတဲ့ အတွက် ငါတို့က အဆုံးအဖြတ် တိုက်ပွဲတစ်ခု မတိုင်ခင် အပြည့်အဝ

+

ပြင်ဆင်ဖို့ အချိန်တွေ ရှိနေသေးတယ်"
အယ်လီသီယာက ဆက်ပြောလိုက်သည်။

"တကယ်လို့ ငါတို့က မအောင်မြင်ခဲ့ရင်တောင်
မိစ္ဆာတွေရဲ့ အနီးဆုံး အနက်ရောင် ကျောက်တုံး
အမိုးချွန် အဆောက်အအုံဟာ နဂါးကျောရိုး
တောင်တန်းရဲ့ မြောက်ပိုင်း မိုင်တစ်ရာ အကွာက
ဖွံ့ဖြိုးသော နယ်မြေအတွင်းမှာ ရှိနေလိမ့်မယ်...
ဒီလိုဆိုတော့ ထောက်ပံ့ရေး လမ်းကြောင်းတွေ အရ
သူတို့ဟာ ငါတို့အပေါ်မှာ အသာစီး မရနေနိုင်ဘူး"

"ဒါပေမဲ့ တစ်ခုကတော့ သေချာနေတယ်... စစ်ပွဲက
ငါတို့အပေါ်ကို ရောက်နေခဲ့ပြီ ဆိုတာပဲ"

+

သူမ၏ ပခုံးများသည် များစွာပို၍ လေးလံလာခဲ့သည်ဟု ဝင်ဒီက ရုတ်တရက် ခံစားလိုက်ရသည်။

"နေပါဦး... နေပါဦး..." ဘားရော့က ရုတ်တရက် အော်ဟစ်လိုက်သည်။ "ခင်ဗျားတို့က မိစ္ဆာတွေဦး ဘယ်လို တိုက်ခိုက်ဖို့ ဆုံးဖြတ်တာက ကျုပ်နဲ့ မဆိုင်ဘူး... ဒါပေမဲ့ ကျုပ်တို့က မြို့တံခါးတွေကို အမြဲတမ်း ပိတ်ထားလို့ မဖြစ်နိုင်ဘူး... ဟုတ်တယ်မလား"

"အခုအချိန်မှာ ကျုပ်တို့ဟာ မိစ္ဆာစစ်တပ်က ဆောင်းမဲ့မြို့တော်နဲ့ အဝေးကြီးမှာ ရှိနေသေးပြီး လက်တလောမှာ လာရောက် တိုက်ခိုက်ဖို့

+

အစီအစဥ် မရှိနိုင်ဘူးဆိုတာကို သိနေတဲ့ အတွက်
သတိပေးချက်ကို ပြန်လည် ရုတ်သိမ်းပြီး
လယ်မြေတွေကို ပြန်လည် စိုက်ပျိုးရင်
မကောင်းဘူးလား"

"ဆောင်းမဲ့မြို့တော်မှာ ပိုပြီးမှ ယုံကြည် စိတ်ချရတဲ့
အချက်ပေး စနစ်တစ်ခုကို လိုအပ်နေတယ်လို့
ကျုပ်က ယုံကြည်နေတယ်" မြို့စောင့်တပ်
ခေါင်းဆောင်က အနောက်မှ လိုက်ပြောလိုက်သည်။

"ပိုမို နက်ရှိုင်းတဲ့ ခံစစ်လိုင်းကို တည်ဆောက်တဲ့
အချိန်မှာ အချက်ပေး စနစ်တွေနဲ့ ပတ်သတ်လာရင်
အမှားအယွင်း များနိုင်တယ်လို့ အရှင်မင်းမြတ်ဟာ
အရင်က ပြောခဲ့ဖူးတယ်... ကြာပန်း မိန်းကလေးကို

+

လွင်ပြင်တစ်လျှောက်မှာ မီးပြမျှော်စင် အနည်းငယ် ဆောက်ခိုင်းဖို့ ဖြစ်နိုင်မလား ဆိုတာကို ကျွန်တော်က စဉ်းစားနေမိတယ်"

"ပြီးတော့ အရှင်ကာတာ ဖော်ပြခဲ့ဖူးတဲ့ မိုင်ပေါင်းများစွာကို ချက်ချင်း ဆက်သွယ်နိုင်တဲ့ ဆက်သွယ်ရေး ကိရိယာကို အသုံးပြုနိုင်ရင် ပိုကောင်းလိမ့်မယ်... ဒီလိုဆိုရင် မြို့တော်ခန်းမရဲ့ လုပ်ငန်းတွေက အချိန် နှောင့်နှေးနေတော့မှာ မဟုတ်ဘူး"

ပထမ အချက်မှာ လွယ်ကူသော်လည်း ဒုတိယ အချက်မှာမူ အန်နာနှင့် ရိုလန်တို့ နှစ်ယောက်စလုံးကို လိုအပ်နေပေသည်။ ထို့အပြင်

+

မီးပြ မျှော်စင်များမှ တဆင့် သတင်း ပေးပို့မှုသည်
နတ်ဆိုးသားရဲ၏ အလစ် တိုက်ခိုက်မှုထက်
ပိုမြန်နေမည်ဟု ပြော၍ မရနိုင်ချေ။

ဝင်ဒီသည် အချိန်အနည်းငယ်မျှ ချီတုံချတုံ
ဖြစ်နေခဲ့ပြီး သူမ ပြန်မဖြေနိုင်ခင်တွင် ပါရှာ၏
အသံက သူတို့ ခေါင်းအတွင်းတွင်
ပေါ်လာခဲ့လေသည်။

"ဒါကို ကျွန်မတို့ တာဝန် ထားလိုက်ပါ"

"ဟင်… ရှင်တို့က ဘယ်လိုလုပ်ဖို့ စီစဉ်ထားတာလဲ"
အက်ရှ်က သူမ၏ မျက်ခုံးများကို ပင့်လိုက်သည်။

+

"ကျွန်မတို့က မိစ္ဆာစခန်းရဲ့ နေရာကို သိပြီးသား ဖြစ်နေတဲ့ အတွက် လုပ်ရကိုင်ရတာ အတော်လေး လွယ်ကူသွားပြီ" ပါရှာက သူမ၏ လက်တံရှည်များကို ဆန့်တင်း၍ အလင်းတန်း လိုက်ကာ အတွင်းတွင် ပြသလိုက်သည်။ "ဒီကနေ တဆင့် ကျွန်မတို့ဟာ အလင်းတန်း လိုက်ကာနဲ့ ဆင်တူတဲ့ စောင့်ကြပ် ကြည့်ရှုတဲ့ စနစ်တစ်ခုကို ဖန်တီးနိုင်တယ်"

သူမ၏ လက်တံရှည် အတွင်းတွင် ရောင်စဉ်ငါးသွယ် ကျောက်တုံး တစ်တုံး ရှိနေပေသည်။

နံပါတ် ၇၆ ယခင်က ပြုလုပ်ခဲ့သည်ကို ဝင်ဒီက ချက်ချင်းပြန်လည် မှတ်မိသွားသည်။ "ရှင်က ဒါကို

+

အသုံးပြုပြီးမှ အရိပ် ကိရိယာရဲ့ နေရာကို ရှာချင်နေတာလား"

"အတိအကျပဲ… ဖိခြေလိုက်တာနဲ့ မှော်အမြူတေဟာ သက်ဆိုင်ရာ နေရာက အလင်းတန်း လိုက်ကာကို ပြသနိုင်တယ်… ဒါပေမဲ့ ဒီမှော်ကျောက်တုံးတွေရဲ့ အရေအတွက်ဟာ အကန့်အသတ် ရှိတာမို့ တစ်ခု အသုံးပြုပြီးတာနဲ့ သူတို့ရဲ့ အရေအတွက်ဟာ လျော့နည်းသွားလိမ့်မယ်"

"တစ်ချိန်တည်းမှာ သူတို့ဟာ အရွေးချယ်ခံ ပုဂ္ဂိုလ်ရဲ့ သော့တွေကို ရှာဖွေတဲ့ နေရာမှာ လိုအပ်နေလို့

+

ကျွန်မက သူတို့ကို အလွန်အမင်း အရေးကြီးတဲ့ အခြေအနေတွေမှာပဲ အသုံးပြုနိုင်ခဲ့တယ်"

"ဒါပေမဲ့..." ဝင်ဒီက နောက်ထပ် ပြဿနာ တစ်ခုကို ချက်ချင်း တွေးမိလိုက်သည်။ "ဒီလိုလုပ်ဖို့ တစ်စုံတစ်ယောက်ဟာ တက်ကီလာ မြို့ပျက် အနီးကို သွားရောက်ဖို့ လိုအပ်နေတယ် မဟုတ်လား... ဒါပေမဲ့ မိစ္ဆာတွေက မြို့ပျက်အတွင်းမှာ..."

"စိတ်ချပါ... ရှင်ကဘာမှ စိုးရိမ်နေစရာ မလိုပါဘူး... ဒါက ကျွန်မတို့ရဲ့ အကြံအစည် ဖြစ်တာကြောင့် ကျွန်မတို့ကပဲ ဆောင်ရွက်မှာ ဖြစ်ပါတယ်" အယ်လီသီယာက ပြောလိုက်သည်။ "တက်ကီလာ

+

အနေနဲ့ အစီအစဉ် တစ်ခုကို တင်ပြရုံသာ တင်ပြပြီး အခြားသူတွေကို လုပ်ဆောင်ခိုင်းတဲ့ သူရဲဘောကြောင်တဲ့ အလုပ်မျိုးကို လုံးဝ ပြုလုပ်မှာ မဟုတ်ပါဘူး"

"ဒါက ဘာမှမဟုတ်ပဲ သေးငယ်တဲ့ ကိစ္စတစ်ခုသာ ဖြစ်ပြီး နတ်ဘုရား စီရင်ခြင်း စုန်းမတွေ အားလုံးဟာ သူတို့ကိုယ် သူတို့ အနစ်နာခံဖို့ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်"

"ဒါပေမဲ့ ရှင်တို့က အနစ်နာ မခံရရင်တော့ အကောင်းဆုံး ဖြစ်နေသေးတယ်" တီလီက တစ်ဘက်သားကို အပြုံးတစ်ခုဖြင့် ဝင်၍ ဖြတ်ပြောလိုက်သည်။ "မှော်ကျောက်တုံး

+

နေရာချထားတဲ့ တာဝန်ကို အိပ်ပျော်နေသော ကျိန်စာကိုသာ လွှဲအပ်လိုက်ပါ... သူတို့ရဲ့ တိုက်ခိုက်နိုင်မှု စွမ်းရည်က အကန့်အသတ် ရှိပေမယ့် စွမ်းရည်တွေ အမျိုးမျိုးကိုတော့ ပိုင်ဆိုင်ထားကြပါသေးတယ်"

"ပြီးတော့ အနောက်ပိုင်း ဒေသကို အသစ် ရောက်ရှိလာကြတဲ့ သူတွေ အနေနဲ့ အားလုံးတို့ရဲ့ ထောက်ခံမှုကို ရရှိအောင် သူတို့က ပါဝင်ကူညီမှ ရမှာပေါ့... ဟုတ်တယ်မလား"

## စာစဉ် ၆၁ : အပိုင်း ၉

+

# အပိုင်း ၉၀၉ : အိမ်မက်ကမ္ဘာ အတွင်းမှ ပြဿနာတစ်ခု (၁)

"အရှင်မင်းမြတ်... ရိုလန်"

အသံသည် နူးညံ့သိမ်မွေ့ကာ အဝေးမှ လာဟန်ပေါက်နေသည်။

သူ၏ နားရွက်အနားတွင် ယားကျိကျိ ခံစားချက်တစ်ခုကို ခံစားခဲ့ရမှသာ တစ်စုံတစ်ယောက်က သူ၏ နာမည် ခေါ်နေမှန်းကို ရိုလန်က သဘောပေါက်သွားခဲ့သည်။

+

"အရှင်က စိတ်နဲ့လူနဲ့ မကပ် ဖြစ်နေပြန်ပြီ" နိုက်တင်ဂေးက စားပွဲရှည်အား မှီနေရင်း ရိုလန်၏ မျက်လုံးများ အတွင်းသို့ တည့်တည့် စိုက်ကြည့်လိုက်သည်။ သူမသည် လက်ကို မေးထောက်ထားရင်း ခေါင်းကို အနည်းငယ် စောင်းထားကာ ဖြူဖွေးသော လက်ညှိုးတစ်ချောင်းကို ဟိုဘက်ဒီဘက် လှုပ်ရမ်းနေ၍ ထိုလက်ညှိုးဖြင့် ရိုလန်၏ နားအား ကလိထိုးခဲ့သည်မှာ သိသာနေသည်။

"အာ... တကယ်လား" ရိုလန်က လည်ချောင်းရှင်းလိုက်ကာ ယခုလေးတင် ရောက်ရှိလာသော တင်ပြချက်များကို ဖတ်ချင် ယောင်ဆောင်နေခဲ့သည်။ "ဒီကနေ့ ရာသီဥတုက

+

အနည်းငယ် ပူလို့နဲ့ တူတယ်… ငါက အလွယ်တကူ အိပ်ငိုက်သွားတယ်"

"အရှင်က နေ့ခင်းကြောင်တောင် အိမ်မက် မက်နေတာ ပထမဆုံး အကြိမ် မဟုတ်တော့ဘူး" နိုက်တင်ဂေးက ရွက်ဖျင်တဲ တစ်ဘက်ခြမ်းမှ နောက်မှီ ကုလားထိုင်ထံသို့ လျှောက်သွားလိုက်သည်။ "ရောင်ပြန် ကျောင်းတော်ကနေ ပြန်လာပြီးကတည်းက အရှင်ဟာ ငိုင်တွေတွေ ဖြစ်နေခဲ့တယ်… တစ်ခုခုများ ဖြစ်ပျက်ခဲ့လို့လား"

ရိုလန်သည် နိုက်တင်ဂေး ပြောခဲ့သည်ကို ငြင်းဆန်ရန် ဟန်ပြင်လိုက်သော်လည်း

+

စကားလုံးများကို ပြန်လည် မျိုချလိုက်သည်။ နိုက်တင်ဂေးသည် အမှားပြောသည်ကို ခွဲခြားနိုင်မှန်း သူက သိနေပြီး သူ့ကိုယ်သူလည်း ဆက်မညာနေလိုပေ။ တစ်ပတ် ပြည့်တော့မည် ဖြစ်သော်လည်း သူ့အနေဖြင့် ဘာဖြစ်နေသည်ကို ကောင်းစွာ နားမလည်နိုင်သေးပေ။

"တစ်စုံတစ်ခုက မှားယွင်းနေတယ်လို့ ငါက သိနေပေမဲ့ ကိစ္စ တစ်ခုလုံးက ထူးခြား ဆန်းကြယ်နေတော့ ငါက ဘယ်ကနေ စရမှန်း မသိနေဘူး"

"အရင်က မပြောချင်နေရင် ကျွန်မကို မပြောလို့ရတယ်" နိုက်တင်ဂေးသည် သူမ၏

+

လက်များကို ခေါင်းနောက်တွင် ထားထားရင်း အပေါ်မှ ကောင်းကင်ထံ စိုက်ကြည့်နေခဲ့သည်။ "ဘာပဲပြောပြော ကျွန်မက အရှင့်လို ဉာဏ်ကောင်းတဲ့သူ မဟုတ်ပဲ အရှင်က ကျွန်မကို ပြောပြခဲ့ရင်တောင် ဘာမှ ကူညီနိုင်မှာ မဟုတ်ဘူး… အန်နာကတော့ ကူညီကောင်း ကူညီနိုင်မှာ ဖြစ်…"

"ငါက သူမကိုလည်း မပြောပြထားဘူး" ရိုလန်က သူ၏ခေါင်းကို ခါကာ အားတင်း၍ ပြုံးလိုက်သည်။

"အိုး… ဒီလိုလား" နိုက်တင်ဂေးက ချက်ချင်း ပြန်လှည့်လာခဲ့သည်။ "ဘာဖြစ်လို့လဲ"

+

"ဘာဖြစ်လို့လဲ ဆိုတော့ ဒါက အတော်လေးကို ထူးခြား ဆန်းကြယ်နေပြီး ငါ့ရဲ့ နားလည်မှု နယ်ပယ်ကနေ ကျော်လွန်နေလို့ပဲ" ရိုလန်က ခပ်ပြတ်ပြတ် ပေါ်လိုက်သည်။ "ငါက ဝန်မခံလိုနေပေမဲ့ ဒါက ဘာကိုမှ အကျိုးသက်ရောက်မှု မရှိနေဘူး... တခြား စကားလုံးနဲ့ ပြောရရင် ဒါက ကိုယ်ပိုင်ကိစ္စ သက်သက်ပဲ... သူမကို ပြောပြလိုက်ရင် ဘာမှ ကူညီနိုင်မှာ မဟုတ်တဲ့ အပြင် စိတ်တောင် ပိုပူသွားဦးမယ်"

"ကျွန်မသိပြီ" ရုတ်တရက် ဉာဏ်အလင်းပွင့်သွားသည့် အလား နိုက်တင်ဂေးက မျက်တောင်များကို ခတ်လိုက်သည်။ သို့သော်လည်း သူမသည် ဘာတစ်ခုကိုမှ နားမလည်ပဲ

+

သူ၏အကြံက ကောင်းမွန်သည်ဟု ထင်ရရန် ဟန်ဆောင်လိုက်မှန်းကို ရိုလန်က သိနေပေသည်။

"ငါမကြာခဏ စိတ်နဲ့လူနဲ့ မကပ် ဖြစ်နေတာကို သူမကို မပြောလိုက်ပါနဲ့" ရိုလန်က နိုက်တင်ဂေးအား သတိပေးလိုက်သည်။ "ဒါက တခြား တစ်စုံတစ်ယောက်ကမှ ဖြေရှင်းနိုင်ရန် အရာတစ်ခု မဟုတ်ဘူး"

"ဒါပေါ့" နိုက်တင်ဂေး၏ မျက်နှာက အနည်းငယ် လင်းလက်လာကာ သူမ၏ ရင်ဘတ်ကို ပုတ်လိုက်ပြီး ငါးခြောက်အိတ် အတွင်းမှ ငါးခြောက် တစ်ကောင်ကို ထုတ်ယူလိုက်၍ သူမ၏

+

ပါးစပ်အတွင်းသို့ ပစ်ထည့်လိုက်ကာ အတော်လေး ကျေနပ်နေသည့်ပုံ ပေါက်နေခဲ့သည်။

နိုက်တင်ဂေးထံမှ ကတိကို ရခဲ့အပြီးတွင် ရိုလန်က ရင်အတွင်းမှ နေ၍ သက်ပြင်းတစ်ချက် ချလိုက်သည်။ တင်ပြချက် အတွင်းမှ အချက်အလက်များအား စိတ်ထဲထည့်၍ မရပဲ သူ၏ စိတ်အတွင်းတွင် ဘုရားကျောင်း၏ လျှို့ဝှက်ခန်းမ အတွင်းတွင် မြင်ခဲ့ရသော အရာများကိုသာ ပြန်လည် မြင်ယောင်နေခဲ့သည်။

ဒဏ္ဍာရီလာ ပုဂ္ဂိုလ် တစ်ယောက်သည် အဘယ်ကြောင့် ဖက်ဒရေးရှင်း စဦးပိုင်း တည်ထောင်သည့် အချိန်တွင် ပေါ်လာခဲ့သနည်း။

+

သူမ၏ ပုံတူကားချပ် အရ သူမသည်
ဖက်ဒရေးရှင်းခေတ် မတိုင်ခင်ကတည်းက
တည်ရှိနေမှန်း ဖြစ်သည်ဟု ယူဆနေရသည်။

ရိုလန်သည် အစ္စဘယ်လာ၊ အက်ဂါသာနှင့်
ဖိုင်းလစ်တို့အား နောက်ပိုင်းတွင် မေးခဲ့သော်လည်း
သူတို့ တစ်ယောက်ကမှ သူ့အား ရေရေရာရာ
ဖြေကြားနိုင်ခြင်း မရှိခဲ့ပေ။ မေးမှိန်၍
ဝေးကွာလှသော အတိတ်တွင် ရှိနေခဲ့သဖြင့်
ပန်းချီကား အတွင်းမှ ပုဂ္ဂိုလ်သည် မည်သူဖြစ်မှန်းကို
တစ်ယောက်ကမှ မပြောနိုင်ခဲ့ကြပေ။

အိမ်မက်ကမ္ဘာ အတွင်းတွင် လူအမျိုးအစား
နှစ်မျိုးသာ ရှိနေမည်ဟု ရိုလန်က ယူဆထားခဲ့သည်။

+

တစ်မျိုးမှာ ဇီးရိုး ယခင်က အနိုင်ယူခဲ့သူများ
ဖြစ်ကြပြီး သူတို့၏ ဝိညာဉ်များမှာ ဝိညာဉ်
အဆောက်အအုံတွင် ထာဝရ
တွယ်ကပ်နေသော်လည်း အပြင်ကမ္ဘာနှင့်
အားနည်းသော ဆက်သွယ်မှု တစ်ခု
ရှိကြသေးသူများ ဖြစ်ကြသည်။

သူတို့နှင့် ပတ်သတ်၍ အဓိက အရေးကြီးသော
အချက်များမှာ အံ့အားသင့်ဖွယ်
ကောင်းလောက်အောင် ရုပ်ရည်သွင်ပြင်များ
ဆင်တူနေခြင်းနှင့် သူတို့ အခန်းအတွင်းမှ မှတ်ဉာဏ်
အပိုင်းအစများပင် ဖြစ်သည်။

+

အခြား အမျိုးအစား တစ်ခုမှ အိမ်မက်ကမ္ဘာ ဖန်ဆင်းထားသည့် ပါးလျသော လေထုအတွင်းမှ ထွက်လာသော စိတ်ကူးယဉ် ဇာတ်ကောင်များ ဖြစ်ကြသည်။ သူတို့သည် သူကိုယ်တိုင်နှင့် အိမ်မက်ကမ္ဘာ ကိုယ်တိုင်က မှန်းဆ ဖန်တီးထားသော အရာများသာ ဖြစ်ကြလေသည်။

သို့သော်လည်း ရိုလန်သည် ယခုအချိန်၌ သူ၏ ယူဆချက်များနှင့် ပတ်သတ်၍ မသေချာနေတော့ပေ။

ပုပ်ရဟာန်းမင်းကြီး အတွက် တာဝန် ထမ်းဆောင်ခဲ့သည့် အမှုထမ်း မှတ်တမ်းများ အရ ဇီးရိုးသည် အသက် ၂၀၀မှ ၂၅၀ အတွင်းတွင်

+

ရှိနိုင်ကြောင်းကို အစ္စဘယ်လာက သူ့အား
ပြောထားခဲ့သည်။ သို့ဖြစ်၍ ဘယ်တော့မှ
မအိုမင်းသွားသည့် သန့်စင်စုန်းမ ဇီးရိုး အနေဖြင့်
လွန်ခဲ့သော နှစ်ပေါင်း ရှစ်ရာကျော်မှ
လူတစ်ယောက်အား အကျဉ်းချထားနိုင်ရန် မည်သို့မှ
မဖြစ်နိုင်ပေ။

ဇီးရိုးသည် သာမန်လူများထက် အသက်များစွာ
ပိုရှည်သော်လည်း သမိုင်းမှ လူများစွာတို့သည်
သူမထက် သက်တမ်းများစွာ ပိုရှည်ကြသည်။

ဇီးရိုးသည် ဘုရားကျောင်း တည်ထောင်ပြီးမှ
မွေးဖွားလာသူ တစ်ယောက် ဖြစ်သဖြင့်
အသက်အရွယ်ချင်း နှိုင်းယှဉ်လိုက်လျှင်

+

အက်ဂါသာနှင့် အချို့ စုန်းမများသည် သူမ၏ အဖွားဟု ခေါ်ရလောက်အောင် အသက်ကြီးရင့်နေပြီ ဖြစ်သည်။

"ဒီရုပ်ပုံ အတွင်းက လူဟာ အိမ်မက်ကမ္ဘာ အတွင်းကို သူမဘာသာ သူမ ကျူးကျော် ဝင်ရောက်လာခဲ့တာလား"

ဤအယူအဆမှာ များစွာပို၍ ရဲတင်းကာ မယုံကြည်နိုင်လောက်အောင် ဖြစ်နေလေသည်။

"ရှေးဟောင်း လူမှု အဖွဲ့အစည်း တစ်ခုက အမျိုးသမီး တစ်ယောက်ဟာ ခေတ်ပေါ် လူမှု အဖွဲ့အစည်း အတွင်းမှာ ဘယ်လိုလုပ် အသက်ရှင်

+

နေနိုင်ခဲ့ပြီး သူမကိုယ် သူမ ဘယ်လိုလုပ်
ဒီလောက်အထိ ပိရိစွာ
အသွင်ပြောင်းလဲထားနိုင်ရတာလဲ... အိမ်မက်ကမ္ဘာ
မပေါ်ပေါက်လာခဲ့မီက သူမရဲ့ ဝိညာဉ်က
ဘယ်နေရာမှာ ရှိနေမှာပါလိမ့်"

ထို့အပြင် လန်၏ ရုပ်ရည် သွင်ပြင်ကလည်း
ဤအယူအဆနှင့် ဆန့်ကျင်နေပေသည်။

သူမသည် အမှန်ပင် တင့်တယ်ကာ ကျက်သရေ
ရှိသော်လည်း ဆွဲဆောင်မှု ကောင်းသည်ဟု
မဆိုနိုင်ပဲ စုန်းမ တစ်ယောက် မဟုတ်သည်မှာ
သေချာနေသည်။ ထူးကဲသာလွန်သော စွမ်းအားများ
မရှိပဲ တစ်ယောက်သည် ယခင်က မည်မျှပင်

+

ကြီးမြတ်သည့်သူ ဖြစ်ခဲ့ပါစေ မွေးဖွားလာပြီး နှစ်တစ်ရာ အကြာတွင် မြေကြီးအောက်သို့ ပြန်သွားရမည် ဖြစ်ပေသည်။

ထိုယူဆချက် နှစ်ခုအပြင် သိပ်မဖြစ်နိုင်သော်လည်း ပို၍ အကျိုးအကြောင်း ဆီလျော်သော ရှင်းပြချက် တစ်ခုမှာ သူတို့ နှစ်ယောက်တို့က ရုပ်ဆင်နေကြခြင်းသာ ဖြစ်သည်။ အခြား စကားလုံးများဖြင့် ပြောရလျှင် ဤအရာက တိုက်ဆိုင်မှု သက်သက်သာ ဖြစ်နေသည်။

အကယ်၍ ဤသဘောတရားအား လက်ခံလိုက်လျှင် ရှိလန်အနေဖြင့် ပြဿနာများစွာ ကင်းဝေးသွားမည် ဖြစ်သော်လည်း သူ့ကိုယ်သူ နားချနိုင်ရန်

+

ခက်ခဲနေခဲ့သည်။ "ဒါက တကယ်ပဲ တိုက်ဆိုင်မှု
တစ်ခု သက်သက်ပဲလား"

အဖြေကို သိနိုင်ရန် သူသည် သူမအား
ကိုယ်တိုင်ကိုယ်ကျ မေးမြန်းရပေလိမ့်မည်။

ရိုလန်သည် ပို၍ပို၍ ထူးခြားလာသော
အိမ်မက်ကမ္ဘာ အတွင်းသို့ ဝင်ရောက်ရန်
အနည်းငယ် တွန့်ဆုတ်နေခဲ့သည်။ သို့သော်လည်း
တစ်ချိန်တည်းတွင် သူသည် သူ့ကိုယ်သူ မသိသည့်
အရာတစ်ခု အတွင်းသို့ ဆွဲသွင်း၍
အမှောင်အတွင်းတွင်သာ မနေလိုနေခဲ့ပေ။

+

သဘောတရား အရ မကောင်းဆိုးဝါး နှစ်ကောင်အနက် ပို၍ မဆိုးရွားသည့် တစ်ကောင်ကို ရွေးချယ်လျှင် ပိုကောင်းပေလိမ့်မည်။ သို့ဖြစ်၍ တစ်ပတ်ခန့် ချီတုံချတုံ ဖြစ်နေခဲ့ အပြီးတွင် ရိုလန်သည် နောက်ဆုံး၌ သူ၏စိတ်ကို ပိုင်းဖြတ်ခဲ့လေသည်။

ထို့အပြင် နတ်ဘုရား စီရင်ခြင်း စုန်းမများ၏ တတွတ်တွတ် ပူဆာနေမှုနှင့် ဟားမီးစ်မှ မြင့်မြတ်သော မြို့တော်အား လည်ပတ်ခဲ့အပြီးတွင် ရရှိခဲ့သော အချိန်ပိုများကလည်း သူ၏ ဆုံးဖြတ်ချက် ချမှတ်သည့် ဖြစ်စဥ်ကို တွန်းအားပေးနိုင်ခဲ့သည်။

+

ရိုလန်သည် ယခုအချိန်၌ အိမ်မက်ကမ္ဘာ အတွင်းသို့ ဝင်နေကျ ဖြစ်နေပြီ ဖြစ်ပြီး သူနိုးထလာသည်နှင့် ပြက္ခဒိန်သည် သူနောက်ဆုံး ထွက်ခွာသွားသည့် ရက်ကိုသာ ဖော်ပြထားမှန်း တွေ့လိုက်ရသည်။ သူမရှိနေသည့် တစ်လတာ အချိန်အတွင်း၌ ပတ်ဝန်းကျင်က လုံးဝကို မပြောင်းလဲခဲ့ပေ။

အိပ်ရာဘေးရှိ စင်မှ လေ့ကျင့်နေသော သိုင်းပညာရှင်များ၏ ရုပ်ပုံသည် ယခုလေးတင် သိုင်းပညာရှင် အဖွဲ့အစည်းမှ ဝယ်ပြန်လာသကဲ့သို့ သစ်လွင်နေခဲ့သေးသည်။

ရိုလန်သည် သူ၏ ဆဲလ်ဖုန်းကို ထုတ်ယူလိုက်ကာ ဂါစီယာ၏ နံပါတ်အား ခေါ်လိုက်လေသည်။

+

မကြာမီပင် လိုင်းဝင်သွား၍ တစ်ဘက်လိုင်းမှ ညီညာသော အသက်ရှူသံကို ကြားခဲ့ရသည်။ "ဟဲလို"

ရိုလန်သည် ပြတင်းပေါက် အပြင်သို့ လှမ်းကြည့်လိုက်ရာ အရှေ့ဘက်တွင် အရုဏ်ဦး၏ ပထမဆုံး ရောင်နီများကို ခပ်ရေးရေး တွေ့လိုက်ရသည်။ "နင်က နံနက်ခင်း လေ့ကျင့်ခန်းတွေကို လုပ်နေတာလား" ရိုလန်က မေးလိုက်သည်။

"လိုရင်းကို ပြောပါ" ဂါစီယာက ပြောနေကျ အတိုင်း ခပ်ပြတ်ပြတ် ပြောလိုက်သော်လည်း သူမ၏

+

လေသံမှာ ယခင်ကလောက် သိပ်မမာတော့ပေ။ "ဘာကိစ္စလဲ"

"အင်း… ငါက နင်နဲ့ တစ်စုံတစ်ခု ဆွေးနွေးချင်နေလို့… နင်အဆင်ပြေမယ် ဆိုရင် ငါအခုပဲ လာခဲ့မယ်… မနက်စာ အတူတူ စားမယ်လေ… ငါဒကာခံပါ့မယ်"

"ဒီလောက်အထိ အရေးကြီးလို့လား" ဂါစီယာက အချိန်အနည်းငယ် ငြိမ်သက်သွားပြီးမှ ပြန်ပြောလိုက်သည်။ "အောက်ဆင်းလာခဲ့… ငါက အခု တိုက်ခန်းရှေ့က လမ်းသွယ်လေးထဲမှာ ရှိနေတယ်"

+

"ငါအခုပဲ လာခဲ့မယ်" ရိုလန်သည် ဖုန်းချလိုက်ကာ တတ်နိုင်သမျှ အမြန်ဆုံး အဝတ်လဲလိုက်ပြီး အခန်းအတွင်းမှ ပြေးထွက်လိုက်သည်။ သို့သော်လည်း ဧည့်ခန်းသို့ ရောက်သောအခါ ယခုမှ နိုးလာဟန် ပေါက်နေပြီး အိပ်ချင်မူးတူး ဖြစ်နေသေးသော ဇီးရိုးကို အဝတ် ဖရိုဖရဲဖြင့် တွေ့လိုက်ရသည်။

သူမ၏ တွန့်ကြေနေသော ညအိတ်အင်္ကျီက ဘေးသို့ စောင်းကျနေကာ ဖြူဖွေး၍ ချစ်စရာ ကောင်းသော ပခုံးတစ်ဝက်ကို ဖော်ပြနေခဲ့ပြီး သူ၏ဖိနပ် ဖြစ်သည့်မှာ သိသာနေသော သူမ ခြေထောက်ထက် များစွာကြီးသည့် ယောကျ်ားဝတ် ဖိနပ်တစ်ရံကို ဝတ်ထားကာ ဒယိမ်းဒယိုင် လမ်းလျှောက်နေခဲ့သည်။

+

ရိုလန်က သူ့နဖူးကို သူ့လက်ဝါးဖြင့် ရိုက်လိုက်ကာ ဘာမှ မတတ်နိုင်ပဲ နောက်သို့ ပြန်လှည့်၍ ကောင်မလေးအား အဝတ်လဲခွင့် ပေးလိုက်ရသည်။

"ခဏလေး… ကျွန်မက အောက်ထပ်မှာ ရေသွားယူလိုက်ဦးမယ်" ဇီးရိုးက မပီမသ ပြောလိုက်သည်။

"ကိစ္စ မရှိဘူး… ငါကမင်းကို မနက်စာ ယူလာပေးမယ်… သွားတိုက် မျက်နှာသစ်ပြီးရင် ဒီမှာပဲ စောင့်နေလိုက်ပါ" ရိုလန်က သူမ၏ ခေါင်းကို ပုတ်လိုက်ပြီး အိပ်ခန်းအတွင်းသို့

+

တွန်းထည့်လိုက်ကာ အပြင်သို့ အလျင်အမြန် ထွက်လာခဲ့လေသည်။

## စာစဥ် ၆၁ : အပိုင်း ၁၀

## အပိုင်း ၉၁၀ : အိမ်မက်ကမ္ဘာ အတွင်းမှ ပြဿနာ တစ်ခု (၂)

"နွားသားစွတ်ပြုတ် ခေါက်ဆွဲ... နှစ်ပွဲ... လာပါပြီဗျာ" စားသောက်ဆိုင် ပိုင်ရှင်သည် ပျော်ရွှင်မြူးတူးစွာဖြင့် ပန်းကန်လုံး နှစ်လုံးကို သူတို့အရှေ့၌ ချပေးလိုက်ကာ စားပွဲကို နောက်တစ်ခေါက်ပင် ခပ်မြန်မြန် သုတ်ပေးလိုက်သည်။

+

သူ၏ သေးငယ်သော ဆိုင်အတွင်းသို့ သိုင်းပညာရှင်များ ရောက်လာမှုသည် ဂုဏ်ပြုမှု တစ်ခုဟု ထင်နေသည်မှာ သိသာနေသည်။ ဘာပဲပြောပြော ဂါစီယာသည် တိုက်ခန်း အဆောက်အအုံ အတွင်း၌ ထင်ရှား ကျော်ကြားသူ တစ်ခု ဖြစ်နေပေသည်။

"ကျေးဇူးပါပဲ… ပြီးတော့ ကျုပ်တို့က ကြက်ဥကြော် တစ်လုံး ရနိုင်ဦးမလား" ရိုလန်က တူနှစ်စုံကို ဆွဲယူနေရင်း ပြောလိုက်သည်။ "တစ်ယောက် တစ်လုံးစီပေါ့"

"ဘာပြဿနာမှ မရှိပါဘူး"

+

"တကယ်လို့ ကျွန်မသာ ရှင့်နေရာမှာ ဆိုရင် အမျိုးသမီး တစ်ယောက်နဲ့ မနက်စာ စားဖို့ ဒီနေရာကို ရွေးမှာ မဟုတ်ဘူး" ဂါစီယာက သူ့အား မျက်စောင်းထိုး၍ ပြောလိုက်သည်။ "ရှင်က မစွံသေးတာ အဆန်းတော့ မဟုတ်ပါဘူး"

ဒါကငါ့ကို အထင်သေးနေတာပဲ။ ရိုလန်က တွေးလိုက်သည်။ သူသည် ဂုဏ်သိက္ခာကို ထိန်းသိမ်း၍ မနေရပါက နတ်ဘုရား စီရင်ခြင်း စုန်းမများကို ခေါ်၍ သူမအရှေ့တွင် တွဲပြလိုက်မည် ဖြစ်သည်။

+

"အင်း… ဖိုးရိုးက ခဏနေ ကျောင်းသွားရဦးမှာ ဖြစ်ပြီး ငါက သူမကို မနက်စာ ယူသွားပေးရဦးမှာ ဆိုတော့ သိပ်ဝေးနေရင်…"

"ကျွန်မ နားလည်ပါတယ်… ဒါကြောင့်မို့ ကျွန်မ ပြောခဲ့တာကို စိတ်ထဲမှာ မထားပါနဲ့" ဂါစီယာက သူ့အား ဖြတ်ပြောလိုက်ပြီး တစ်ခါသုံးတူကို ဖောက်လိုက်၍ ကြက်သွန်ဥနီနှင့် အမဲသားကို ရောမွှေလိုက်ရာ မကြာမီပင် စွတ်ပြုတ်သည် စားချင်စဖွယ် နီညိုရောင် ဖြစ်သွားခဲ့သည်။ သူမသည် ပထမဦးစွာ ခေါက်ဆွဲများကို အေးသွားအောင် မှုတ်လိုက်ပြီးမှ ရှည်လျားသော ဖဲကြိုးများကဲ့သို့ ရွှတ်ကနဲ မျိုချလိုက်လေသည်။

+

ဂလုကနဲ မြည်သွားသံသည် ရိုလန်၏
သွားရည်များကို ယိုလာစေခဲ့သည်။

"ဝိုး" ရိုလန်က သူ၏ နှုတ်ခမ်းများကို
တွန့်လိုက်သည်။ "နင်က အသင့်စား အစာတွေကို
ဘယ်လို စားရမလဲ ဆိုတာကိုလည်း
ကောင်းကောင်း သိနေတာပဲ... နင်က ဒီလိုမျိုး
လမ်းဘေးစာတွေကို စားနေမကျဘူးလို့ ငါက
ထင်ထားခဲ့တာ"

"ဒါက နင့်ရဲ့ ယူဆချက် သက်သက်ပဲ" ဂါစီယာက
ပခုံးတွန့်လိုက်သည်။ "ငါက ဒီနေရာကို
ရောက်နေတာ ဆယ်နှစ်ရှိတော့မှာ ဖြစ်ပြီး ဒီနေရာ
ပတ်ဝန်းကျင်က စားသောက်ဆိုင်တွေ အားလုံးကို

+

စားကြည့်ပြီးသွားပြီ… ဒါပေမဲ့ ဒကာခံတဲ့သူက စားသောက်ဆိုင် ခပ်ကောင်းကောင်းကို ရွေးရမှာက အခြေခံ ကျင့်ဝတ်တစ်ခု ဖြစ်နေတဲ့ အပြင် ငါက လူစိမ်းတွေရဲ့ စိုက်ကြည့်မှု ခံနေရတာကို မနှစ်သက်နေဘူး"

ရိုလန်သည် စားသောက်ဆိုင် အတွင်းမှ ဖောက်သည်များသော မကပဲ လမ်းပေါ်မှ ဖြတ်သန်းသွားလာနေကြသူများကပင် သူတို့ဘက်သို့ မကြာမကြာ လှမ်းကြည့်နေကြသည်ကို ယခုမှပင် သတိပြုမိတော့သည်။ ဂါစီယာ၏ ထူးခြားသော မီးခိုးရောင် ဆံပင်များနှင့် အဆီပို မရှိသော ခန္ဓာကိုယ်တို့သည် လူအများ၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်မှာ သိသာနေသည်။

+

"အိုး... ငါက ဒါကို မေ့သွားခဲ့တယ်"

"ကဲ... လိုရင်း ကိစ္စကိုပဲ ပြောကြရအောင်"
ဂါစီယာက သူ့အား အေးစက်စက်ဖြင့် တစ်ချက်
ကြည့်လိုက်သည်။ "နင်ကငါ့ကို ဘာဖြစ်လို့
ရုတ်တရက် တွေ့ချင်နေရတာလဲ... သိုင်းပညာရှင်
အဖွဲ့အစည်းက နင့်ကို တရားမဝင်တဲ့ အလုပ်တွေ
တစ်ခုမှ ကူညီမှာ မဟုတ်ဘူး"

သူမက အဘယ်ကြောင့် ဤမျှအထိ
သတိထားနေသည်ကို ရိုလန်က စဥ်းစားနေမိသည်။
သူသည် ယမန်နေ့မှသာ ဌာနချုပ်မှ ပြန်လာခဲ့ခြင်း
ဖြစ်ပြီး တရားမဝင်သည့် အလုပ် တစ်ခုကိုမှ

+

မလုပ်ခဲ့သေးပေ။ အမဲလိုက် လိုင်စင်ထက် ပို၍ တရားမဝင်သော လုပ်ငန်း တစ်စုံတစ်ခု ရှိသေးသလော။

ရိုလန်သည် အချိန် အနည်းငယ်မျှ ချီတုံချတုံ ဖြစ်ခဲ့ပြီးမှ ဂါစီယာ၏ မေးခွန်းကို ပြန်ဖြေလိုက်သည်။ "ငါက နင့်ဆရာနဲ့ တွေ့ချင်နေတယ်... နင်က ငါ့အတွက် ရက်ချိန်းတစ်ခု ယူပေးလို့ ရမလား"

"အာ" ဂါစီယာသည် အချိန် အနည်းငယ်မျှ အသံတိတ်သွားခဲ့သည်။

+

"နင့်ရဲ့ ဆရာ... 'လန်' လေ" ရိုလန်က အကြောင်းပြချက် တစ်ခုကို ပြလိုက်သည်။ "အရင်တစ်ခေါက်က ငါဟာ သူမကို စိတ်ပျက်အောင် လုပ်ခဲ့မိလို့ နောင်တရနေပြီး ကိုယ်တိုင်ကိုယ်ကျ တောင်းပန်ချင်နေလို့ပါ"

ဂါစီယာသည် သူ့အား သူစိမ်းတစ်ယောက်ကဲ့သို့ စိတ်ဝင်တစားဖြင့် အသေအချာ လေ့လာနေခဲ့ပြီးမှ သူမ၏ လက်ကို ဝှေ့ယမ်းလိုက်၍ ရိုလန်၏ တောင်းဆိုချက်ကို ပယ်ချလိုက်သည်။ "တကယ်လား... နင်က အခုမှ ငါ့ဆရာကို လေးစားရမှန်း သိပြီပေါ့... ဒါပေမဲ့ ထားလိုက်ပါတော့... သူမက နင့်ကို လုံးဝတွေ့မှာ မဟုတ်ဘူး"

+

"ဆရာမလန်က နင်ထင်သလောက် ငါ့ကို မုန်းနေပုံ မပေါက်ပါဘူး"

"သူမက မိတ်ဆက်ပွဲတုံးက နင့်အပေါ်မှာ ကောင်းခဲ့တယ်လို့ နင်ထင်နေတာလား" ဂါစီယာက အမှုမထားဟန်ဖြင့် ပြောလိုက်သည်။
"စိတ်လျှော့လိုက်ပါ... နင်က ငါပေးခဲ့တဲ့ အခွင့်အရေးကောင်း တစ်ခုကို လက်လွှတ် ဆုံးရှုံးခဲ့ပြီးပြီ... ငါ့ဆရာက အချိန်မှန်ခြင်း ဆိုတဲ့ အခြေခံ ကျင့်ဝတ်တရားကိုတောင် မလိုက်နာနိုင်တဲ့ လူတစ်ယောက်အတွက် အချိန်ကုန်ခံမှာ မဟုတ်ဘူး... တွေ့ဖို့ဆိုရင်တော့ ပြောမနေနဲ့"

+

"ဘာပဲပြောပြော ဖုန်းကိုတော့ တစ်ချက်
ခေါ်ပေးကြည့်ပါလား" ရိုလန်က
အလျှော့မပေးစတမ်း ပြောလိုက်သည်။

ဂါစီယာသည် တစ်စုံတစ်ခုအား သတိထားမိဟန်
ပေါက်သွားသည်။ "နင်.. နင်က သူမကို
တောင်းပန်နေချင်ရုံ သက်သက် မဟုတ်ဘူး…
ဟုတ်တယ်မလား"

"တကယ်လို့ ငါက သူမထံကနေ လေ့ကျင့်နည်း
အချို့ကို ရခဲ့ရင် ပိုကောင်းမှာပေါ့" ရိုလန်က
မျက်နှာကို ခပ်တည်တည်ထားကာ
ပြောလိုက်သည်။

+

ဂါစီယာက သူမ၏ နှုတ်ခမ်းများကို တွန့်လိုက်ကာ ရိုလန်အား မဖြစ်နိုင်သော အကြံအတွက် လက်လျှော့ဖို့ တိုက်တွန်းရန် ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင် သူမ၏ ဖုန်းအား ကောက်ကိုင်လိုက်လေသည်။

"ဩော်... ဒါနဲ့... နင့်ဆရာရဲ့ နံပါတ်က..."

"နင်က ဘယ်လိုခေါ်ခေါ် ဝင်မှာ မဟုတ်ဘူး... ဌာနချုပ်ကို ခေါ်ဖို့ဆိုရင် အဖွဲ့အစည်းက ဆင်းကတ်နဲ့ ခေါ်မှ ရနိုင်တယ်" ဂါစီယာက သူ့အား တိတ်တိတ်နေရန် လက်ဟန်ပြလိုက်ပြီးမှ အခြားတစ်ဘက်မှ လူအား ပြောလိုက်သည်။
"ဟဲလို... ကျွန်မပါ..."

+

သို့သော်လည်း သုံးမိနစ်ပင် မပြည့်သေးပဲ သူမက ဖုန်းချလိုက်သည်။

"ငါသိနေသားပဲ"

"နင်က ဘာသိနေတာလဲ"

"သူမက ငြင်းမယ် ဆိုတာကိုပေါ့... သူမကို ဖုန်းခေါ်တဲ့ အတွက် ငါက အဆူတောင်ခံခဲ့ရသေးတယ်" ဂါစီယာက ညည်းတွားလိုက်သည်။ "သူမက နင့်ကို လုံးဝ စိတ်ပျက်နေခဲ့ပြီး နင့်နာမည်ကို ကြားလိုက်တာနဲ့ အသံက ချက်ချင်း မာသွားခဲ့တယ်"

+

ရှိလန်သည် မျှော်လင့်မထားသော ရလဒ်ကြောင့် အံ့အားသင့်သွားခဲ့ပြီး နားမလည်နိုင် ဖြစ်သွားသည်။ မိတ်ဆက်ပွဲက သူ့အပေါ်တွင် ထားခဲ့သော လန်၏ သဘောထားအရ ပထမဆုံး ချိန်းဆိုမှုတွင် ရောက်မလာခဲ့ခြင်းကြောင့် သူ့အား သိပ်ပြီးမှ စိတ်ဆိုးနေဟန် မပေါ်နေသည့် အပြင် သူ့အား အတော်လေး မျှော်လင့်ထားသည့်ပုံ ပေါက်နေခဲ့သေးသည်။

သူမသည် သဘာဝ အင်အားကို ကောင်းစွာ အသုံးပြုနိုင်သည်ကို ပြသသည့် အနေဖြင့် လူမမြင်အောင် စကားပြောခဲ့သည်ဟု ခံစားနေရသဖြင့် ဂါစီယာက ထိုအကြောင်း

+

မသိခဲ့ခြင်းကို ရိုလန်က မအံ့ဩနေခဲ့ပေ။
သို့သော်လည်း ယခုအချိန်၌ သူက
ထင်ယောင်ထင်မှား ဖြစ်ခဲ့သလား ဆိုသည်ကို
စတင်၍ သံသယ ဝင်လာလေသည်။

အစ ပထမတွင် ရိုလန်သည် ပဟေဠိအား
အဖြေရှာရန် များစွာ စိတ်အား မထက်သန်နေခဲ့ပဲ
အိမ်မက်ကမ္ဘာ အတွင်းသို့ ရောက်လာခဲ့ အပြီး၌ပင်
ချီတုံချတုံ ဖြစ်နေခဲ့သော်လည်း ယခု
ရှုံးနိမ့်သွားမှုသည် သူ့အား အဆုံးအထိ အဖြေရှာရန်
တွန်းအားများ ပေးခဲ့လေသည်။

"အင်း... ကောင်းပြီလေ" ရိုလန်က
စွတ်ပြုတ်တစ်ဇွန်း သောက်နေရင်း မေးလိုက်သည်။

+

"ဒီလိုဆိုတော့ ငါတို့က ဌာနချုပ်ကို
နောက်တစ်ခေါက် ဘယ်အချိန်ကျရင်
သွားရဦးမှာလဲ"

"နင်က တိုက်စားခြင်းကို နင့်ဘာသာနင်
ကိုင်တွယ်နိုင်ပြီး သိုင်းပညာရှင် တစ်ယောက်
တရားဝင် ဖြစ်လာပြီးမှ ရမယ်... ဘာပဲပြောပြော
အခုအချိန်မှာ နင်က လူသစ်လေးပဲ ရှိနေသေးတယ်"

ဤတောင်းဆိုချက်သည် အကျိုးအကြောင်း
ဆီလျှော်ပြီး ပြည့်မီရန် သိပ်မခက်ခဲဟု ရိုလန်က
ထင်နေသော်လည်း သူ၏ အတွေးများကို
မဖော်ပြခဲ့ပေ။ "ငါက အဲ့ဒီနေ့ကို
မျှော်လင့်နေပါတယ်... ဪ... ဒါနဲ့... ငါတို့က

+

မြေအောက်ခန်းမကို ရောက်ခဲ့တဲ့ အချိန်မှာ နင့်ဆရာ ပြောခဲ့တဲ့ အဖွင့်စကားကို မှတ်မိနေသေးလား"

"ဘာများလဲ"

"သူမက နတ်ဘုရားဆန္ဒ စစ်ပွဲဟာ မကြာခင် ရောက်လာတော့မယ်လို့ ပြောထားတယ် မဟုတ်လား... ဒါက ဘာကို ဆိုလိုနေတာလဲ"

"အင်း... ဒါက..." ဂါစီယာက စိတ်ပျက်စွာဖြင့် ပြောလိုက်သည်။ "ငါ့ဆရာက 'ရိုင်စင် ဒီတာ'လို့ ခေါ်တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်ကျော်က ရေးသားထားတဲ့ စာအုပ်တစ်အုပ်ကို အလွန်အမင်း

+

နှစ်သက်နေခဲ့ပြီး ငါ့ကိုလည်း ဖတ်ကြည့်ဖို့ တိုက်တွန်းခဲ့တယ်… အဲ့ဒီ စာအုပ်မှာ လူမှု အဖွဲ့အစည်း တစ်ခု ဘယ်လို ပေါ်ပေါက်လာပြီး ဆင့်ကဲ တိုးတက်မှုတွေ ဖြစ်လာနိုင်သလဲ ဆိုတာကို ဖော်ပြထားတယ်"

"စာရေးဆရာက ဒါကို နတ်ဒေဝါရဲ့ ရွေးချယ်မှုလို့ ဆိုထားပြီး နတ်ဒေဝါ ဆိုတာက ပုဂ္ဂိုလ် တစ်စုံတစ်ယောက် မဟုတ်နေပဲ အမှန်ဆိုရင် စည်းမျဉ်းတစ်ခု ဒါမှမဟုတ် အရာအားလုံး ဆက်လက် ရှင်နေနေဖို့ ရည်ရွယ်ချက်ကို ဆိုလိုနေခြင်းသာ ဖြစ်တယ်"

+

"ဒါပေမဲ့ ဒီသဘောတရားတွေဟာ ဒီကမ္ဘာက
လူတွေအတွက် စိတ်ကူးယဉ် ဆန်လွန်းနေပြီး
ဒါတွေက ငါတို့နဲ့ ဘာမှ မဆိုင်နေဘူး...
ဒီစာအုပ်ဟာ သိုင်းပညာရှင် အဖွဲ့အစည်း
အတွင်းမှာပဲ ရှိနေတဲ့ အတွက် လူအနည်းငယ်သာ
ဒီအကြောင်းကို သိနိုင်ခဲ့တယ်"

ဂါစီယာ၏ အဖြေသည် ရိုလန်အား သတိပေး
ခေါင်းလောင်းသံများကို ထိုးပေးခဲ့သည်။
ထိုစာအုပ်အား သူက ယခင် တစ်ခါမှ
မတွေ့ဖူးခဲ့သဖြင့် အိမ်မက်ကမ္ဘာက သူ့ဘာသာသူ
ဖန်ဆင်းထားခြင်းပင် ဖြစ်ပေလိမ့်မည်။

"ငါက ဒီစာအုပ်ကို တစ်ချက်ကြည့်လို့ ရနိုင်မလား"

+

"ဒီစာအုပ်ဟာ ဌာနချုပ်မှာ ရှိနေပြီး ငါက နောက်လကျရင် တာဝန်တွေကို ပြန်လည် တင်ပြတဲ့ အချိန်မှာ စာကြည့်တိုက်ကနေ ငှားလာပေးလို့ ရတယ်" ဂါစီယာက ရိုလန်အား စိတ်ဝင်တစားဖြင့် ကြည့်နေရင်း ပြောလိုက်သည်။ "တကယ်လို့ ငါသတိရနေသေးရင်ပေါ့"

ဂါစီယာသည် သူ၏ ရည်ရွယ်ချက်များကို စတင်၍ သံသယဝင်လာပြီ ဆိုသည်ကို သတိပြုမိသဖြင့် ရိုလန်က ခေါက်ဆွဲများကို အလျင်အမြန် မျိုချကာ ထွက်လာခဲ့လေသည်။

+

နောက်တစ်ရက် အိမ်မက်ကမ္ဘာ အတွင်းမှ
ထွက်လာခဲ့အပြီးတွင် သူက သက်ပြင်းရှည်ကြီး
တစ်ချက်အား ချလိုက်မိသည်။

အိမ်မက်ကမ္ဘာ အတွင်းမှ အရာအားလုံးသည်
သိုင်းပညာရှင် အဖွဲ့အစည်းနှင့် မပတ်သတ်နေလျှင်
ပုံမှန် ဖြစ်နေသည်ဟု ထင်နေရသော်လည်း
အဖွဲ့အစည်းနှင့် ပတ်သတ်လာလျှင်မူ
မူမမှန်နေသကဲ့သို့ ဖြစ်နေခဲ့သည်။

သူ၏ ဤတစ်ခေါက် စုံစမ်း စစ်ဆေးမှုသည် အဆင်
သိပ်မပြေခဲ့သော်လည်း လုံးဝ အချည်းနှီးတော့
မဟုတ်ခဲ့ပေ။ အကြီးမားဆုံးသော အောင်မြင်မှုမှာ
အချိန်ကာလ ကြာမြင့်စွာ စောင့်မျှော်နေကြသော

+

နတ်ဘုရား စီရင်ခြင်း စုန်းမများ အနေဖြင့် အိမ်မက်ကမ္ဘာ အတွင်းတွင် အာရုံများကို ထပ်ဖန်တစ်ခါ ခံစားနိုင်ခဲ့ခြင်း ဖြစ်သည်။ သူတို့က ကောင်းမွန်သော အချိန်တစ်ခုကို ရနိုင်ခဲ့သဖြင့် ရိုလန်သည် ထိုခရီးက တန်နေသည်ဟု ခံစားနေရသည်။

ရိုလန်သည် ကိစ္စများကို လျင်မြန်စွာ ပြီးစီးသွားစေရန် အချိန်ပို ရနေမှုကို အခွင့်ကောင်းယူ၍ အိမ်မက်ကမ္ဘာ အတွင်းသို့ အကြိမ်အနည်းငယ် ပိုသွားရန် စဉ်းစားနေချိန်တွင် လျှပ်စီးသည့် အမြီးတို လင်းယုန်တစ်ကောင်အား သူမ၏ လက်အတွင်းတွင် ပိုက်ထားကာ သူ၏ တဲအတွင်းသို့ ရုတ်တရက် ပျံသန်း ဝင်ရောက်လာလေသည်။

+

"အရှင်မင်းမြတ်… အရှင့်ရဲ့ အမြန်ချောပို့စာရောက်လာပါပြီ" ကောင်မလေးက ဗလုံးဗထွေးဖြင့် ပြောလိုက်သည်။ "ဒါက ဆောင်းမဲ့မြို့တော်က ဝှက်စာ တစ်စောင်ပါ"

အနောက်ပိုင်းဒေသမှ စာတစ်စောင်။ ဤခရီးသည် နည်းနည်းနောနော ခရီးတစ်ခု မဟုတ်ပေ။ ဆောင်းမဲ့မြို့တော်၌ တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့သလော။

စာပို့ခိုများကို ချွေတာနိုင်ရန် အတွက် အစိုးရ ကိစ္စရပ်များနှင့် ပတ်သတ်သည့် သာမန် တင်ပြချက်များကို ဘုရင့်မြို့တော်ဟောင်းသို့

+

ရေကြောင်းဖြင့် ပို့ကာ သီယိုနှင့် သူ့လူများက သူ့ထံသို့ ပြန်ပို့ပေးခဲ့သည်။ အမြီးတို လင်းယုန်သည် တိရစ္ဆာန် ဆက်သားများ အနက် အကောင်အကြီးဆုံး ဖြစ်၍ မှော်စွမ်းအားများကို အများဆုံး အသုံးပြုရန် လိုနေသည်။

ထိုငှက်အား အသုံးပြု၍ စာပို့ရခြင်း၏ အားသာချက်မှာ သူသည် အင်အားအကြီးဆုံး မျိုးနွယ်စု တစ်ခု ဖြစ်နေသဖြင့် လုံခြုံ စိတ်ချရခြင်း ဖြစ်သည်။ သို့သော်လည်း သူ၏ အားနည်းချက်မှာမူ စုန်းမ၏ မှော်စွမ်းအားများကို များစွာ သုံးစွဲခြင်းပင် ဖြစ်သည်။

+

အမြီးတို လင်းယုန် တစ်ကောင်အတွက် လိုအပ်သော စွမ်းအားသည် မီးခိုးရောင် လင်းယုန် တစ်ကောင်ထက် သုံးဆ ပိုများသဖြင့် ဟန်နီအနေဖြင့် ဤမျှအထိ ခက်ထန်သော ငှက်တစ်ကောင်အား ထိန်းချုပ်ရန် အတော်လေး ခက်ခဲပေသည်။

ရိုလန်သည် ခြေတပေါင်ကျိုး တိရစ္ဆာန် ဆက်သားကို ပွတ်သပ်လိုက်ပြီး သူ၏ လက်သည်းများမှ ချိပ်ပိတ်ထားသော လက်စွပ်ကို ယူလိုက်၍ စာကို ဖြန့်ဖတ်လိုက်သော အခါ ပြန်မထိုင်နိုင် ဖြစ်သွားခဲ့သည်။

+

"မိစ္ဆာ စစ်တပ်ဟာ မြေရိုင်းဒေသမှာ ပေါ်လာခဲ့ပြီလား... ဒါက ငါထင်ထားတာထက် အများကြီး ပိုစောနေတာပဲ"

## စာစဥ် ၆၁ : အပိုင်း ၁၁

## အပိုင်း ၉၁၁ : တောက်ပနေသော သေမင်းကြယ်စင်

လေးရက်အကြာတွင် ရိုလန်သည် ဟားမီးစ်နှင့် မြောက်ပိုင်း ဒေသတို့တွင် ရောက်ရှိနေကြသော အရာရှိ ခေါင်းဆောင်များ အားလုံးကို ဆင့်ခေါ်လိုက်ကာ မြင့်မြတ်သော မြို့တော်၏ အစွန်အဖျားတွင် နေရာချထားသော ပထမ

+

စစ်တပ်၏ စခန်းအတွင်းတွင် အရေးပေါ် အစည်းအဝေး တစ်ခုအား ကျင်းပလိုက်သည်။

အစည်းအဝေး၏ အရေးပေါ် အခြေအနေကို အားလုံးတို့က နားလည်နေကြသော်လည်း တစ်ယောက်မှ တုန်လှုပ် ချောက်ချားနေကြခြင်း မရှိခဲ့ပဲ အရပ်သား ဝန်ထမ်းများရော ပထမ စစ်တပ်မှ အရာရှိများကပါ အရှင်မင်းမြတ်တွင် အစီအစဥ် အသစ်များ ရှိနေပြီကို ခန့်မှန်းနိုင်ခဲ့ကြသည်။ ဘုရင်က မပျော်မရွှင် ဖြစ်နေသော မျက်နှာဖြင့် တဲအတွင်းသို့ ဝင်လာမှသာ တီးတိုး ဆွေးနွေးနေသံများက ရပ်သွားကြသည်။

+

"ငါက ရှိနေတဲ့ သူတွေကို အစည်းအဝေး ခေါ်ခဲ့တာ" ရိုလန်က စားပွဲခုံကို ခေါက်လိုက်သည်။ "ငါတို့က ဆောင်းမဲ့မြို့တော်ကို ချက်ချင်း ပြန်သွားမှ ရမယ်"

တိုတောင်းသော ဤကြေညာချက်ကို ကြားခဲ့ရ အပြီးတွင် အရာရှိများ အကြား၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့လေသည်။

ဤသတင်း၏ အရင်းအမြစ်သည် မေးခွန်းထုတ်စရာ ဖြစ်နေသဖြင့် ရိုလန်သည် ဝှက်စာကို ရရှိခဲ့ကတည်းက သံသယများစွာ ရှိနေခဲ့သည်။ သတင်းက ထိတ်လန့် တုန်လှုပ်ဖွယ်ရာ ဖြစ်နေသော်လည်း လော်ဂျာ လောင်ကျွမ်းမီးတောက်၏ ပြောပြချက်ကို

+

ထောက်ခံ အတည်ပြုနိုင်သည့် သက်သေ သာဓက
တစ်ခုမှ မရှိနေသလို သူမသည် ထိုမိစ္ဆာများနှင့်
မည်သည့်အချိန်တွင် မည်ကဲ့သို့ တွေ့ဆုံခဲ့သည်
ဟူသော အသေးစိတ် အချက်များလည်း
ပါမလာခဲ့ပေ။

မိစ္ဆာစစ်တပ် တစ်ခုလုံး၏ ခြိမ်းခြောက်မှုကို
လျစ်လျူရှုထား၍ မရသော်လည်း သူတို့က
မည်သည့် နေရာတွင် ရှိနေသည်ကို အတိအကျ
မသိရသေးပေ။ ထို့အပြင် လက်ရှိ စစ်ဆင်ရေးအား
ရုတ်တရက် ပြောင်းလဲလိုက်လျှင် ဒေသတွင်း
မတည်မငြိမ် ဖြစ်လာနိုင်သဖြင့် ရိုလန်က ချီတုံချတုံ
ဖြစ်နေခဲ့ခြင်း ဖြစ်သည်။

+

သို့သော်လည်း ရက်အနည်းငယ်
စောင့်လိုက်အပြီးတွင် ရိုလန်သည် အနောက်ပိုင်း
ဒေသမှ တိုက်ရိုက် ပျံသန်းလာသော တိရစ္ဆာန်
ဆက်သားများကို မကြာခဏ လက်ခံရရှိခဲ့သည်။
ဆောင်းမဲ့မြို့တော်၌ အရေးပေါ် အခြေအနေ
တစ်ခုအား ကြေညာထားခဲ့သည်မှာ သံသယဖြစ်ဖွယ်
မရှိပေ။

ရောက်ရှိလာသော စာများက ဤအချက်ကို
အတည်ပြုပေးခဲ့ကာ သူသည် လော်ဂျာ၏
ဒဏ်ရာများ၊ မိစ္ဆာစစ်တပ်နှင့်
အိပ်ပျော်နေသောကျွန်းမှ ရောက်ရှိလာသော
စုန်းမများ အကြောင်းတို့ကို အသေးစိတ်
သိရှိနိုင်ခဲ့သည်။ ဤစာများသည် အမှန်ဆိုလျှင်
သူ့စားပွဲခုံပေါ်သို့ ပေးပို့ခဲ့သည့် ရက်စွဲအရ အစီအစဉ်

+

တကျ ရောက်ရှိလာရမည် ဖြစ်သော်လည်း
အမှန်တွင် ပြောင်းပြန် ဖြစ်နေခဲ့သည်။

အရေးအကြီးဆုံး သတင်းများကို အကြီးမားဆုံး
ငှက်များဖြင့် ပို့ခဲ့သဖြင့် သူသည် နောက်ဆုံးမှ
ပို့ခဲ့သော စာများကို အရင်ဆုံး ရရှိနိုင်ခဲ့သည်။

စာများအားလုံးကို ဖတ်ရှုပြီးသော အခါမှသာ
ရိုလန်သည် ဘာဖြစ်ခဲ့သည်ကို အကြမ်းဖျင်း
ခန့်မှန်းနိုင်ခဲ့သည်။ တတိယမြောက် ဂုက်စာမှ
တဆင့် လော်ဂျာသည် သူမ၏ တိုက်ခိုက်မှု
စွမ်းရည်အား မြှင့်တင်နိုင်ရန် သွေးနှော
မိစ္ဆာသားရဲများ၊ မိစ္ဆာများနှင့် တိုက်ခိုက်လိုနေသည့်
အတွက် လျှပ်စီး၏ မြေပုံကို အသုံးပြုကာ

+

တက်ကီလာ မြို့ပျက်အနားသို့ သွားခဲ့သည်ကို သူက သိလာခဲ့သည်။

လျှပ်စီးနှင့် စကားပြောခဲ့အပြီးတွင် သူသည် ဤသတင်း၏ မှန်ကန်မှုအား အတည်ပြုနိုင်ခဲ့လေသည်။

တစ်ချိန်တည်းတွင် ဝံပုလွေ ကောင်မလေး၏ အလျှော့မပေးသည့် စိတ်ဓာတ်ကို သူက အသိအမှတ် ပြုမိခဲ့သည်။

သူတို့နှစ်ယောက် ပထမဆုံး တွေ့ခဲ့သည့် အချိန်တွင် သူမအပေါ်၌ အတော်လေး ကြမ်းတမ်းစွာ ဆက်ဆံမိသလားဟု ရိုလန်က စဉ်းစားမိသည်။

+

ကံကောင်းစွာဖြင့် နေဝင်ဆည်းဆာ၏ ပေါင်းစပ်မှု မျိုးစေ့ကြောင့် လော်ဂျာက အသက်ရှင်နိုင်ခဲ့လေသည်။ သူမ၏ သတင်းကြောင့်သာ မဟုတ်လျှင် သူသည် ဆောင်းဦးနှောင်းပိုင်းမှသာ ဆောင်းမဲ့မြို့တော်သို့ ပြန်မည် ဖြစ်ပြီး ထိုအချိန်၌ သူ၏ ရန်သူများသည် မြေရိုင်းဒေသ၌ သူတို့ကိုယ် သူတို့ အခြေချပြီး ဖြစ်နေပေလိမ့်မည်။

ဤအရာသည် အမှန်ပင် တန်ဖိုးကြီးမားသည့် သတင်း တစ်ခု ဖြစ်ပြီး သူမအနေဖြင့် ဆောင်းမဲ့မြို့တော် အတွက် ထမ်းဆောင်ပေးခဲ့သော

+

တာဝန်ကြောင့် အထူးဆုလာဘ် တစ်ခုနှင့်
ထိုက်တန်သည်ဟု ရိုလန်က တွေးနေခဲ့သည်။

ထိပ်တန်း စစ်သည်တော် တစ်ယောက်
ဖြစ်လာရန်ဟူသော သူမ၏ အိမ်မက်အား
အကောင်အထည် ဖော်ပေးနိုင်ရန် သူသည် သူမအား
ချပ်ဝတ်တန်ဆာနှင့် လက်နက်တစ်စုံကို
ပေးအပ်နိုင်သည်။ ဤသို့ဆိုလျှင် သူမ၏ တိုက်ခိုက်မှု
စွမ်းရည်သည် ကြီးမားစွာ တိုးတက်လာနိုင်ပေသည်။

"ငါတို့ရဲ့ လက်ရှိ အခြေအနေက ဒီအတိုင်း
ဖြစ်တယ်" ရိုလန်သည် ဝှက်စာများ အတွင်းတွင်
ပါသော အဓိက အချက်အလက်များကို တဲအတွင်းရှိ

+

လူများအား ရှင်းပြလိုက်၍ လေးနက်စွာဖြင့် ကြည့်လိုက်သည်။

"ငါတို့ဟာ ဒီဒေသက လက်ရှိ အစီအစဉ်တွေကို ဆိုင်းငံ့ထားရမှာ ဖြစ်ပြီး ဒီနေ့က စကာ မင်းတို့အားလုံးက ပြန်လည် ဆုတ်ခွာဖို့ စတင် ပြင်ဆင်ရလိမ့်မယ်... ငါက အရင်ပြန်သွားပြီး ဆောင်းမဲ့မြို့တော်က အခြေအနေတွေကို ပုံမှန်ဖြစ်အောင် ပြန်လည် ထိန်းသိမ်းရမယ်"

အခန်းအတွင်းမှ ဖိအားများသည် ချက်ချင်း မြင့်တက်လာခဲ့သည်။ တဲအတွင်းမှ လူအများစုသည် မိစ္ဆာများ အကြောင်းကို ကြားဖူးထားကြပြီး သူတို့သည် မီးခိုးရောင် ရဲတိုက်၏ အကြီးမားဆုံး

+

ရန်သူများ ဖြစ်ကာ လူသား မျိုးနွယ်စုတို့ အတွက် ခြိမ်းခြောက်မှု တစ်ရပ် ဖြစ်မှန်းကို ကောင်းစွာ သိနေကြသည်။

ကောလာဟလများကို များစွာ ကြားခဲ့ဖူးသော်လည်း သူတို့ တစ်ယောက်ကမှ မိစ္ဆာတစ်ယောက်နှင့် အမှန်တကယ် ရင်မဆိုင်ဖူးကြပေ။ သို့ဖြစ်၍ တဲအတွင်းမှ အရာရှိများသည် လက်ရှိ အခြေအနေအား မည်ကဲ့သို့ ကိုင်တွယ်ရမည်ကို မသေချာနေခဲ့ပဲ တဲတစ်ခုလုံးက လုံးဝကို တိတ်ဆိတ် ငြိမ်သက်သွားသည်။

ဤသတင်းသည် အားလုံးတို့ကို အငိုက်မိသွားစေခဲ့ပြီး သူတို့သည် လက်ရှိ

+

အခြေအနေကို ကိုင်တွယ် ဖြေရှင်းရန် အချိန် အနည်းငယ် လိုနေမှန်းကို ရိုလန်က ကောင်းစွာ သိနေခဲ့သည်။

အချိန် အတန်ကြာ ငြိမ်သက်သွား အပြီး၌ အကြံပေး ဌာနမှ အရာရှိ တစ်ဦး ဖြစ်သူ ဆာအယ်တပ်ခ်က သူ၏လက်ကို မြှောက်လိုက်သည်။
"အရှင်မင်းမြတ်... ကျွန်တော်တို့ ရရှိခဲ့တဲ့ သတင်း အချက်အလက်ကို ယုံကြည်လို့ ရနိုင်ပါသလား"

"ဆိုရာယာရဲ့ အမှတ်အသား ဒါမှမဟုတ် ဟန်နီရဲ့ တိရစ္ဆာန် ဆက်သားတွေကို အတုပြုလုပ်ဖို့ မလွယ်ကူဘူး" ရိုလန်က အတည်ပြု ဖြေကြားလိုက်သည်။ "ငါက နှစ်ခါပြန်လည်

+

စစ်ဆေးမှု မလုပ်ခဲ့ရပေမဲ့ ဒီအခြေအနေကို အထူး အခြေအနေလို့ သတ်မှတ်လို့ ရနိုင်တယ်... ဘာပဲပြောပြော မိစ္ဆာတွေနဲ့ ပတ်သတ်တဲ့ ကိစ္စကို ကိုင်တွယ်ဖို့က မလွယ်ကူဘူး"

"ဟုတ်ပါတယ်... ဒါပေမဲ့ အရဏ်ဦး နိုင်ငံနဲ့ ပတ်သတ်တဲ့ ကိစ္စတွေက ဘယ်လို လုပ်ရမလဲ" ထာဝရည မြို့စားက အရေးအကြီးဆုံး မေးခွန်းအား မေးလိုက်သည်။

"ငါတို့က အိုတိုကို သေချာပေါက် ကယ်တင်ရမှာ ဖြစ်ပြီး မီးခိုးရောင် ရဲတိုက်ဟာ သူ့ရဲ့ မဟာမိတ် တစ်ယောက်ကိုမှ ပစ်ပယ်ထားမှာ မဟုတ်ဘူး" ရိုလန်က အတော်လေး စိုးရိမ် ပူပန်နေဟန်

+

ပေါက်နေသော အန်ဒရီယာအား တစ်ချက်
လှမ်းကြည့်လိုက်သည်။

"အရဏ်ဦး ဘုရင်ဟာ သူလုပ်ခဲ့တဲ့ အရာတွေ
အတွက် ပေးဆပ်စေရမယ်... ဝင်ဘယ်ဒန်တွေရဲ့
အမျက်ဒေါသဟာ နောက်ကျကောင်း
နောက်ကျနိုင်ပေမဲ့ သေချာပေါက်တော့
ရောက်လာမှာပဲ... ငါက တခြား အစီအစဥ် တစ်ခုကို
ရေးဆွဲရမှာ ဖြစ်ပြီး ပထမ စစ်တပ်ကတော့
ပါဝင်နိုင်တော့မှာ မဟုတ်ဘူး"

ရိုလန်၏ စိတ်ပိုင်းဖြတ်မှုအား မြင်ခဲ့ရအပြီးတွင်
တစ်ယောက်မှ ကန့်ကွက်ခြင်း မပြုကြတော့ပဲ

+

အကြံပေး ဌာနမှ အရာရှိများက တပ်ဖွဲ့များ ဆုတ်ခွာရန် အစီအစဉ်အား ရေးဆွဲခဲ့ကြသည်။

ပထမ စစ်တပ်သည် အရေးပေါ် အခြေအနေများနှင့် ရင်းနှီး ကျွမ်းဝင်နေပြီး တပ်ဖွဲ့များက ပေးအပ်သော တာဝန်များကို ကောင်းစွာ လိုက်နာနိုင်ကြကာ ရှေ့တက် တိုက်ခိုက်မှုနှင့် ပြန်လည် ဆုတ်ခွာမှုတို့ကို စနစ်တကျ ပြုလုပ်နိုင်ကြသည်။ သို့ဖြစ်၍ သူအရင် ပြန်ရမည်ကို ရိုလန်အနေဖြင့် သိပ်ပြီးမှ စိုးရိမ်နေခြင်း မရှိနေပေ။

မြို့စားကန့် ကြီးကြပ်နေသော မြောက်ပိုင်းဒေသမှ မြို့တော်ခန်းမခွဲက မြင့်မြတ်သော မြို့တော်သစ်နှင့် မြင့်မြတ်သော မြို့တော်ဟောင်းတို့ အတွက်

+

ထောက်ပံ့ရေး ပစ္စည်းများနှင့် ဝန်ထမ်းတို့အား ခွဲဝေရန် တာဝန်ယူရမည် ဖြစ်သည်။

အစ္စဘာယ်လာ အပါအဝင် သီလရှင် အမှုဆောင် အဖွဲ့ အသစ်နှင့် မြောက်ပိုင်းဒေသမှ မြို့စောင့်တပ်တို့သည် ဘုရားကျောင်းမှ လက်ကျန် ယုံကြည်သူများ ထကြွ ပုန်ကန်ရန် အခွင့်အရေး မရရှိနိုင်ရန် အတွက် သယ်ယူပို့ဆောင်မှုများ ပြီးမြောက်သွားသည့် အချိန်အထိ နောက်ချန် နေရစ်ခဲ့မည် ဖြစ်သည်။ ဤသို့ဖြင့် သူတို့သည် ဟားမီးစ် ကုန်းပြင်မြင့်အား ရိုလန်၏ နယ်မြေအတွင်းသို့ အောင်မြင်စွာ ပေါင်းစည်းနိုင်ခဲ့လေသည်။

+

ရိုလန်သည် သူရွေးချယ်ထားသည့် အမှုဆောင် ကော်မတီ အသစ်တွင် သူ့အား သစ္စာ စောင့်သိရန်နှင့် စုန်းမများ အပေါ်မှ ဖိအားများကို လျော့ကျသွားစေရန် အယူဝါဒ အသစ်များကို ဝါဒဖြန့်ထားခဲ့သည်။ ပြီးတာနှင့် သူသည် ထိုအဖွဲ့အစည်းက ယခင် ဘုရားကျောင်း နေရာတွင် အစားထိုး၍ သူ၏ အုပ်ချုပ်မှုအား ကူညီနိုင်မလား ဆိုသည်ကို ပြန်လည် သုံးသပ်မှုများ ပြုလုပ်မည်ဟု စိတ်ကူးထားသည်။

သို့သော်လည်း သူ၏ လက်ရှိ ဦးစားပေးရမည့် အရာမှာ မြင့်မြတ်သော မြို့တော်သည် နတ်ဘုရားဆန္ဒ စစ်ပွဲ မတိုင်မီ လူသူ ကင်းမဲ့သော နယ်မြေ ဖြစ်မသွားစေရန် အစီအစဥ် တကျဖြစ်အောင် ထိန်းသိမ်းရန်ပင် ဖြစ်လေသည်။

+

ဤအရာများကို ဗုက်စာများ
မရောက်ခင်ကတည်းက အနည်းနှင့် အများ
ပြုလုပ်ဆောင်ရွက်နေပြီ ဖြစ်ပြီး ယခု အချိန်၌
ပိုမြန်မြန်ပြီးအောင် တွန်းအားပေးရန်သာ
လိုတော့သည်။ သူယခု ပြုလုပ်ရမည့် အရာမှာ
အရုဏ်ဦး နိုင်ငံအား အခြား နည်းလမ်းသုံး၍
သိမ်းပိုက်နိုင်အောင် ကြိုးစားရန်ပင် ဖြစ်သည်။

အစည်းအဝေး အပြီးတွင် ရိုလန်က အန်ဒရီယာအား
ချန်နေရစ်စေခဲ့သည်။

+

"ပထမ စစ်တပ်ရဲ့ အထောက်အပံ့ မရတော့လို့ ငါတို့က အစီအစဉ် ပြောင်းဖို့ လိုလိမ့်မယ်" သူက လိုရင်းကို တိုက်ရိုက်ပြောလိုက်သည်။

"သိပ်ပြီးမှ စိတ်မပူနေပါနဲ့... အရှင်မင်းမြတ်... အရှင် မင်းသမီး တီလီနဲ့ အိပ်ပျော်နေသောကျွန်းက စုန်းမတွေဟာ ဆောင်းမဲ့မြို့တော်ကို ဘာမှ မဖြစ်အောင် ကူညီပေးပါလိမ့်မယ်" ရွှေရောင်ဆံပင်နှင့် စုန်းမသည် အနည်းငယ် ပူပင်သောက ရောက်နေသည့်ပုံ ပေါက်နေသော်လည်း သူ့အား နှစ်သိမ့်လိုက်သေးသည်။ "အရှင်က အတတ်နိုင်ဆုံး လုပ်ပြီးပြီပဲ... မတတ်နိုင်တဲ့ အရာတွေ အပေါ်မှာ သိပ်ပြီးမှ ဖိအား များမနေပါနဲ့"

+

"မင်းမှားနေပြီ..." ရိုလန်က သူ၏ခေါင်းကို ခါလိုက်သည်။ "ပထမ စစ်တပ် မရှိပေမဲ့ ငါတို့မှာ နောက်ထပ် နည်းလမ်းတစ်ခု ရှိနေသေးတယ်... တကယ်လို့ ငါက အေပန် မိုရာရဲ့ ခေါင်းကို လိုချင်နေရင် သူ့ရဲ့ ရဲတိုက်နဲ့ နိုက်သူရဲကောင်းတွေက ကယ်တင်နိုင်မယ်လို့ မင်းက ထင်နေလို့လား... ပြီးတော့ အရုဏ်ဦး နိုင်ငံကို တိုက်ရိုက် မတိုက်ခိုက်ခဲ့ရင်တောင် အိုတိုလော်ရှီးကိုတော့ ကယ်တင်နိုင်သေးတယ်"

"တကယ်လို့ ဒီအစီအစဥ်က အလုပ်ဖြစ်ခဲ့ရင် ငါတို့က ဘုရင်ကို နန်းချနိုင်မယ့် အပြင် ဒီဒေသကို

+

မူလ မျှော်မှန်းထားတာထက် ပိုပြီးမှ မြန်မြန်ဆန်ဆန် ထိန်းချုပ်နိုင်လိမ့်မယ်"

"ပိုပြီးမှ မြန်မယ်... ဟုတ်လား" အန်ဒရီယာက စိတ်ရှုပ်ထွေးသွားသည်။ "မဟုတ်မှ လွဲရော... အရင်က..."

"ဟုတ်တယ်" ရိုလန်က သူ၏ နှုတ်ခမ်းများကို တွန့်၍ ပြောလိုက်သည်။ "အခုအချိန်မှာ သူတို့ရဲ့ ဘဝတစ်သက်တာ ရန်သူတွေ ဖြစ်ကြတဲ့ မိစ္ဆာတွေနဲ့ တိုက်ခိုက်ဖို့ အချိန် အရမ်း နီးကပ်လာပြီ ဖြစ်လို့ သူတို့ကို တိုက်တွန်းဖို့တော့ သိပ်မလွယ်လှဘူး" ရိုလန်က ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။

+

"နတ်ဘုရား စီရင်ခြင်း စုန်းမ ငါးဆယ်ဟာ ထူးကဲစုန်းမ ငါးဆယ်လောက် အစွမ်းထက်ပြီး ဖက်ဒရေးရှင်းခေတ်မှာတောင် သူတို့ကို လုံးဝ လျှော့တွက်လို့ မရပဲ တိုက်ပွဲအတွင်းမှာ ငါကလွဲလို့ ကျန်တဲ့သူတွေက တားဆီးနိုင်မှာ မဟုတ်ဘူး"

"နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးတွေရော နိုက်သူရဲကောင်းရဲ့ ဓားတွေကပါ သူတို့ကို ကာကွယ်နိုင်မှာ မဟုတ်တဲ့အတွက် အေပန်ရဲ့ အချိန်တွေက သိပ်မကျန်တော့ပါဘူး"

## စာစဥ် ၆၁ : အပိုင်း ၁၂

+

# အပိုင်း ၉၁၂ : အတွေးအမြင် ပဓာန ဝါဒီ (၁)

"အရဏ်ဦး ဘုရင်ကို ကိုင်တွယ်ရခြင်းဟာ ငါ့အတွက် တကယ့်ပြဿနာ ဘယ်တော့မှ မဟုတ်ခဲ့ပဲ အဓိက ပြဿနာက အရဏ်ဦး နိုင်ငံ အတွင်းက သြဇာအာဏာကို ဆက်လက် ထိန်းသိမ်းနိုင်ဖို့ပဲ... နောက်ထပ် မိုရာတစ်ယောက်ကို ထပ်ရွေးဖို့ ဒါမှမဟုတ် နောက်ထပ် ကေရာဇ် အဖြစ် တော်ဝင် မိသားစုကို လိုလားနေတဲ့သူ တစ်ယောက်ကို ရွေးချယ်ဖို့က ငါတို့ရဲ့ ရည်ရွယ်ချက် မဟုတ်နေတာကို မင်းက ကောင်းစွာ သိထားသင့်တယ်"

+

ရိုလန်သည် အန်ဒရီယာ၏ မျက်လုံး အတွင်းသို့ တည့်တည့် ကြည့်ကာ ဆက်ပြောလိုက်သည်။ "ငါ့ရဲ့ ဝင်ရောက် စွက်ဖက်မှုဟာ ဒီနိုင်ငံရေး လှုပ်ရှားမှုကို တည့်မတ်ပေးနိုင်မယ်လို့ ငါထင်ထားခဲ့ပေမဲ့ အခုအချိန်မှာတော့ မိသားစု သုံးခုတို့က ရှေ့တက်ပြီး တာဝန်ယူရတော့မယ်လို့ ငါထင်နေတယ်"

အေပန် မိုရာ အာဏာ ဆုံးရှုံးခဲ့ အပြီးတွင် ဖြစ်ပေါ်လာမည့် အရှုပ်အထွေးများကို ဖြေရှင်းရန် တစ်စုံတစ်ယောက် လိုအပ်နေသည်မှာ သိသာနေသည်။ မီးခိုးရောင် ရဲတိုက် ဘုရင်နှင့် သူ၏ ပြိုင်ဘက်ကင်း စစ်တပ်၏ ဂုဏ်သတင်းအား မှူးမတ်အားလုံးက သိနေကြပြီး ဖြစ်သဖြင့် အကယ်၍ အားလ်ကွင်းသည် တိုင်းပြည်၏ အုပ်စိုးသူ ဖြစ်လာသည့် တိုင်အောင် သူသည်

+

ဝင်ဘယ်ဒန် မိသားစု ထိန်းချုပ်ထားသည့် ရုပ်သေးရုပ် တစ်ခု ဖြစ်နေသေးမှန်းကို သူတို့က ယုံကြည်နေကြပေလိမ့်မည်။

အစီအစဉ် အသစ်အရ မီးခိုးရောင် ရဲတိုက်၏ ဝင်ရောက် စွက်ဖက်မှုက မဖြစ်နိုင်တော့သော်လည်း နတ်ဘုရား စီရင်ခြင်း စုန်းမများသည် နိုင်ငံရေးနှင့် ဆက်နွယ်နေခြင်း မရှိသဖြင့် ရိုလန်သည် သူ၏ အစီအစဉ်အား မိသားစု သုံးခု နာမည်ကို သုံး၍ ဆောင်ရွက်နိုင်သေးသည်။

ထိုသို့ မဟုတ်ပါက သံတမန်ရေးရာ စစ်ပွဲသည် ရိုလန် ရှောင်ရှားလိုနေသည့် လက်စားချေ လုပ်ကြံ သတ်ဖြတ်မှု တစ်ခုသာ ဖြစ်သွားပေလိမ့်မည်။

+

အစီအစဉ် အသစ်သည် ကွင်းမိသားစု အတွက် အားသာချက်နှင့် အားနည်းချက်များကိုပါ ယူဆောင်လာပေးနိုင်သည်။ အားနည်းချက်မှာ ကွင်းတို့သည် ဝေဖန်မှု ပစ်မှတ်များ ဖြစ်လာကြမည် ဖြစ်ပြီး အားသာချက်မှာမူ သူတို့၏ ဂုဏ်သတင်းနှင့် သိက္ခာတို့က တိုးတက်လာရန် အလားအလာများ ရှိနေခြင်းပင်တည်း။

အကယ်၍ အားလ်ကွင်းသည် ဤအခွင့်အရေးကို အပိုင် အသုံးချကာ တောက်ပမြို့တော်အား အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ပါက သူသည် အုပ်စိုးသူ အဆင့်မှ နေ၍ အရဏ်ဦး ဘုရင်အသစ် တစ်ပါး ဖြစ်လာနိုင်သည်။

+

ဤအရာသည် အားလပ်ကွင်း အတွက် ဆိုးကျိုးထက် ကောင်းကျိုးက ပိုများမည်မှာ သေချာနေသည့် ကုန်သွယ်မှု တစ်ခု ဖြစ်နေသည်။ အထူးသဖြင့် သူက ဒေသတွင်းတွင် လွှမ်းမိုးမှု ကြီးမားစွာ ရှိနေချိန်၌ ဖြစ်သည်။

အန်ဒရီယာသည် ခေတ္တမျှ စဥ်းစားခဲ့ အပြီးတွင် ဖြစ်နိုင်ခြေများကို နားလည်သွားခဲ့၍ ပြောလိုက်သည်။ "ဒါပေမဲ့ ဒီလိုဆိုရင် အရှင်က... အစီအစဥ် အသစ်ကနေပြီး အကျိုးအမြတ် အနည်းငယ်သာ ရနိုင်တော့မှာ ဖြစ်တယ်"

+

"ဘာပဲပြောပြော ဒါဟာ အေပန်က ငါ့ကို မကောင်းကြံဖို့ ဆက်လက် ကြိုးစားနေတာထက် စာရင် အများကြီး ပိုကောင်းပါသေးတယ်... အနည်းဆုံးတော့ အိုတိုရဲ့ အသက်ကို ကယ်တင်နိုင်မှာပေါ့" ရိုလန်က မထောက်ခံခဲ့သလို ငြင်းလည်း မငြင်းဆန်ခဲ့ပေ။

"အစည်းအဝေး အစောပိုင်းမှာ ငါပြောထားခဲ့သလိုမျိုးပဲ မီးခိုးရောင် ရဲတိုက်ကို အကျိုးပြုထားတဲ့ တစ်စုံတစ်ယောက်ကိုမှ ငါဟာ အလွယ်တကူ စွန့်ပစ်ခဲ့မှာ မဟုတ်ဘူး"

"ကျွန်မ သိပါပြီ..." အန်ဒရီယာ၏ မျက်နှာပေါ်မှ စိုးရိမ်နေသည့် အမူအရာများက ကျေးဇူးတင်သည့်

+

အကြည့်တစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။ "အက်ဒစ် မိန်းကလေး ပြောတာမှန်တယ်... အရှင်က တကယ့်ကို ကြင်နာတဲ့ ဘုရင်တစ်ပါးပဲ"

"ဘာ... ဘယ်လို" ရိုလန်က အံ့အားတကြီး ဖြစ်သွားသည်။ "အက်ဒစ်ကန့်လား... သူမက ဘာများ ပြောခဲ့လို့လဲ"

"အင်း... ကျွန်မတို့ စစ်မချီခင်ကတည်းက သူမဟာ အရှင်က အိုတိုကို ကယ်တင်လိမ့်မယ်လို့ ကြိုတင် ခန့်မှန်းထားခဲ့တယ်... အမှန်အတိုင်း ပြောရရင် မြောက်ပိုင်းဒေသ၏ ပုလဲက ကျွန်မကို ဒီလိုလုပ်ဖို့ အကြံပေးခြင်း မရှိခဲ့ရင် ကျွန်မက ဒီလောက်အထိ လျှင်မြန်စွာ ဆုံးဖြတ်ချက် ချနိုင်ခဲ့မှာ မဟုတ်ဘူး"

+

တကယ်ပဲလား။

ရိုလန်သည် အမှုမထားဟန် ဆောင်နိုင်ခဲ့၍ ခေါင်းကို ခပ်တည်တည်ဖြင့် ညိတ်ပြလိုက်သည်။
"ကောင်းပြီလေ... မင်းက စိတ်ပိုင်းဖြတ်ပြီးပြီ ဆိုတော့ ငါက စစ်ဆင်ရေး ဆောင်ရွက်ပုံနဲ့ မီးခိုးရောင် ရဲတိုက်နဲ့ မဟာမိတ် ပြုလုပ်ဖို့ အားလပ်ကွင်းထံ စာတစ်စောင် ရေးပေးလိုက်မယ်"

"ဒါ့အပြင် လူအများစုဟာ ဒီလို အခြေအနေမျိုး အောက်မှာ မှန်ကန်တဲ့ ရွေးချယ်မှုကိုသာ ပြုလုပ်နိုင်မှာ ဖြစ်ပေမဲ့ ငါက အာမခံချက် ရနိုင်အောင် သူ့ရဲ့ သဘောတူကြောင်း လတ်မှတ်ကို

+

ရလိုနေတယ်... ဒီလိုဆိုတော့ သူက ငါပြောတဲ့
အတိုင်း လုပ်ပြီး စစ်ဆင်ရေး
ဆောင်ရွက်ချက်တွေကို တသွေမတိမ်း
လိုက်နာအောင် ကြိုးကြပ်ဖို့ မင်းဟာ နတ်ဘုရား
စီရင်ခြင်း စုန်းမတွေနဲ့ အတူ တောက်ပမြို့တော်ကို
လိုက်သွားရမယ်"

"ရိုးရိုးသားသား ပြောရရင် ငါက မင်းအဖေကို
ယုံကြည်နေတာ မဟုတ်ပဲ မင်းကိုသာ
ယုံကြည်နေတာ ဖြစ်လို့ မင်းက ဟိုနေရာမှာ အချိန်
နည်းနည်းကြာကြာ နေရလိမ့်မယ်...
ပြဿနာတွေကို ဖြေရှင်းပြီးသွားရင်တော့ မင်းဟာ
စုန်းမတွေနဲ့ အတူ ဆောင်းမဲ့မြို့တော်ကို
ပြန်လာနိုင်မှာပါ"

+

စိတ်သက်သာရာ ရသွားသော အန်ဒရီယာသည် သူကောင်း အမျိုးသမီး တစ်ယောက်၏ အရိုန်အဝါများကို ထပ်ဖန်တစ်ခါ ပြန်လည် ထုတ်လွှတ်လိုက်ကာ သူမ၏ စကတ်ကို မလိုက်ပြီး အနည်းငယ် ဒူးညွှတ်၍ အရိုအသေပြုကာ ပြောလိုက်သည်။

"ကျွန်မက အရှင့်ရဲ့ တောင်းဆိုချက်တွေကို ငြင်းဆန်မှာ မဟုတ်ပါဘူး... ဘာပဲပြောပြော အရှင်က ကျွန်မတို့ အတွက် အများကြီး ပြုလုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်... ပြီးတော့ ကျွန်မမှာ မင်းသမီး တီလီအတွက် စာတစ်စောင် ရှိနေပြီး

+

အရှင်က သူမကို ပေးပေးလိမ့်မယ်လို့ ကျွန်မက မျှော်လင့်နေပါတယ်"

"ဒါပေါ့" ရိုလန်က သဘောတူသည့် အနေဖြင့် ပြုံးပြလိုက်သည်။

အန်ဒရီယာ ထွက်ခွာသွားသော အခါ နိုက်တင်ဂေးက မျက်မှောင်ကြုတ်လိုက်သည်။ "သူမက ဘာများ လုပ်နေတာလဲ"

"မင်းက အက်ဒစ်ကန့် အကြောင်းကို ပြောနေတာလား" ရိုလန်က သူ၏ မေးကို ပွတ်သပ်လိုက်သည်။ "အမ်… သူတို့က စကားပြောနေရင်းနဲ့ ဒီအကြောင်းကို

+

ရောက်သွားတာ ဖြစ်ရမယ်… ဘာပဲပြောပြော သူတို့ နှစ်ယောက်စလုံးက စစ်ဆင်ရေး မတိုင်မီ အစည်းအဝေး အတွင်းမှာ ရှိနေကြတာပဲလေ… ဘာလဲ… သူမက ငါ့ကို လူကောင်းတစ်ယောက်လို မြင်နေမယ်လို့ မင်းက မထင်ဘူးလား"

"အရှင်က ကမ္ဘာပေါ်မှာ အကောင်းဆုံးလူ ဖြစ်နေရင်တောင် သူမက အရှင့်အကြောင်း အကောင်းတစ်ခုမှ ပြောလိမ့်မယ်လို့ ကျွန်မက မထင်နေဘူး" နိုက်တင်ဂေးက ပခုံးများကို တွန့်လိုက်သည်။ "သူမက ကြင်နာမှုနဲ့ ပတ်သတ်တဲ့ အကြောင်းကို ပြောတတ်တဲ့ လူတစ်ယောက်နဲ့ မတူနေဘူး"

+

ရိုလန်သည် တစ်စုံတစ်ခု ပြန်ပြောမည်ပြုခဲ့သောအချိန်တွင် တဲပြင်မှ အစောင့်များက ရုတ်တရက် ကန့်လန့်ကာကို ဆွဲမကာ သူ့အား တင်ပြခဲ့သည်။ "အရှင်မင်းမြတ်... လေဒီ အက်ဒစ်ကန့်က အရှင့်ကို တွေ့ဖို့ တောင်းဆိုနေပါတယ်"

အိုး...ဟိုး။ အခြေအနေတွေက အနည်းငယ် စိတ်ဝင်စားစရာ ကောင်းလာပြီ။

သူသည် နိုက်တင်ဂေးနှင့် အကြည့်ချင်း ဖလှယ်ခဲ့ပြီးမှ အစောင့်အား ညွှန်ကြားလိုက်သည်။ "သူမကို အထဲ လွှတ်လိုက်ပါ"

+

"မှန်လှပါ... အရှင်မင်းမြတ်"

မြောက်ပိုင်းဒေသ၏ ပုလဲသည် တဲအတွင်းသို့ ဝင်လာခဲ့အပြီးတွင် ခပ်သွက်သွက် ဦးညွှတ်လိုက်သည်။ "အရှင်မင်းမြတ်... ကျွန်မဟာ အရှင့်ရဲ့ အစီအစဉ်တွေကို ပြောင်းလိုက်ပြီး အရဏ်ဦး နိုင်ငံရဲ့ ကိစ္စတွေကို ဝင်မစွက်ဖို့ တောင်းဆိုလိုပါတယ်"

ရိုလန်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "မင်းက တစ်စုံတစ်ခုကို ပြောချင်နေရင် အစည်းအဝေး အတွင်းမှာ ပြောသင့်တယ်... အခုငါက ဆုံးဖြတ်ချက် ချပြီး

+

ဖြစ်သွားပြီ ဖြစ်လို့ စိတ်ထပ်ပြောင်းလိုက်ရင်
နာမည်ပျက်သွားလိမ့်မယ်"

"ဒါကြောင့်မို့ ကျွန်မက အစည်းအဝေး အပြီးမှာ
တစ်ယောက်တည်း လာတွေ့ရခြင်း ဖြစ်ပါတယ်"
အက်ဒစ်က ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။

"အရှင်က အစီအစဥ် အတိုင်း
ဆောင်ရွက်နိုင်သေးပေမဲ့ ပြောင်းလဲမှု
အနည်းငယ်တော့ လုပ်ရလိမ့်မယ်… ဒီလိုဆိုရင်
လူတွေက ကြိုမမြင်နိုင်တဲ့ အခြေအနေတွေကြောင့်
အစီအစဥ်တွေက ရည်ရွယ်ထားတဲ့ အတိုင်း
ဖြစ်မလာဘူးလို့ပဲ တွေးမိကြမှာ ဖြစ်ပြီး

+

တစ်ချိန်တည်းမှာ အရှင်က ကိုယ်ပြောထားတဲ့ စကားတွေကို ထိန်းထားနိုင်လိမ့်မယ်"

ဤစကားများကို ကြားခဲ့ရသော အခါ နိုက်တင်ဂေးသည် စိတ်ထိန်းထားနိုင်စွမ်း မရှိတော့ပဲ သူမကိုယ် သူမ ဖော်ပြလိုက်ကာ အက်ဒစ်အား တိုက်ရိုက် ရင်ဆိုင်လိုက်သည်။ "နင်က ဘာတွေကိုများ ကြံစည်နေတာလဲ… နင်ဟာ အန်ဒရီယာကို အရှင်မင်းမြတ်ထံ အကူအညီ တောင်းအောင် ပြောဆိုခဲ့ပြီး အခုအချိန်မှာ အရဏ်ဦး နိုင်ငံရဲ့ ကိစ္စတွေမှာ ဝင်မစွက်ဖို့ ပြောနေပြန်ပြီ… ဒီနေရာမှာ ပူးပေါင်း ကြံစည်မှုတွေ ရှိနေတယ်လို့တော့ မပြောနဲ့နော်"

+

ပုံမှန်ဆိုလျှင် လူအများသည် သူတို့၏
ရှေ့နောက်မညီသော အပြုအမူများကို
တစ်စုံတစ်ယောက်က ထောက်ပြလိုက်လျှင်
အနည်းငယ် ကသိကအောက် ဖြစ်ကာ
တွေဝေသွားမည် ဖြစ်သော်လည်း အက်ဒစ်ကမူ
ဤကဲ့သို့ ဖြစ်လာမည်မှန်း သိနေဟန်ဖြင့်
ခပ်တည်တည်သာ ရှိနေခဲ့သည်။

"အခြေအနေတွေက ပြောင်းသွားပြီ" သူမက
တည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။ "နင်က
လိမ်ညာမှုတွေကို ဖော်ထုတ်နိုင်စွမ်း
ရှိတယ်မလား… ဒီလိုဆိုတော့ ငါက အမှန်တွေကို
ပြောနေတယ် ဆိုတာကို နင်က သိနေမှာပဲ"

+

"မင်းရဲ့ အကြောင်းရင်းကို တင်ပြပါ" ရိုလန်က စိတ်ဝင်စားသွားသည်။

"ဟားမီးစ်က တိုက်ပွဲဟာ အရှင့်ရဲ့ နာမည်ကို အရဏ်ဦး နိုင်ငံ တစ်ခုလုံးမှာ ကျော်ကြားသွားစေခဲ့မှာ ဖြစ်ပြီး တကယ်လို့ အားလ်ကွင်းက အုပ်စိုးသူ ဖြစ်လာခဲ့ရင်တောင် တိုင်းပြည်ကို တကယ်တမ်း အုပ်ချုပ်နေသူက ဘယ်သူဆိုတာကို ပြည်သူတွေက သိနေကြမှာပဲ"

"တကယ်လို့ မိစ္ဆာတွေရဲ့ ခြိမ်းခြောက်မှုသာ မရှိရင် အရှင်က အရဏ်ဦး နိုင်ငံရဲ့ တိုင်းပြည် အုပ်ချုပ်ပုံ ဝါဒလမ်းစဥ်တွေကို ဖြည်းဖြည်းချင်း လွှမ်းမိုးကာ အရှင့်ရဲ့ နယ်မြေအဖြစ် တဖြည်းဖြည်း ပြောင်းလဲလို့

+

ရနိုင်တယ်... အစွမ်းထက်တဲ့ ပထမ စစ်တပ်ကို လူတွေက ကြောက်ရွံ့နေမှာ ဖြစ်တဲ့အတွက် အရှင်က ဒါကို လွယ်လွယ်ကူကူ စွမ်းဆောင်နိုင်မှာ ဖြစ်ပေမဲ့ အခုအချိန်မှာ ဒီအားသာချက်က မရှိတော့ဘူး"

အက်ဒစ်သည် သူမ၏ ဆံပင်ကို သိမ်းလိုက်ကာ နည်းလမ်းတကျ ရှင်းပြလိုက်သည်။ "မီးခိုးရောင် ရဲတိုက်ရဲ့ စစ်တပ်က မြို့တွင်းကို ဝင်ရောက်လာမှုနဲ့ အားလ်ကွင်း စီမံ ဆောင်ရွက်ခဲ့တဲ့ အာဏာသိမ်းမှုက လုံးဝကို ကွဲပြား ခြားနားတဲ့ ဇာတ်လမ်းနှစ်ပုဒ် ဖြစ်ပြီး ဒုတိယ ဇာတ်လမ်းက ဒေသအတွင်းမှာ အားလ်ရဲ့ အာဏာကို အကြီးအကျယ် မြင့်တက်လာစေလိမ့်မယ်"

+

"တခြား မှူးမတ်တွေက သူ့ရဲ့ အုပ်ချုပ်မှုအောက်မှာ အညှံ့ခံမလား တော်လှန်မလား ဆိုတာက အရှင့်ရဲ့ ကိစ္စ မဟုတ်တော့ဘူး"

"ဒီလိုဆိုတော့ ငါတို့က အေပန် မိုရာကို မီးခိုးရောင် ရဲတိုက် အပေါ်မှာ ဆက်လက် မကောင်းကြံခွင့် ပေးထားရမှာလား" နိုက်တင်ဂေးက မေးခွန်းထုတ်လိုက်သည်။

"အရှင်မင်းမြတ်က ဘာမှ မလုပ်ရင်တောင် အေပန်အနေနဲ့ သူ့ထီးနန်းကို ထိန်းသိမ်းထားဖို့ ခက်ခဲနေပြီ... အနည်းဆုံးတော့ သူက သူ့ရဲ့ အလံကိုင် လူတွေကို ခေါ်လို့ ရတော့မှာ

+

မဟုတ်ဘူး... မြင့်မြတ်သော မြို့တော်ဟောင်းက
စစ်ပွဲ အပြီးမှာ အေပန်ရဲ့ အာဏာနဲ့ အရည်အချင်းက
မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပြီး သူက တိုင်းပြည်ကို
အရင်ကလို အုပ်ချုပ်နိုင်တော့မှာ မဟုတ်ပဲ
အရုဏ်ဦး နိုင်ငံက မကြာခင်မှာ ကစဉ့်ကလျား
ဖြစ်လာတော့မယ်"

အက်ဒစ်၏ အသံမှာ အချက်အလက်များကို
ပြောကြားနေသကဲ့သို့ တည်ငြိမ်နေခဲ့သည်။
"နိုင်ငံရေး မတည်ငြိမ်မှု အကြားမှာ အားလ်ကွင်းက
ထီးနန်းတိုက်ပွဲကို အနိုင်ရဖို့ အခွင့်အရေး ရှိနေပေမဲ့
သူ့ရဲ့ လွှမ်းမိုးမှုကတော့ သေချာပေါက်
အကန့်အသတ် ရှိလိမ့်မယ်... ဒါ့အပြင် တကယ်လို့
အိုတိုလော်ရီးက ကံကောင်းခဲ့ရင်
အသက်ရှင်နိုင်ခဲ့မှာပဲ"

+

"တကယ်လို့ သူက နောက်ဆုံးမှာ မလွတ်မြောက်နိုင်ခဲ့ရင်တောင် ဒါက အရှင်မင်းမြတ်ရဲ့ အမှားမဟုတ်လို့ အန်ဒရီယာက အရှင့်ကို အပြစ်တင်နေမှာ မဟုတ်ပါဘူး " သူမက လေးနက်စွာ ပြောလိုက်သည်။

အန်ဒရီယာကလည်း ဤအချက်ကို တွေးမိပုံရသဖြင့် ရိုလန်အား "အရှင်က... အစီအစဥ် အသစ်ကနေပြီး အကျိုးအမြတ် အနည်းငယ်သာ ရနိုင်တော့မှာ ဖြစ်တယ်"ဟု ပြောခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

+

ရိုလန်ကလည်း ဤအကြောင်းကို ကောင်းစွာ သိထားပြီး ဖြစ်သည်။ သို့သော်လည်း သူ့အနေဖြင့် ကိုယ်ပိုင် အကျိုးအမြတ်များကို ရရှိခြင်းထက် စိတ်ချရသော မဟာမိတ် တစ်ယောက်ကို ပို၍ အလေးထားနေပေသည်။

အကယ်၍ အားလ်ကွင်းက သူ့အား အပြည့်အဝ မထောက်ခံခဲ့လျှင်ပင် ကျရောက်လာတော့မည့် နတ်ဘုရားဆန္ဒ စစ်ပွဲသည် သူတို့အကြားမှ နားလည်မှု လွဲမှားခြင်းနှင့် မယုံကြည်မှုများကို ပယ်ဖျောက်ပေးနိုင်ပေလိမ့်မည်။

လူသား မျိုးနွယ်စု၏ အသက်ရှင်မှုအား ခြိမ်းခြောက်နေသော ရန်သူတစ်ယောက်

+

ရှိနေသဖြင့် သူတို့ စဉ်းစားရမည့် အရေးအကြီးဆုံး အရာသည် ရန်သူအား နှိမ်နင်းနိုင်ရန် မည်ကဲ့သို့ ပူးပေါင်း ဆောင်ရွက်ရမည်ကိုပင် ဖြစ်သည်။

မြောက်ပိုင်းဒေသ၏ ပုလဲသည် သူတို့၏ ထိပ်တန်း ဦးစားပေးရမည့် အရာက ဘာဖြစ်သည်ကို သိနေသင့်ပြီး ရိုလန်၏ အမြင်အရ သူမသည် အမြင် ကျဉ်းမြောင်းသောသူ တစ်ယောက် လုံးဝ မဟုတ်နေပေ။

အကယ်၍ စွမ်းအားများကို မက်မောခြင်းက သူမ၏ အမြင်များကို လွှမ်းမိုးသွားစေခဲ့မည် ဆိုလျှင် ရိုလန်က အမှန်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွားရပေလိမ့်မည်။

+

## စာစဥ် ၆၁ : အပိုင်း ၁၃

## အပိုင်း ၉၁၃ : အတွေးအမြင် ပဓာန ဝါဒီ (၂)

သူ၏ အတွေးများကို ရုပ်သိမ်းလိုက် အပြီးတွင် ရိုလန်က အက်ဒစ်အား လှမ်းကြည့်လိုက်သည်။ "အားလ်ကွင်းရဲ့ အုပ်ချုပ်မှုကို ခံရမယ့်အစား အရဏ်ဦး နိုင်ငံကို ဒီအတိုင်း ထားခဲ့ခြင်းက ပိုကောင်းတယ်လို့ မင်းက တကယ်ပဲ ထင်နေသလား"

ရိုလန်က သူမအား ထိုကဲ့သို့ မေးမည်ကို ကြိုသိနေသည့် အလား အက်ဒစ်က

+

ပြန်ဖြေလိုက်သည်။ "အမှန်အတိုင်း ပြောရရင် ဒီရွေးချယ်မှု နှစ်ခုဟာ ရေတိုမှာ ဘာခြားနားချက်မှ ဖြစ်လာမယ်လို့ ကျွန်မက မထင်နေပါဘူး... ယုံကြည် စိတ်ချရတဲ့ မဟာမိတ် တစ်ယောက်ဟာ အရှင့်ကို နတ်ဘုရားဆန္ဒ စစ်ပွဲ အတွက် အရင်းအမြစ်တွေ၊ လူတွေနဲ့ အကူအညီတွေကို ထောက်ပံ့ပေးနိုင်တယ်"

"အရှင့်ဘက်မှာ အားလ်ကွင်းရဲ့ သမီး အန်ဒရီယာ ရှိနေတဲ့အတွက် သူ့ကို ယုံကြည်လို့ ရနိုင်ပေမဲ့ တခြား မှူးမတ်တွေကိုတော့ ဒီလို ယုံကြည်လို့ မရနိုင်ဘူး"

+

သူမက ဒီလိုပဲ ထင်ခဲ့တာလား။ ရိုလန်သည် သူမ ဆိုလိုနေသော 'ရေတို' ဆိုသည့် အချက်ကို စဉ်းစားနေရင်း စိတ်ရှုပ်ထွေးသွားခဲ့သည်။ အက်ဒစ်သည် သူမ၏ တင်ပြချက်ကို ခိုင်မာစေရန် မှူးမတ်များ၏ မယုံကြည် စိတ်မချရမှု အပေါ်တွင် အလေးထား၍ ပြောဆိုခဲ့မည်ဟု သူက ထင်ထားခဲ့သည်။

"အခြား တစ်ဘက်မှာတော့ တကယ်လို့ အရှဏ်ဦး နိုင်ငံဟာ ကစဥ့်ကလျား အခြေအနေကို ကျရောက်သွားရင်တော့ အခြေအနေတွေကို ပြန်လည် ထိန်းသိမ်းဖို့ အတွက် စစ်ပွဲတစ်ခုက မလွဲမသွေ ဖြစ်ပွားလာမှာ ဖြစ်ပြီး စစ်ကာလမှာ နိုင်ငံဟာ သေချာပေါက် အားနည်းသွားလိမ့်မယ်"

+

"အဲ့ဒီ အချိန်မှာ ဆိုရင် အရှေ့ဆိုင်ချင် နိုင်ငံ အတွင်းမှာ ဒုက္ခသည်တွေနဲ့ လူသူ ကင်းမဲ့နေတဲ့ နယ်မြေတွေသာ ကျန်တော့မှာ ဖြစ်ပြီး မီးခိုးရောင် ရဲတိုက် အတွင်းက အရှေ့ပိုင်းနဲ့ တောင်ပိုင်း ဒေသတွေလိုမျိုး အရှင်က ဒီနယ်မြေနဲ့ လူတွေကို အပန်းမကြီးပဲ သိမ်းပိုက်နိုင်မှာ ဖြစ်ပါတယ်... ပထမ ရွေးချယ်မှုနဲ့ မတူပဲ ဒီလူတွေက အရှင် ထာဝရ ပိုင်ဆိုင်မယ့်သူတွေ ဖြစ်လာကြမှာပါ"

"ဒါပေမဲ့ မဟာမိတ် တစ်ယောက်ဟာ လူဦးရေသာ မက စစ်ပွဲအတွက် အရင်းအမြစ်နဲ့ ကူညီမှုတွေကို ထောက်ပံ့ပေးနိုင်တယ်လို့ နင်က အခုလေးတင်

+

ပြောခဲ့တယ် မဟုတ်လား" နိုက်တင်ဂေးက
လေသံမာမာဖြင့် မေးခွန်းထုတ်လိုက်သည်။

"အကျိုးအမြတ် တစ်ခုဟာ အကျိုးအမြတ် သုံးခုနဲ့
အတူတူပဲ ဖြစ်တယ်လို့ နင်ကဘာလို့
ယူဆနေရတာလဲ... ဒါ့အပြင် ဟိုဒုက္ခသည်တွေက
နေရာ ပြောင်းရွှေ့နေရင်း ဆာလောင်မှုနဲ့
စစ်ဒဏ်တွေကြောင့် သေဆုံးသွားကြမှာကို နင်က
မစဉ်းစားမိဘူးလား"

အက်ဒစ်က ချက်ချင်း ပြန်တုံ့ပြန်လိုက်သည်။
"သုံးခုဟာ တစ်ခုထက် သေချာပေါက် ပိုပြီးမှ
နားထောင်လို့ ကောင်းနေပေမဲ့ အခြေအနေ တစ်ခု
ရှိနေသေးတယ်... မဟာမိတ်ရဲ့ အရင်းအမြစ်တွေကို

+

အပြည့်အဝ အသုံးချနိုင်ဖို့ အရင်မင်းမြတ်ဟာ ပထမဆုံး ရင်းနှီး မြှုပ်နှံမှုတွေကို ပြုလုပ်ဖို့ လိုအပ်နေသေးတယ်"

"ဥပမာအားဖြင့် ရေနွေးငွေ့ အင်ဂျင်နဲ့ ရွှေရောင် အမှတ်နှစ်တွေ အပြင် လက်နက်နဲ့ ခဲယမ်း မီးကျောက်တွေကိုပါ လိုကောင်း လိုနိုင်သေးတယ်... ဒါတွေမရှိပဲ အရဏ်ဦး နိုင်ငံဟာ မီးခိုးရောင် ရဲတိုက်ကို စစ်မြေပြင်မှာ ထောက်ပံ့ဖို့ မပြောနဲ့ မိစ္ဆာတွေကိုတောင် ခုခံနိုင်မှာ မဟုတ်ဘူး"

"ပြန်ရမယ့် အကျိုးအမြတ်က ကြီးမားပေမဲ့ အမြောက်အမြား ရင်းနှီး မြှုပ်နှံဖို့လည်း လိုအပ်နေသေးတယ်... ဒါ့အပြင် ငါတို့က

+

အခုအချိန်မှာ ဆောင်းမဲ့မြို့တော်ရဲ့ လိုအပ်မှုကို လောက်ငရုံသာ ဖြည့်ဆည်းပေးနေနိုင်တဲ့ အတွက် ဒီလောက်များတဲ့ ပိုက်ဆံတွေကို ဒီအတိုင်း လျစ်လျူရှုထားလို့ မဖြစ်နိုင်ဘူး... ဒါကြောင့်မို့ ဒီအစီအစဥ် နှစ်ခုရဲ့ အကျိုးအမြတ်တွေက အတူတူလောက်ပဲလို့ ကျွန်မက ပြောခဲ့ရခြင်း ဖြစ်တယ်"

ရိုလန်က သူ၏ မျက်ခုံးများကို ပင့်လိုက်သည်။ မီးခိုးရောင် ရဲတိုက်တွင် ရင်းနှီး မြှုပ်နှံမှု၏ စွန့်စားမှုနှင့် ဆုလာဘ်များကို လူအနည်းငယ်ကသာ နားလည်နိုင်မှန်းကို သူကကောင်းစွာ သိနေသည်။ ဥပမာအားဖြင့် ဘားရော့သည် သူတို့၏ ကိုယ်ပိုင် နည်းပညာနှင့် ထုတ်ကုန်များကို အိမ်နီးချင်း နိုင်ငံ

+

တစ်ခုအား ထောက်ပံ့ပေးရန် သေချာပေါက်
ငြင်းဆန်ပေလိမ့်မည်။

"တကယ်လို့ အကျိုးအမြတ်တွေက
သိပ်ကွာခြားခြင်း မရှိနေရင် အရဏ်ဦး နိုင်ငံကို
ဒီအတိုင်း ထားလိုက်တာက ပိုကောင်းတဲ့
ရွေးချယ်မှုလို့ နင်က ဘာဖြစ်လို့ ထင်နေရတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ စုန်းမတွေကြောင့်ပါ...
အရှင်မင်းမြတ်" အက်ဒစ်၏ အဖြေသည် ရိုလန်နှင့်
နိုက်တင်ဂေးတို့အား အံ့အားသင့်သွားစေခဲ့သည်။

"စုန်းမတွေကြောင့်... ဟုတ်လား" ရိုလန်က
မှင်သက်သွားသည်။

+

မြောက်ပိုင်းဒေသမှ ပုလဲက
လက်ချောင်းတစ်ချောင်းကို ထောင်ပြလိုက်သည်။
"ဟုတ်တယ်… ကျေးဇူးပြုပြီးမှ စဉ်းစားကြည့်ပါ…
တကယ်လို့ အရုဏ်ဦး နိုင်ငံ အတွင်းမှာ စုန်းမတွေကို
နှိပ်စက် ညှဉ်းပန်းမှု မရှိတော့တဲ့ အပြင်
အန်ဒရီယာရဲ့ လွှမ်းမိုးမှု အောက်မှာ အားလ်ကွင်းက
အရှင့်ရဲ့ နမူနာ အတိုင်း တိုင်းပြည်ကို
တည်ဆောက်ဖို့နဲ့ ထုတ်လုပ်မှုတို့ အတွက်
စုန်းမတွေကို ငှားရမ်း အသုံးပြုခဲ့မယ် ဆိုရင်
အသစ်နိုးထလာတဲ့ စုန်းမတွေဟာ သေဘေးကို
ကြောက်ရွံ့နေရခြင်း မရှိတော့တဲ့ အတွက်
မီးခိုးရောင် ရဲတိုက်ကို ရွှေ့ပြောင်းလာကြတော့မှာ
မဟုတ်ပဲ ဒါက ပထမ ဆုံးရှုံးမှု တစ်ရပ်
ဖြစ်လာနိုင်ပါတယ်"

+

"ဒုတိယ… အရှေ့ဥရောပ နိုင်ငံဟာ မီးခိုးရောင်
ရဲတိုက်ထက် ပထဝီဝင် အနေအထား အားသာချက်
ရှိနေတဲ့ အတွက် မိစ္ဆာတွေ ကျူးကျော်လာခဲ့ရင်
ဒါမှမဟုတ် ဘုရားကျောင်းရဲ့ လက်ကျန်
ယုံကြည်သူတွေရဲ့ နှိပ်စက် ညှဉ်းပန်းမှုတွေနဲ့
ကြုံလာခဲ့ရင် ဝံပုလွေ နှလုံးသားနဲ့ ထာဝရဆောင်း
နိုင်ငံက စုန်းမတွေဟာ တောင်ပိုင်းကိုပဲ
ထွက်ပြေးကြမှာ ဖြစ်တယ်"

"ဒါပေမဲ့ တကယ်လို့ အရှေ့ဥရောပ နိုင်ငံ အတွင်းက
အခြေအနေတွေက တည်ငြိမ်သွားခဲ့ရင် သူတို့ဟာ
မီးခိုးရောင် ရဲတိုက်ကို
ရွှေ့ပြောင်းလာကြပါဦးမလား… အဖြေကတော့

+

နိုးပါ... ဒီလိုဆိုတော့ နောက်ဆယ်စုနှစ်ပေါင်း
များစွာ အပြီးမှာ အိမ်နီးချင်း နိုင်ငံတွေရဲ့ စုန်းမ
အရေအတွက်ဟာ မီးခိုးရောင် ရဲတိုက်ထက် များစွာ
သာလွန်သွားလိမ့်မယ်... လက်ရှိ စုန်းမတွေရဲ့
ဆုံးရှုံးမှုထက် စာရင် ကျွန်မက အဲ့ဒါကို ပိုပြီးမှ စိုးရိမ်
ပူပန်နေခဲ့တယ်"

"အဲ့ဒါက မကောင်းဘူးလား... အားလုံးတို့က
ပျော်ရွှင်တဲ့ ဘဝတစ်ခုမှာ နေနိုင်ကြမှာပဲလေ...
နင်က ဘာဖြစ်လို့ ဒီလောက်အထိ
စိုးရိမ်နေရတာလဲ" နိုက်တင်ဂေး၏ အသံမှာ
ယခင်ကလောက်တော့ မမာတော့ချေ။

+

အက်ဒစ်သည် နိုက်တင်ဂေးအား လျစ်လျူ ရှုထားခဲ့ပြီး ရိုလန်၏ မျက်လုံးများ အတွင်းသို့ တိုက်ရိုက် စိုက်ကြည့်လိုက်သည်။ "မယုံနိုင်တဲ့ စွမ်းရည်တွေကို ပိုင်ဆိုင်ထားတဲ့ စုန်းမ တစ်ယောက် ဒါမှမဟုတ် စုန်းမတွေဟာ တိုင်းပြည်တစ်ခုကို ကျန်တဲ့ တိုင်းပြည်တွေထက် ပိုပြီးမှ သာလွန်သွားအောင် စွမ်းဆောင်နိုင်တယ်လို့ အရှင်က ယုံကြည်နေပါသလား"

"အန်နာလိုမျိုး စုန်းမ တစ်ယောက်လား"

"ဟုတ်တယ်… အန်နာ… အက်ဂါသာနဲ့ ဆိုရာယာ… သူတို့အားလုံးမှာ မယုံနိုင်တဲ့ စွမ်းရည်တွေ ရှိနေကြပြီး အရှင်က သူတို့ရဲ့

+

ထောက်ခံမှုကို ရခဲ့တဲ့ အချိန်မှာ
ဆောင်းမဲ့မြို့တော်ဟာ တခြား မျိုးမတ်တွေရဲ့
နယ်မြေတွေထက် သာလွန်သွားနိုင်ခဲ့တယ်...
ဒါကြောင့်မို့ အရှင်က အခုအချိန်မှာ ဒီလောက်အထိ
ကြီးမားတဲ့ စွမ်းဆောင်မှုတွေကို ပြုလုပ်နိုင်ခဲ့တာ"

အက်ဒစ်က ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။
"ဒါ့အပြင် အရှင့်မှာ အခြားသူတွေထက်
များစွာပိုပြီးမှ သာလွန်နေတဲ့ ဗဟုသုတနဲ့
ဉာဏ်ပညာတွေ ရှိနေခဲ့တယ်... အရှင်က
ဘုရင်အဖြစ် ဆက်ရှိနေသေးပြီး စုန်းမ သမဂ္ဂကနေ
တစ်ယောက်ကမှ ထွက်မခွာသေးသရွေ့ မိစ္ဆာတွေက
လွဲပြီး မီးခိုးရောင် ရဲတိုက်ရဲ့ နေရာကို
တစ်ယောက်ကမှ စိန်ခေါ်နိုင်မှာ မဟုတ်ဘူး"

+

ဤစကားများ ပြောအပြီးတွင် အက်ဒစ်က စက္ကန့်အနည်းငယ်မျှ ရပ်နားလိုက်သည်။ "ဒါပေမဲ့ နောက်နှစ်ပေါင်း တစ်ရာကျော်ကျရင် ဘယ်လိုလဲ… အဲ့ဒီအချိန်မှာ အိမ်နီးချင်း နိုင်ငံတွေက မီးခိုးရောင်ရဲတိုက် ပုံစံအတိုင်း လည်ပတ်နေကြမှာ ဖြစ်ပြီး စုန်းမတွေက လုပ်ငန်း အသီးသီးမှာ လုပ်ကိုင်နေကြမှာ ဖြစ်ကာ အရှင် ရေးသားထားတဲ့ ဗဟုသုတတွေကလည်း ဆောင်းမဲ့မြို့တော်ရဲ့ ပြင်ပက မြို့တွေ ရွာတွေကို ပျံ့နှံ့သွားခဲ့မှာပဲ"

"အဲ့ဒီ အချိန်မှာ လူတွေက စက်ကိရိယာ ထုတ်လုပ်မှုနည်းလမ်းတွေကို လေ့လာခဲ့ကြမှာ ဖြစ်ပြီး အရှင် သင်ကြားထားတဲ့ အရာအားလုံးကို သင်ယူပြီး

+

ဖြစ်နေလိမ့်မယ်... တကယ်လို့ အရုဏ်ဦး နိုင်ငံမှာ အစားထိုး မရနိုင်တဲ့ စွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားတဲ့ စုန်းမအသစ် တစ်ယောက် နိုးထလာခဲ့လို့ ရှိရင် မီးခိုးရောင် ရဲတိုက်ဟာ နောက်ကျကျန်ရစ်သွားနိုင်တယ်"

"ဒါက မဖြစ်..." နိုက်တင်ဂေးသည် အက်ဒစ်၏ သဘောတရားကို ချက်ချင်း ငြင်းဆန်ရန် ကြိုးစားခဲ့သော်လည်း လမ်းတစ်ဝက်တွင် သူမ၏ စကားလုံးများကို ပြန်လည် မျိုချခဲ့ရသည်။

"ဒါ့အပြင် အရှင်က အခုအချိန်မှာ အရှင့်ရဲ့ တည်ဆောက်မှုနဲ့ ဖွံ့ဖြိုးမှု အစီအစဉ်တွေကို အန်နာရဲ့ စွမ်းရည်လိုမျိုး မှော်စွမ်းအား အမျိုးမျိုး

+

အပေါ်မှာ အကြီးအကျယ် မှီခိုနေရတယ်... ဒါပေမဲ့ အန်နာရဲ့ စွမ်းအားတွေဟာ စုန်းမတစ်ယောက် ရရှိနိုင်တာရဲ့ အမြင့်ဆုံး အဆင့်ကို ရောက်နေပြီလား ဆိုတာကို အရှင်က အာမခံနိုင်ပါရဲ့လား"

အက်ဒစ်က စကားလုံး တစ်ခုချင်းစီကို တိကျ ပြတ်သားစွာဖြင့် ပြောလိုက်သည်။ "တကယ်လို့ စုန်းမ အသစ် တစ်ယောက်ဟာ အန်နာထက်တောင် ပိုပြီးမှ အစွမ်းထက်တဲ့ စွမ်းရည် တစ်ခုကို ပိုင်ဆိုင်လာနိုင်ခဲ့ရင် အရဏ်ဦး နိုင်ငံရဲ့ အနာဂတ် ဘုရင်ဟာ မီးခိုးရောင် ရဲတိုက်ကို သူ့ရဲ့ မဟာမိတ် အဖြစ် ဆက်လက်ပြီးမှ သတ်မှတ်နိုင်ဦးပါ့မလား"

+

ရိုလန်သည် သူမ၏ စကားများ အတွက်
လက်ခုပ်တီး၍ပင် ဩဘာပေးလိုစိတ်
ပေါက်သွားသည်။

အက်ဒစ်သည် မျက်မှောက် အကျိုးအမြတ်များ
အပေါ်၌သာ အာရုံစိုက်နေခြင်း မရှိပဲ အဝေးရှိ
အနာဂတ်မှ မြင်ကွင်းများကို ကြိုတင်
မြင်ယောင်နိုင်စွမ်း ရှိနေသည်။ သာမန်လူများသည်
နှစ်အနည်းငယ် အကြာမှ ပြောင်းလဲမှုများကိုသာ
ကြိုမြင်နိုင်စွမ်း ရှိသော်လည်း အက်ဒစ်ကမူ ရာစုနှစ်
တစ်ခု အပြီးတွင် ဖြစ်လာမည့် အရာများကို ကြိုတင်
မှန်းဆနိုင်ခဲ့သည်။

+

ထို့အပြင် ရိုလန် အနေဖြင့် သူမ၏ စကားများ အတွင်းတွင် အနာဂတ်၌ နည်းပညာ တီထွင် ဆန်းသစ်မှုများ ပေါက်ကွဲ ဖြစ်ပေါ်လာမည့် အချက်ကို အာရုံခံနိုင်ခဲ့သည်။ စက်မှု တော်လှန်ရေး၏ သမိုင်းကြောင်းကို လေ့လာထားခဲ့သူ တစ်ယောက် ဖြစ်နေသဖြင့် ရိုလန်သည် ပြီးခဲ့သော ရာစုနှစ် အနည်းငယ်က နည်းပညာ ပြောင်းလဲမှုများကို ကောင်းစွာ သိနေပေသည်။

လူဝံများသည် မီးကို ပြုလုပ်ရန် နှစ်ထောင်နှင့်ချီ၍ အချိန် ယူခဲ့ရသော်လည်း လူသားများသည် ရေနွေးငွေ့ခေတ်မှ သတင်း အချက်အလက် ခေတ်သို့ ဝင်ရောက်ရန် ဆယ်စုနှစ် တစ်ခုသာ အချိန်ယူခဲ့ရသည်။ ခေတ်မီသော လူမှု

+

အဖွဲ့အစည်းမှ လူတစ်ယောက်သည် အတိတ်တွင် နှစ်ထောင်ပေါင်းများစွာ အချိန်ယူရမည့် ပြောင်းလဲမှုများကို အချိန် အနည်းငယ်လေး အတွင်းတွင်သာ တွေ့ကြုံခံစားနေရသည်။

ယခုအချိန်၌ စုန်းမများ၏ တည်ရှိနေမှုသည် နည်းပညာ ပြောင်းလဲမှု၏ အချိန်ကာလကို ပို၍ပင် တိုတောင်းစေခဲ့ကာ အစွမ်းထက်သော စုန်းမ တစ်ယောက် သို့မဟုတ် နှစ်ယောက် ပေါ်ထွက်လာမှုသည် စက်မှု တော်လှန်ရေး အသစ်တစ်ခုကို ယူဆောင်ပေးလာနိုင်သည်။

အက်ဒစ်ပြောသည်မှာ မှန်ပေသည်။ အကယ်၍ အန်နာသည် တောက်ပမြို့တော်တွင်သာ

+

နိုးထလာခဲ့ပါက ရိုလန် အနေဖြင့် သူက
မည်မျှအထိသာ စွမ်းဆောင်နိုင်မည် ဖြစ်သည်ကို
မသိနေခဲ့ပေ။

စုန်းမ သမဂ္ဂမှ အဖွဲ့ဝင်များသည် တဖြည်းဖြည်း
နေဝင်ချိန်သို့ ရောက်လာကြပြီး အရဏ်ဦး နိုင်ငံ
အတွင်းတွင် အစွမ်းထက်သော စုန်းမ အသစ်များ
ပေါ်လာကြပါက အနာဂတ်သည် မည်သည့်ပုံ
ပေါက်သွားမည်ကို ရိုလန်က ကြိုတင်
မြင်ယောင်ထားနိုင်ခဲ့သည်။

ထို့ကြောင့်ပင် အကယ်၍ ရိုလန်က အရဏ်ဦး
နိုင်ငံအား အပြည့်အဝ ထိန်းချုပ်နိုင်စွမ်း မရှိခဲ့ပါက
လက်ရှိ အခြေအနေအတိုင်း ပစ်ထားလိုက်ရန်သာ

+

အက်ဒစ်က အလျှော့မပေးစတမ်း တင်ပြနေရခြင်း ဖြစ်သည်။

အကယ်၍ သူကသာ ဤကမ္ဘာ အတွင်းတွင် မွေးဖွားလာသော သခင်တစ်ယောက် ဖြစ်ခဲ့ပါက အက်ဒစ်၏ အဆိုအား သေချာပေါက် လက်ခံမိမည်ဟု ရိုလန်က ယုံကြည်နေခဲ့သည်။

ဘုရင်တိုင်းက သူတို့၏ တိုင်းပြည်များကို အချိန်ကာလ ကြာမြင့်စွာ တည်ရှိစေလိုနေပြီး သူတို့ မျိုးဆက်များက သူတို့၏ ဂုဏ်ကျက်သရေများကို လက်ဆင့်ကမ်းစေလိုနေကြမည် ဖြစ်ကာ အနာဂတ်တွင် သူတို့၏ ကိုယ်ပိုင် တိုင်းပြည်အား

+

ခြိမ်းခြောက်နိုင်သည့် ပြိုင်ဘက် တစ်ယောက်ကို ဘယ်တော့မှ ဖန်တီးလိမ့်မည် မဟုတ်ချေ။

ရိုလန်သည် သူ၏စိတ်ကို ပြောင်းလဲကာ အိုတိုအား သူ့ကံကြမ္မာအတိုင်း လျစ်လျူရှုထား၍ ရနိုင်သေးသည်။ ထိုကဲ့သို့ ပြုလုပ်ရန် သူသည် သူ၏ကတိအား ဖျက်ကာ အန်ဒရီယာအား လှည့်စားလိုက်ရုံပင် ဖြစ်သည်။

သို့သော်လည်း သူသည် ထိုကဲ့သို့သော လူစားမျိုး မဟုတ်ပေ။

ရိုလန် အမှန်တကယ် ဂရုစိုက်နေသည်မှာ သူ၏တိုင်းပြည် မဟုတ်နေချေ။

+

သူသေဆုံးသွားပြီးနောက် သူ၏ တိုင်းပြည်က
မည်ကဲ့သို့ ဖြစ်ကျန်ခဲ့မည်ကို သူက လုံးဝ
အမှုမထားနေပေ။ ထာဝရ တည်တံ့နေသော
တိုင်းပြည် တစ်ခုထက် စာလျှင် သူသည် လူသား
မျိုးနွယ်စု တစ်ခုလုံး၏ တိုးတက်မှုကိုသာ ပို၍
စိတ်ဝင်စားနေကာ သူ၏ ဆက်ခံသူက မည်သူပင်
ဖြစ်စေကာမူ ရိုလန်သည် သူ့အား အုပ်ချုပ်ရာ၌
ကူညီရန် တာဝန် ရှိမနေပေ။

ဤကမ္ဘာ အတွင်းမှ သူ၏ ဘဝပန်းတိုင်မှာ
မီးခိုးရောင် ရဲတိုက် အတွင်းမှ လူနေမှု
အဆင့်အတန်းကို မြင့်မားလာအောင် ပြုလုပ်ပြီး

+

တစ်ချိန်တည်းတွင် နတ်ဘုရားဆန္ဒ စစ်ပွဲ၏ ပဟေဠိကို အဖြေရှာရန်လည်း ဖြစ်နေသည်။

တိုင်းပြည်လေးခု အနက် မည်သည့် တိုင်းပြည်က အသန်မာဆုံး ဖြစ်သည်ကိုမူ ဤနေရာတွင် နေထိုင်သော သူများ၏ လက်အတွင်းသို့သာ ထည့်ပေးရပေလိမ့်မည်။

နောက်ဆုံးအချက် အနေဖြင့် သူသည် ရိုးသား ဖြောင့်မှန်သော လူတစ်ယောက် ဖြစ်ရန် သူ၏ စည်းမျဉ်းစည်းကမ်းများ အတိုင်း လိုက်နာလိုနေသည်။ သူသည် ကိုယ်ပိုင် အကျိုးအမြတ် ရနိုင်ရန် အတွက် ကတိများကို အလွယ်တကူ ချိုးဖောက်၍ မရသလို စေ့စပ်

+

ညှိနှိုင်းရာ၌ လိမ်ညာမှုများ မပြုလုပ်ရန်လည်း ဆန္ဒရှိနေသည်။

အက်ဒစ်၏ အဆိုပြုချက်ကို ချက်ချင်း ပယ်ချရန် ဆုံးဖြတ်ခဲ့မှုကြောင့် သူသည် ထူးချွန်ထက်မြက်သော နိုင်ငံရေးသမား တစ်ယောက် ဘယ်တော့မှ ဖြစ်မလာနိုင်ဟု သူ့ကိုယ်သူ သိနေခဲ့သည်။

"အရမ်းကောင်းတဲ့ အဆိုပြုချက်ပဲ" ရိုလန်က အက်ဒစ်ကို ကျေနပ် အားရစွာဖြင့် ကြည့်လိုက်သည်။ "ဒါပေမဲ့ ငါက ငါ့စကားတွေကို ပြန်လည် ရုပ်သိမ်းမှာ မဟုတ်ဘူး"

+

"အရှင်မင်းမြတ်..." အက်ဒစ်က
အံ့အားသင့်သွားသည်။

"မင်းဘာကို ပြောချင်နေသလဲ ဆိုတာကို
ငါသိနေတယ်... လိမ္မာ ပါးနပ်တဲ့
ဘုရင်တစ်ယောက်ဟာ ကိုယ့်တိုင်းပြည်ရဲ့
အကျိုးအမြတ်ကိုသာ ရှာဖွေရမှာ ဖြစ်ပြီး လိမ်ညာ
လှည့်စားတာက ပုံမှန်ပဲ ဖြစ်တယ်" ရိုလန်က
အက်ဒစ်ကို ဖြတ်ပြောလိုက်သည်။ "ဒါပေမဲ့
ဒီကမ္ဘာမှာ ဘုရင်တွေ အပြင် တခြား
အုပ်ချုပ်သူတွေလည်း ရှိနေသေးတယ်"

"တခြား အုပ်ချုပ်သူတွေ... ဟုတ်လား" အက်ဒစ်က
စိတ်ရှုပ်ထွေးစွာဖြင့် သံယောင်လိုက်လိုက်သည်။

+

"ဟုတ်တယ်... ဥပမာအားဖြင့် အတွေးအမြင် ပဓာန ဝါဒီသမား တစ်ယောက်ပေါ့"

## စာစဥ် ၆၁ : အပိုင်း ၁၄

## အပိုင်း ၉၁၄ : အန်နာ၏ ကြိုတင် ခန့်မှန်းမှု

အရုဏ်ဦး နိုင်ငံမှ အမှုကိစ္စများကို ဖြေရှင်းခဲ့ အပြီးတွင် ရိုလန်သည် စခန်း၏ အတွင်းပိုင်း နေရာမှ သူ၏ စံအိမ်အတွင်းသို့ ပြန်လာခဲ့သည်။

+

ထိုစံအိမ်သည် ဆက်၍ တည်ဆောင်ထားသော နှစ်ထပ် ကျောက်တုံးအိမ် မြောက်မြားစွာတို့နှင့် ဖွဲ့စည်းထားပြီး ကျယ်ပြန့်သော အရှေ့ခြံဝင်းနှင့် နောက်ဖေးခြံဝင်းတို့ ရှိနေကာ ယခင်က ချမ်းသာ ကြွယ်ဝသော ကုန်သည်တစ်ဦး ပိုင်ဆိုင်ခဲ့သော်လည်း ဟားမီးစ်မှ အဓိကရုဏ်း အကြားတွင် မူလပိုင်ရှင်က ပျောက်ဆုံးသွားသဖြင့် ရိုလန်က သူ၏ ယာယီ စံအိမ်အဖြစ် အသုံးပြုခဲ့ခြင်း ဖြစ်သည်။

အဓိက အိပ်ခန်း အတွင်းသို့ ပြန်ရောက်လာသော အခါ အန်နာသည် သူ၏ စာရေး စားပွဲပေါ်တွင် ထိုင်နေ၍ အိမ်မက်ကမ္ဘာ အတွင်းမှ ယူပြန်လာသော စာအုပ်အား ဖတ်ရှုနေသည်ကို တွေ့လိုက်ရသည်။ ပြတင်းပေါက်မှ ဖြတ်သန်း ဝင်ရောက်လာသည့်

+

နေရောင်သည် သူမ၏ ဆံစများကို ထိုးနေခဲ့ကာ သူမ၏ ဖြူဖွေးသော မျက်နှာအား ရွှေရောင် သန်းစေခဲ့သည်။

"အစည်းအဝေး ပြီးသွားပြီလား" သူ၏ ခြေသံများကို ကြားခဲ့ရသော အခါ အန်နာက ပြန်လှည့်လာ၍ ပျော်ရွှင်စွာဖြင့် မေးလိုက်သည်။

"ပြီးသွားပြီ… ငါက သူတို့ သိသင့်တဲ့ အရာအားလုံးကို ပြောခဲ့ပြီး နာနာနဲ့ ကျန်တဲ့သူတွေက မနက်ဖြန် မနက်စောစော ပြန်ကြလိမ့်မယ်"

+

"အရင်ဆုံး ခြေထောက် ဆေးလိုက်ပါလား"
အန်နာက ထရပ်လိုက်၍ အိပ်ရာဘေးမှ
ခွေးခြေတစ်ခု အပေါ်တွင် ရေဇလုံ တစ်ခုကို
တင်လိုက်ပြီး ရိုလန်အား ဖိနပ်နှင့် ခြေအိပ်များကို
ကူချွတ်ပေးလိုက်သည်။ ကုန်းပြင်မြင့်ပေါ်တွင် ရိုလန်
ဝတ်ဆင်ရသည့် ဖိနပ်မှာ ထူထဲသော သားရေဖြင့်
ပြုလုပ်ထားသဖြင့် ခြေထောက်များက ခဏလေးနှင့်
အနံ့ထွက်လာပေသည်။

သို့ဖြစ်၍ ရိုလန် အလုပ်မှ ပြန်လာပြီး ပထမဆုံး
ပြုလုပ်သည့် အရာမှာ ခြေထောက်ဆေး၍ နူးညံ့
ပေါ့ပါးသော ဖိနပ်တစ်စုံကို လဲခဲ့ခြင်း ဖြစ်သည်။ အစ
ပထမတွင် သူသည် သူ့ကိုယ်သူသာ ပြုလုပ်ရန်
ကြိုးစားခဲ့သော်လည်း အန်နာက ကူညီရန်

+

အတင်းအကျပ် တောင်းဆိုခဲ့သဖြင့် ခွင့်မပြု၍ မရတော့ချေ။

"အပူချိန်က ဘယ်လိုလဲ" အန်နာက သူမ၏ အနက်ရောင် မီးတောက်ကို ရေအတွင်းသို့ ထည့်လိုက်ကာ အောက်ခြေသို့ တိုင်အောင် နစ်မြုပ်သွားစေခဲ့သည်။

"နည်းနည်းလေး ထပ်နွေးလိုက်ရင် ရပြီ… အား… ဒီလောက်ဆိုရင် အကောင်းဆုံးပဲ" သူ၏ ခြေထောက် အပေါ်တွင် လွှမ်းခြုံလာသော အနွေးဓာတ်ကို ခံစားမိ၍ ရိုလန်က နက်ရှိုင်းစွာ သက်ပြင်း ချလိုက်သည်။

+

အနက်ရောင် မီးတောက်သည် ရေကို အပူပေးရုံသာ မကပဲ မျဉ်းလုံးတစ်ခု အဖြစ်သို့ အသွင်ပြောင်း၍ သူ၏ ခြေဖမိုးနှင့် ခြေဖဝါးများကို နှိပ်နယ်ပေး၍လည်း ရနိုင်သည်။ ပြီးတာနှင့် ထိုမီးတောက်သည် သူ၏ ခြေထောက်ကို လွှမ်းခြုံသွား၍ ရေစက်များကို ခြောက်သွေ့စေခဲ့သည်။

ယခု ဘဝသည် အမှန်ကိုပင် ဇိမ်ကျသော ဘဝတစ်ခု ဖြစ်ပေသည်။

"အရှင်ကရော ဘယ်လိုလဲ" အန်နာက သူ၏ဘေးတွင် ထိုင်လိုက်သည်။ "အရှင်က နာနာနဲ့ အတူ လိုက်သွားမှာလား"

+

"မသွားဘူး… ရှယ်ဗီကပဲ လိုက်သွားလိမ့်မယ်… သူမရဲ့ စောင့်ကြည့်မှု စွမ်းရည်က မြို့စောင့်တပ် အတွက် အစားမထိုးနိုင်တဲ့ အရာတစ်ခုပဲ" ရိုလန်က အန်နာ၏ လက်ကို ကိုင်၍ ပြောလိုက်သည်။ "ငါ့ရဲ့ ပြန်ရောက်လာမှုဟာ သူတို့ရဲ့ စိတ်ကို သက်သာရာ ရစေမှာ မှန်ပေမဲ့ သူတို့ဟာ ငါမရှိပဲ ပြဿနာတွေကို ဖြေရှင်းနိုင်အောင် သင်ယူလေ့လာဖို့ လိုနေသေးတယ်"

"ဒါ့အပြင် ပထမ စစ်တပ်ရဲ့ အဓိက တပ်ဖွဲ့က အဆင်သင့် မဖြစ်သေးတော့ ငါသွားလည်း ဘာမှ အကြောင်းမထူးနိုင်ဘူး… မက်ဂီက နာနာနဲ့

+

ရှယ်ဗီတို့ကို သယ်ဆောင်ပြီးသွားမှ ငါတို့ကို
ပြန်လာခေါ်လိမ့်မယ်"

ပိတုန်းငှက်၏ စွမ်းရည်သည် သက်ရှိများ အပေါ်တွင်
အကျိုး သက်ရောက်မှု မရှိနေသဖြင့် မက်ဂီသည်
တစ်ကြိမ်လျှင် လူနှစ်ယောက်ခန့်သာ
သယ်ဆောင်သွားနိုင်ပြီး အများဆုံး
လူအရေအတွက်မှာ တစ်ယောက်ချင်းစီ၏
အလေးချိန်ပေါ်တွင် မူတည်နေသည်။

လျှပ်စီးကလည်း သူမအပေါ်တွင် ခရီးသည်
တစ်ယောက်အား သယ်ဆောင်သွားနိုင်သော်လည်း
ထိုသို့ဆိုလျှင် သူမသည် များစွာပို၍ နိမ့်နိမ့်
ပျံသန်းရကာ သစ်ပင်၏ ထိပ်ဖျားများနှင့် ထိလုနီးပါး

+

ဖြစ်နေခဲ့သည်။ သို့ဖြစ်၍ သူမ၏ စွမ်းဆောင်ရည်သည် ခရီးရှည် ပျံသန်းမှုတွင် လုံခြုံ စိတ်ချရသည်ဟု သတ်မှတ်၍ မရနိုင်သော်လည်း အရေးပေါ် အခြေအနေ တစ်ခုတွင် အရန် အနေဖြင့် အသုံးပြုနိုင်သည်။

ဟားမီးစ်မှ ဆောင်းမဲ့မြို့တော်သို့ ကြာမြင့်စွာ ပျံသန်းရမည် ဖြစ်သဖြင့် မက်ဂီသည် အကယ်၍ အစာရှာရန်ပင် အနားမယူပဲ နေဝင်သည့် အချိန်အထိ ပျံသန်းခဲ့လျှင်ပင် သုံးရက်နီးပါး အချိန်ယူရမည် ဖြစ်သဖြင့် ရိုလန်သည် ဘာမှ မတတ်နိုင်ပဲ စုန်းမများကို သူတို့အား အရေးပေါ် လိုအပ်နေမှု အပေါ်တွင် မူတည်၍သာ ဖြည်းဖြည်းချင်း ပို့ဆောင်ခဲ့ရလေသည်။

+

ကံကောင်းစွာဖြင့် တပ်ဖွဲ့များသည် ကုန်းတွင်းမြစ် တစ်လျှောက် တောင်ဘက်သို့ ဖြည်းဖြည်းချင်း ထွက်ခွာလာကြမည် ဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု အတွက် စောင့်ဆိုင်းရသည့် အချိန်က ပို၍ တိုလာမည် ဖြစ်ပေသည်။

"ပိုပြီးမှ မြန်ဆန်တဲ့ ဆက်သွယ်ရေး တစ်ခု ရှိရင် အရမ်းကောင်းမှာပဲ" အန်နာက အပေါ်သို့ မော့ကြည့်လိုက်သည်။ "ဥပမာအားဖြင့် ကောင်းကင်ပေါ်ကို ပျံတက်နိုင်တဲ့ စက်ကိရိယာ တစ်ခုပေါ့"

+

"ဒါက လွယ်တော့ မလွယ်ကူဘူး... ဒါပေမဲ့..." အတွင်းမှ ပေါက်ကွဲသော အင်ဂျင်တစ်ခု မရှိပဲနှင့် လေယာဉ် အစစ် တစ်စင်းကို တည်ဆောက်ရန် မဖြစ်နိုင်မှန်းကို ပြောမည် အပြုတွင် ရိုလန်၏ စိတ်အတွင်းတွင် အတွေးတစ်ခု ရုတ်တရက် ပေါ်လာခဲ့ကာ သူ၏ ယခင်က မှတ်ချက်ကို ချင်းချင်း ပြန်လည် ရုပ်သိမ်းလိုက်သည်။ "နေပါဦး... ဒါက ဖြစ်နိုင်ခြေတော့ ရှိတယ်"

"ဘယ်လိုလဲ" အန်နာ၏ ရေအိုင်ပြာ မျက်လုံးများက စိတ်လှုပ်ရှားမှုဖြင့် လင်းလက်လာလေသည်။

"ဝင်ဒီနဲ့ ဆန်းကြယ်လမင်းရဲ့ စွမ်းရည်တို့ကို အသုံးပြုပြီးပေါ့" ရိုလန်က စဉ်းစားနေရင်း

+

ပြောလိုက်သည်။ "တကယ်လို့ သယ်ယူပို့ဆောင်ဖို့ အတွက်ပဲ အသုံးပြုမယ့် လေယာဥ် ဆိုရင်တော့ သူတို့ရဲ့ စွမ်းရည်တွေကို ပူးပေါင်းလိုက်ရင် အလုပ်ဖြစ်နိုင်တယ်"

ရိုလန်သည် အမှန်တွင် မက်ဂီ၏ ဗုံးကြဲမှု စစ်ဆင်ရေးမှ နေ၍ စိတ်ကူးဉာဏ် ရလာခြင်း ဖြစ်သည်။ အကယ်၍ သူသည် ပြီးပြည့်စုံမှုကို အလေးမထားပဲ အမြောက်အမြား ထုတ်လုပ်ရန် ဆန္ဒ မရှိနေပါက စုန်းမများ၏ စွမ်းရည်များသည် စက်ကိရိယာများကို အစားထိုးနိုင်ပေသည်။

သုံးနှစ်တိုင်တိုင် သုတေသန ပြုလုပ်ခဲ့အပြီးတွင် သူသည် ဆောင်းမဲ့မြို့တော်၌ အလူမီနီယမ်

+

သတ္တုပေါ့များကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ ဖြစ်ကာ အကြီးစား တွက်ချက်မှုများကို ပြုလုပ်နိုင်သည့် သင်္ချာ ဌာနကိုလည်း တည်ထောင်နိုင်ခဲ့ပြီး ဖြစ်သည်။ တွက်ချက်မှု ရလဒ်များကို အတည်ပြုပေးနိုင်သည့် မူလ သယ်ဆောင်သူ တစ်ယောက် ရှိနေပြီ ဖြစ်၍ သူသည် စွမ်းအား အနည်းငယ်သာ လိုအပ်နိုင်သည့် စက်မဲ့လေယာဉ်များကို တည်ဆောက်နိုင်ရန် အလားအလာများ ကောင်းနေပေသည်။

ဤကြိုးစားမှု အတွက် အရေးအကြီးဆုံး အပိုင်းမှာ ဝင်ဒီ၏ လေထု ထိန်းချုပ်မှုနှင့် အရဏ်ဦး အမှတ်တစ်အား စွမ်းအားပေးမည့် လျှပ်စစ်မော်တာ တစ်ခုပင် ဖြစ်ပေသည်။

+

ရိုးရှင်းစွာဖြင့် ပြောရလျှင် လေယာဉ်တစ်စီး
ပျံသန်းနိုင်ရခြင်းမှာ သူ၏ အင်ဂျင်က လေယာဉ်
ရှေ့သွားနိုင်ရန် တွန်းကန်သည့် လေစီးကြောင်း
တစ်ခုကို ဖန်တီးနိုင်ခြင်းကြောင့် ဖြစ်သည်။
တစ်ချိန်တည်းတွင် လေယာဉ် တောင်ပံများ၏
အပေါ်ဘက်နှင့် အောက်ဘက် မျက်နှာပြင်များတွင်
လေစီးကြောင်း ဖန်တီးထားသော ဖိအား
ကွာခြားမှုက ပင့်အားတစ်ခုကို ထုတ်လုပ်နိုင်ခဲ့သည်။

ဆောင်းမဲ့မြို့တော်၏ လက်ရှိ နည်းပညာ
အကန့်အသတ်များ အရ ယခု အသုံးပြုနေသော
လျှပ်စစ်မော်တာသည် လေယာဉ်တစ်စီးအား
ပင့်တင်နိုင်ရန် မလုံလောက်နိုင်သော်လည်း ဝင်ဒီ၏

+

စွမ်းရည်သည် တောင်ပံအောက်မှ လေဖိအား ပြောင်းလဲမှုကို တိုက်ရိုက် ဖန်တီးနိုင်၍ လေယာဥ်အတွက် ပင့်တင်အား တစ်ခုကို ပေးစွမ်းနိုင်သည်။ ဤသို့ဖြင့် လျှပ်စစ် မော်တာသည် ရေပြင်ညီ တွန်းအားကိုသာ ဖန်တီးပေးရန် လိုတော့မည် ဖြစ်သည်။

လျှပ်စီးသည် လေထုအတွင်းမှ နေ၍ ဗုံးဦးတည်ချက်ကို ချိန်ညှိပေးသည့် အတိုင်း ဝင်ဒီသည် လေယာဥ် ပျံတက်နိုင်ရန် အတွက် သင့်တော်သော စွမ်းအားတစ်ခုကို ဖန်တီးရန်သာ လိုအပ်နေသည်။

+

"ပျံသန်းမှု အချိန်ကို တိုးမြှင့်နိုင်အောင် စက်မဲ့လေယာဉ်ရဲ့ တောင်ပံတွေကို တတ်နိုင်သလောက် ရှည်ရှည် ထားရမယ်" ရိုလန်က ခေတ်ပေါ် လူမှု အဖွဲ့အစည်းတွင် စက်မဲ့လေယာဉ်က မည်သည့်ပုံ ပေါက်နေသည်ကို ပြန်လည် စဉ်းစားနေပြီး ပို၍ပို၍ စိတ်လှုပ်ရှားလာခဲ့သည်။

"ဒါပေမဲ့ လေယာဉ် မတက်မီ ပင့်တင်နိုင်တဲ့ စွမ်းအားကို အမြင့်ဆုံး တင်နိုင်ဖို့ အတွက် လေယာဉ်ဟာ ဝင်ဒီရဲ့ လေထိန်းချုပ်မှု နေရာကို အပြည့်အဝ လက်ခံဖို့ ကျယ်ပြန့်တဲ့ တောင်ပံတစ်ခု ရှိမှရမယ်… ဒါ့အပြင်…"

+

ကောင်းစွာ ပုံစံဆွဲ၍ တည်ဆောက်ထားသည့် ပုံမှန်
စက်မဲ့လေယာဉ် တစ်စင်းသည် သူ၏ အမြင့်ပေကို
တိုးမြှင့်ရန်နှင့် ပျံသန်းနိုင်မှု အချိန်ကို ပိုကြာစေရန်
လေပူစီးကြောင်းကို မှီခိုနေရသည်။ သို့သော်လည်း
ရိုလန်၏ အထူး စက်မဲ့လေယာဉ် အနေဖြင့်
စုန်းမများ ဖန်တီးထားသည့် အပေါ်သို့
တိုက်ခတ်နေသည့် လေစီးကြောင်း အပေါ်တွင်
မှုတည်နေမည် ဖြစ်သည်။

ဤအရာက လေယာဉ်ပျံသည် မော်စွမ်းအား
မကုန်ခန်းသရွေ့ ရိုလန် ဆန္ဒရှိသလောက်
ပျံသန်းနိုင်မည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

+

အခြား စကားလုံးဖြင့် ပြောရလျှင် ပန်းတိုင်တွင် လေယာဉ်ပြေးလမ်း တစ်ခုကို တည်ဆောက်ထားပါက လေယာဉ်ပျံသည် တစ်ကြိမ်လျှင် အနည်းဆုံး လူဆယ်ယောက်အား သယ်ယူ ပို့ဆောင်နိုင်မည် ဖြစ်သည်။

အနှေးဆုံး စက်မဲ့လေယာဉ်ကပင် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ကျော် ပျံသန်းနိုင်သဖြင့် နတ်ဆိုးသားရဲ အသွင် ပြောင်းထားသော မက်ဂီထက် သုံးဆ ပိုမြန်နေသည်။ ဤကဲ့သို့ စက်မဲ့လေယာဉ် တစ်စင်းဖြင့် သူတို့သည် မီးခိုးရောင် ရဲတိုက် အတွင်းမှ မည်သည့်မြို့ကို မဆို တစ်ရက်အတွင်း ရောက်နိုင်ပေသည်။

+

သို့သော်လည်း နမူနာ ပုံစံတစ်ခုကို ထုတ်လုပ်ရန်နှင့် လေယာဉ်မှူးအား လေ့ကျင့်ရန်မှာ ဖြည်းညင်း၍ အချိန်ကုန်သော ဖြစ်စဉ်တစ်ခု ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ သူသည် ဤစီမံကိန်းအား ယခုစမည် ဆိုလျှင်ပင် စက်မဲ့လေယာဉ်အား ပျံသန်းနိုင်သည့် အချိန်တွင် စုန်းမများနှင့် ပထမ စစ်တပ်တို့သည် ဆောင်းမဲ့မြို့တော်သို့ ရောက်ရှိပြီး ဖြစ်နေလိမ့်မည်။

သို့သော်လည်း စက်မဲ့လေယာဉ် တစ်စင်းအား တီထွင်ရမည့် အတွေးအကြံသည် ရိုလန်နှင့် အန်နာတို့ နှစ်ဦးစလုံးကို စိတ်လှုပ်ရှားစေခဲ့ပြီး ဤအကြောင်းအရာကို အချိန် အတန်ကြာ ဆွေးနွေးနေခဲ့ကြသည်။ ကမ္ဘာပေါ်မှ လူသားများ

+

အနေဖြင့် ပျံသန်းခြင်းသည် သူတို့၏
အကြီးမားဆုံးသော ရည်ရွယ်ချက် ဖြစ်ခဲ့ဖူးသည်။

ဘာမှ သိပ်မလုပ်နိုင်သော ဟိုက်ဒရိုဂျင် မီးပုံပျံ
တစ်ခုနှင့် မတူပဲ စက်မဲ့လေယာဉ်သည်
လူသားများကို ကောင်းကင်ပေါ်သို့ အမှန်တကယ်
ပျံသန်းစေနိုင်သည်။

အက်ဒစ်သည် ရိုလန်အား တိုင်းပြည် အုပ်ချုပ်ရမည့်
အကြံကောင်းများကို ပေးခဲ့သလို အန်နာကလည်း
နည်းပညာ အသစ်များနှင့် ပြင်ဆင် မွမ်းမံမှုများနှင့်
ပတ်သတ်၍ အကြံများကို ဝေမျှပေးနိုင်သည်။
ဤကဲ့သို့ နည်းပညာ အဆင့်အတန်းတွင် သူနှင့်

+

ဆွေးနွေးနိုင်သည့်သူမှာ သူမ တစ်ယောက်သာ ရှိပေလိမ့်မည်။

"ဪ... ဒါနဲ့... " အန်နာသည် စက်မဲ့လေယာဉ် ပုံကြမ်းနှင့် အစည်းအဝေး မှတ်စုများအား အသေအချာ စီ၍ သိမ်းဆည်းလိုက်ပြီးမှ မေးလိုက်သည်။ "အစည်းအဝေး အတွင်းမှာ သတင်းကောင်းတွေ ရခဲ့သလား... ဆောင်းမဲ့မြို့တော်က စာတွေကို ရခဲ့တဲ့ အချိန်ကတည်းက အရှင်ဟာ ဒီကနေ့လောက် စိတ်လက်ပေါ့ပါးနေတဲ့ပုံ ပေါက်မနေဘူး"

"အင်း... ဒီလိုပဲ ပြောရမှာပေါ့" ရိုလန်၏ နှုတ်ခမ်းများသည် ပြုံးယောင်သန်းသွားခဲ့ကာ

+

မြောက်ပိုင်းဒေသမှ ပုလဲနှင့် ပြောခဲ့သည့် စကားများကို သူမအား အကျဉ်းချုံး၍ ပြန်လည်ပြောပြလိုက်သည်။

အက်ဒစ်၏ အကြောင်းပြချက်များကို ကြားခဲ့ရသောအခါ အန်နာသည် မအောင့်နိုင်ပဲ ရယ်လိုက်မိသည်။

"ဘာများ မှားနေလို့လဲ" ရိုလန်က စိတ်ဝင်တစားဖြင့် မေးလိုက်သည်။

"သူမက ကျွန်မတို့ရဲ့ သင်ယူနိုင်တဲ့ စွမ်းရည်ကို အတော်လေး ယုံကြည်မှု လွန်ကဲနေတယ်လို့ ပြောရမှာပဲ... အရှင်က ကျွန်မတို့ကို သင်ကြားပေးခဲ့တဲ့ အရာအားလုံးကို

+

နားလည်ဖို့လား… ကျွန်မက ရူပဗေဒနဲ့ ဓာတုဗေဒ မပြောနဲ့… အထက်တန်း သင်္ချာကိုတောင် လေ့လာရတာ အတော်လေး ခက်ခဲနေတယ်" အန်နာ၏ မျက်နှာက ရှုံ့မဲ့သွားသည်။

"တကယ်လို့ နောက်ထပ် အနှစ်တစ်ရာ ကြာသွားရင်တောင် လိမ္မော်ရောင် စာအုပ်ကို အပြည့်အဝ နားလည်လိမ့်မယ်လို့ ကျွန်မက မထင်နေဘူး"

"ဟားဟား" ရိုလန်က ရယ်လိုက်သည်။ "အိမ်မက်ကမ္ဘာ အတွင်းမှာ ဒီလိုမျိုး စာအုပ်တွေ အများကြီး ရှိသေးတယ်"

+

"ပြီးတော့ အနာဂတ်က သူမ ထင်သလို ဖြစ်လာလိမ့်မယ်လို့ ကျွန်မက မထင်နေဘူး"

"တကယ်လား... မင်းက ဘယ်လို ဖြစ်လာမယ်လို့ ထင်နေသလဲ"

"တကယ်လို့ ကျွန်မတို့ဟာ ဝင်ရောက် တိုက်ခိုက်ပြီး အသာစီး ရနိုင်တဲ့ အနေအထားမှာ မရှိနေရင် အရူဏ်ဦး နိုင်ငံကို ဒီအတိုင်း ကစဉ့်ကလျား ဖြစ်အောင် ထားလိုက်ရင် ပိုကောင်းမယ်လို့ သူမက ထင်နေတယ်... ဒါပေမဲ့ လူတွေရဲ့ လေးစားမှုကို ရယူဖို့ နည်းလမ်းတစ်ခုသာ မကဘူးလို့ ကျွန်မက ယုံကြည်နေတယ်"

+

"ကျွန်မတို့က မိစ္ဆာတွေကို ခုခံတိုက်ခိုက်ပြီး ကျွန်မတို့ တိုင်းပြည်တွေကို ဝင်ရောက်ကျူးကျော်လာတဲ့ ရန်သူတွေကို နှိမ်နင်းနိုင်ခဲ့ရင် ကျွန်မတို့ဟာ တခြားဘုရင်တွေ ဘယ်တော့မှ ရရှိနိုင်မှာ မဟုတ်တဲ့ ဂုဏ်သိက္ခာနဲ့ ချစ်ကြောက်ရိုသေမှုတွေကို ခံယူရမှာ ဖြစ်တယ်" အန်နာက လေးနက်သော လေသံတစ်ခုဖြင့် ပြောလိုက်သည်။

"အရှင်က ဘုရားကျောင်းကို နှိမ်နင်းပြီး နတ်ဘုရားဆန္ဒ စစ်ပွဲကို အနိုင်ယူနိုင်ခဲ့ရင် စုန်းမတွေအားလုံးဟာ အရှင့်ရဲ့ ကြီးမားတဲ့ စွမ်းဆောင်မှုကို အမြဲတမ်း အမှတ်ရနေကြမှာ ဖြစ်ပြီး တကက်ကီလာ စုန်းမတွေကလည်း အရှင့်အတွက် ဂုဏ်ယူနေကြလိမ့်မယ်"

+

"အရှင့်ရဲ့ နာမည်ဟာ အရှင် ရေးသားထားတဲ့ စာအုပ်တိုင်းမှာ တွေ့နိုင်မှာ ဖြစ်ပြီး အများပြည်သူကို ဖြန့်ဖြူးထားတဲ့ အရှင့်ရဲ့ ဗဟုသုတတွေနဲ့ အတူ အရှင်က အမြဲတမ်း အမှတ်ရခြင်းကို ခံရလိမ့်မယ်… အရှင်ဟာ ကျွန်မတို့ရဲ့ သမိုင်း အစိတ်အပိုင်း တစ်ခု ဖြစ်လာရုံတင် မကပဲ ပစ္စုပ္ပန်က လူအားလုံးရဲ့ မှတ်မိခြင်းကိုလည်း ရနေရမယ်"

"အရှင်က ဂုဏ်သိက္ခာ မြင့်မားလွန်းလို့ တခြား တိုင်းပြည်က သခင်တွေကတောင် အရှင့်ရဲ့ ကာကွယ်မှုအောက်ကို လာရောက်ပြီး အရှင့်ရဲ့ စီရင်မှုအောက်မှာ နေဖို့ တောင်းဆိုကြလိမ့်မယ်… အရှင့်ကို ပုန်ကန်ခဲ့တဲ့ သူတွေဟာ ဘယ်လို

+

ဖြစ်သွားသလဲ ဆိုတာကို ပြသခဲ့ပြီး ဖြစ်လို့ ဘယ်သူကမှ အရှင့်ရဲ့ အာဏာကို စိန်ခေါ်ရဲတော့မှာ မဟုတ်ဘူး"

"ကြိုမြင်နိုင်တဲ့ အနာဂတ်မှာ တိုင်းပြည် တစ်ခုတည်းသာ ရှိတော့မှာ ဖြစ်ပြီး သူ့ရဲ့ နယ်မြေက ဖွံ့ဖြိုးသော နယ်မြေအထိ ရောက်ရှိနိုင်ကာ လူသား မျိုးနွယ်စုက ကြီးမြတ်တဲ့ သမိုင်းကြောင်းကို ပြန်လည် ရှင်သန်အောင် လုပ်နိုင်လိမ့်မယ်"

အန်နာက ခေတ္တမျှ ရပ်နားလိုက်ပြီးမှ မေးလိုက်လေသည်။ "ကျွန်မရဲ့ ခန့်မှန်းမှုနဲ့ ပတ်သတ်ပြီး တစ်ခုခု မှားနေတာ ရှိသလား"

+

# စာစဥ် ၆၁ : အပိုင်း ၁၅

## အပိုင်း ၉၁၅ : ကမ္ဘာ အဆုံးတိုင်အောင်

"ဘယ်ရှိမှာလဲ" ရိုလန်က သူမ၏ နဖူးကို ချစ်မြတ်နိုးစွာဖြင့် ပုတ်လိုက်သည်။ "ဒါ့အပြင် ဒါက နင်အိမ်မက်မက်နေတဲ့ အရာတစ်ခုလို့ ငါက ခံစားနေရတယ်"

"ဒီလိုဆိုတော့ အက်ဒစ် ပြောခဲ့တဲ့ အရာတွေ အတွက် အရှင်က ဘာဖြစ်လို့ ပျော်နေရတာလဲ" အန်နာက စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။

+

"ငါက သူမရဲ့ ခန့်မှန်းချက်ကြောင့် ပျော်ခဲ့တာ မဟုတ်ဘူး… သမိုင်းကိုယ်တိုင်က ပြောင်းလဲမှုတွေ ဖြစ်နိုင်ခြေ များစွာတို့နဲ့ ဖွဲ့စည်းထားတာ" ရိုလန်က ပြုံးနေရင်း ပြောလိုက်သည်။

"အတိတ်ကို လေ့လာသင်ယူဖို့တောင် ခက်ခဲနေတော့ အနာဂတ်ကို ကြိုတင်ခန့်မှန်းဖို့ မလွယ်ကူနိုင်ဘူး… ဥပမာအားဖြင့် ငါတို့က တတိယ နတ်ဘုရားဆန္ဒ စစ်ပွဲကို အောင်နိုင်ကောင်း အောင်နိုင်မှာ ဖြစ်ပေမဲ့ နောက်နှစ်ပေါင်း လေးရာကျရင် စတုတ္ထ နတ်ဘုရားဆန္ဒ စစ်ပွဲမှာ မရှုမလှ ရှုံးနိမ့်သွားနိုင်တယ်"

+

"ပြီးတော့ သမုဒ္ဒရာ အောက်ခြေမှာ ကျက်စားနေကြတဲ့ ရန်သူတွေက အမတန်မှ အစွမ်းထက်လွန်းတော့ ငါတို့က သူတို့ကို အောင်နိုင်ဖို့ မတတ်နိုင်ပဲ ကမ္ဘာမြေပေါ်ကနေ ဖယ်ရှားခြင်း ခံရနိုင်တယ်... အဲ့ဒီ အချိန်ကျရင် ငါတို့တိုင်းပြည်ဟာ ဆက်လက် ရှင်သန်ဖို့ မပြောနဲ့ လူသား မျိုးနွယ်စုတွေ ဆက်လက် ရပ်တည်နိုင်မလား ဆိုတာကိုတောင် ငါတို့က သိနိုင်မှာ မဟုတ်ဘူး"

"အင်း... ဒါက အရှင် စဉ်းစားနေကျ အရာတစ်ခုပဲ" အန်နာက ရိုလန်၏ လေသံကို အတုခိုးကာ မှတ်ချက်ချလိုက်သည်။ "ဒီလိုဆိုတော့ အရှင့်ကို ပျော်ရွှင်စေတဲ့ အရာက ဘာများလဲ"

+

"သူမရဲ့ ကိစ္စတွေ အပေါ်မှာ မြင်တဲ့ အမြင်ပဲ"
ရိုလန်က သူ၏ လက်များကို ဖြန့်လိုက်သည်။
"သူမဟာ ဒီလိုမျိုး တစ်စုံတစ်ရာကို ပြောလိုက်တဲ့
အချိန်မှာ ဘွဲ့ထူးတစ်ခု ပိုင်ဆိုင်ထားတဲ့
သာမန်မှူးမတ် တစ်ယောက် မဟုတ်တော့ပဲ အစိုးရ
အရာရှိ တစ်ယောက်နဲ့ တူသွားခဲ့ပြီ"

"အစိုးရ အရာရှိ တစ်ယောက်... ဟုတ်လား"
အန်နာက ထိုစကားလုံးများကို
သံယောင်လိုက်လိုက်သည်။

"ဟုတ်တယ်... သူမက မြောက်ပိုင်းဒေသရဲ့
အရာရှိတစ်ယောက် အနေနဲ့ စကားပြောနေတာ

+

မဟုတ်ပဲ မီးခိုးရောင် ရဲတိုက် တစ်ခုလုံးကို အုပ်စိုးတဲ့လူ အနေနဲ့ ပြောခဲ့တာ ဖြစ်တယ်... သူမဟာ တိုင်းပြည် တစ်ခုလုံး ဦးတည်နေတဲ့ လမ်းကြောင်းအပေါ်မှာ အခြေခံပြီး အုပ်ချုပ်ပုံ ဝါဒလမ်းစဥ်တွေကို ချမှတ်ခဲ့ကာ ဒီခေတ်မှာ မွေးဖွားလာတဲ့ လူတစ်ယောက် အတွက် ရှားပါးပြီး ပြိုင်စံရှားတဲ့ စွမ်းရည်လို့ ပြောလို့ရတယ်"

"ဒါက ဘားရော့ကတောင် အာရုံမစိုက်နိုင်ခဲ့တဲ့ အရာတစ်ခု ဖြစ်တယ်... မြို့တော်ခန်းမ ဝန်ကြီးချုပ် အနေနဲ့ သူဟာ ဆောင်းမဲ့မြို့တော်ရဲ့ အမြင်ကနေပဲ အားသာချက် အားနည်းချက်တွေကို အမြဲတမ်း ချိန်ဆနေခဲ့တယ်။

+

ဤအရာသည် အမှန်ပင် ကစားပွဲ ပြောင်းလဲမှု တစ်ခုဖြစ်သည်။ မြောက်ပိုင်းဒေသမှ သာမန်မှူးမတ် တစ်ယောက်ဖြစ်သူ အက်ဒစ်ကန့်သည် အစ ပထမတွင် ဘုရင်အား တိုင်းပြည် အုပ်ချုပ်မှုတွင် ကူညီနေခဲ့သူ သလို တစ်ချိန်တည်းတွင် သူမ၏ ဒေသအတွက်လည်း အကျိုးအမြတ်များကို ရှာပေးခဲ့သည်။

ဤအရာသည် ဒေသခံ မှူးမတ်များ အကြားတွင် တွေ့ရအများဆုံး ခံယူချက် ဖြစ်သည်။ သူတို့အတွက် သူတို့ မိသားစု ချီးမြှင့်ခြင်း ခံထားရသော နယ်မြေများသာ သူတို့ တကယ် ပိုင်ဆိုင်သော နယ်မြေများ ဖြစ်သည်ဟု ယူဆနေကြကာ ဘုရင်အား သစ္စာခံထားကြသော်လည်း သူတို့၏

+

ကိုယ်ပိုင် အကျိုးအမြတ်များကို ဘုရင့်အကျိုးထက် ပို၍ အလေးထားနေကြသည်။

"နောက်ထပ် အချက်တစ်ခုက သူမရဲ့ စုန်းမတွေ အပေါ်က သဘောထားပဲ" ရိုလန်က ဆက်ပြောလိုက်သည်။ "စက်မှု တော်လှန်ရေးနဲ့ စုန်းမတွေကို ဆက်စပ် စဉ်းစားနိုင်ပြီး သူတို့ရဲ့ စွမ်းရည်တွေကို ဖွံ့ဖြိုးမှု နည်းဗျူဟာတွေ အတွင်း ပေါင်းစည်းနိုင်တာက သူမရဲ့ အမြော်အမြင်ကို ဖော်ပြနေတယ်"

ရိုလန် အနေဖြင့် အမိန့် တစ်ခုအား မျက်လုံးမှိတ်၍ လိုက်နာခြင်းနှင့် သူ့နောက်ကွယ်မှ အကြောင်းရင်းများကို နားလည်၍ လိုက်နာခြင်းက

+

လုံးဝကို ကွဲပြားခြားနားသော အရာတစ်ခု ဖြစ်သည်ဟု ကောင်းစွာ သိထားသည်။

သူသည် "သိပ္ပံနှင့် နည်းပညာများက အခြေခံ ထုတ်လုပ်မှု စွမ်းအားကို ဖန်တီးပေးကာ စုန်းမများက အကောင်းဆုံး မောင်းနှင်မှု စွမ်းအားများ ဖြစ်သည်"ဟု သူ၏ စာအုပ်အတွင်းတွင် ရေးထားသော်လည်း မြို့တော်ခန်းမ အရာရှိ အများစုက စုန်းမများကို မျှတစွာ ဆက်ဆံခြင်း၏ အရေးပါမှုကို မမြင်နိုင်ကြသေးပဲ ဘုရင့်အမိန့် အရသာ လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

+

အများပြည်သူကလည်း သူ့အနောက်မှ အခြေခံ
အကြောင်းကို နားမလည်ကြပဲ စုန်းမများ
ယူဆောင်လာပေးသော
အဆင်ပြေမှုများကြောင့်သာ သူတို့ကို
ဖြည်းဖြည်းချင်း လက်ခံခဲ့ကြခြင်း ဖြစ်သည်။
သူတို့၏ အချင်းချင်း ဆက်ဆံရေးမှာ ပါးလွှာသော
ချည်ကြိုး တစ်ချောင်းကဲ့သို့ နူးညံ့နေပြီး
မတော်တဆမှု တစ်ခုကြောင့် အလွယ်တကူ
ကျိုးပျက်သွားနိုင်သည်။

စုန်းမများ၏ အကြွင်းမဲ့ စွမ်းအားများကို အပြည့်အဝ
နားလည်နိုင်သော လူများကသာ သူတို့နှင့် ပို၍
နက်ရှိုင်းစွာ ဆက်ဆံကြပေလိမ့်မည်။

+

အမှန်အတိုင်း ပြောရလျှင် ရိုလန်သည် အက်ဒစ်၏
နိုင်ငံရေး အမြင် ပြောင်းလဲမှုထက် စုန်းမများ အပေါ်
သဘောထား ပြောင်းလဲလာမှုကို ပို၍
ကျေနပ်နေခြင်း ဖြစ်သည်။ ကံကြွေးချ စနစ်များ
အားနည်းလာကာ ဗဟိုမှ အာဏာ ပို၍
ချုပ်ကိုင်လာနိုင်သည်နှင့် ပို၍များသော
အရာရှိများသည် စည်းလုံးခြင်း၏ သဘောတရားကို
ဖြည်းဖြည်းချင်း နားလည်လာကြပေလိမ့်မည်။
သို့သော်လည်း စုန်းမများ၏ စွမ်းရည်
သဘာဝများကို နားလည်ရန်မှု အချိန်ပို၍
ယူရနိုင်သည်။

သို့သော်လည်း အက်ဒစ်သည်
ပြီးပြည့်စုံနေခြင်းတော့ မရှိသေးပေ။ သူမသည်
လူအများစုထက် အနာဂတ်ကို ပို၍
+

အမြင်ကျယ်သော်လည်း မီးခိုးရောင် ရဲတိုက် နိုင်ငံ၏
ဆက်လက် ကြီးစိုးထားနိုင်မှုမှ လွဲ၍ ကျန်သော
ဖြစ်နိုင်ခြေ အချို့ကို မမြင်နိုင်ခဲ့ပေ။ သူမ၏
အတွေးအမြင်များသည် ဤခေတ်၏
ကန့်သတ်ထားခြင်းကို ခံနေရခြင်းပင် ဖြစ်သည်။

သို့ရာတွင် ဘာပဲပြောပြော အက်ဒစ်သည်
နိုက်တင်ဂေး အရွယ်ခန့်သာ ရှိသေးသော
မိန်းမပျိုလေး တစ်ဦးသာ ဖြစ်နေသေးသည်။
သို့ဖြစ်၍ သူမအနေဖြင့် ထာဝရ တည်တံ့ခိုင်မြဲသော
အင်ပါယာ တစ်ခုအား တည်ဆောက်ရန်
ရည်ရွယ်ချက် ထားနေခြင်းမှာ သဘာဝ
ကျနေပေသည်။

+

သူလက်ရှိ ရိုက်သွင်းနေသော ခေတ်ပေါ်
အတွေးအခေါ် သဘောတရားများကို ကောင်းစွာ
သဘောပေါက်သွားနိုင်သည့် နောက်အနှစ် သုံးဆယ်၊
လေးဆယ်ခန့် အပြီးတွင် သူမသည် မည်ကဲ့သို့သော
အုပ်ချုပ်သူ တစ်ယောက် ဖြစ်လာလိမ့်မည်ကို
ရိုလန်က သိလိုနေခဲ့သည်။

ရိုလန်၏ ရှင်းပြမှုကို ကြားခဲ့ရ အပြီးတွင်
အန်နာသည် သူမ၏ ခေါင်းကို စောင်းကာ
မေးလိုက်သည်။ "အနာဂတ်က ခန့်မှန်းဖို့ ခက်ခဲပြီး
အရှင်က အရှင် မရှိတဲ့ နောက်ပိုင်းမှာ မီးခိုးရောင်
ရဲတိုက်က ဘယ်လိုပုံစံ ပေါက်နေမှာကို
ဂရုမစိုက်နေဘူး ဆိုရင် နတ်ဘုရားဆန္ဒ စစ်ပွဲမှာ
အသက်ရှင် ကျန်နိုင်ခဲ့ရင် အရှင်က ဘာလုပ်ဖို့
စီစဉ်ထားလဲ"

+

"မင်းသိနေပြီးသားပဲ… မဟုတ်ဘူးလား" ရိုလန်က သူမ၏ မိုးပြာရောင် မျက်လုံးများ အတွင်းသို့ စိုက်ကြည့်နေရင်း မေးလိုက်သည်။

သူတို့သည် အိပ်ရာ အတွင်းတွင် ပွတ်သပ်ယုယနေသည့် အချိန်တွင် သူတို့ အနာဂတ်နှင့် ပတ်သတ်၍ အကြိမ်ပေါင်းများစွာ ဆွေးနွေးဖြစ်ကြသည်။ ရိုလန်သည် ဖွံ့ဖြိုးသော နယ်မြေ တစ်ဘက်မှ အရှေ့ဦး နယ်မြေကို သွားရောက် လည်ပတ်ရန် ရည်ရွယ်ထားပြီး မိစ္ဆာများ၏ နယ်မြေကိုပင် ကြည့်လိုနေသေးသည်။

+

သူသည် ပင်လယ်မျဉ်းကြောင်းကို
ကျော်ဖြတ်ရန်လည်း ဆန္ဒရှိနေကာ သမုဒ္ဒရာ၏
တစ်ဘက်ခြမ်းကို သွားလိုနေသည်။ ထို့အပြင်
သူသည် နတ်ဒေဝါများ၏ ပဟေဠိကို စူးစမ်း
ဖော်ထုတ်ကာ ကမ္ဘာကြီး၏ အမှန်တရားကို
လေ့လာလိုနေသည်။

ထိုသို့ ပြုလုပ်နိုင်ရန် ရိုလန်သည် ရှိရှိသမျှ
အရင်းအမြစ်များကို အသုံးပြုကာ မီးခိုးရောင်
ရဲတိုက် နိုင်ငံမှ ပြည်သူပြည်သားများကိုသာ မက
ကုန်းမြေပေါ်ရှိ လူအားလုံးကို သူ၏ စွန့်စားခန်း
အတွက် ပါဝင် ကူညီပေးစေလိုနေ၍ သူ့အား
ဟန့်တားရန် ကြိုးစားသူ မှန်သမျှကို သူ၏
ရန်သူအဖြစ် သတ်မှတ်မည် ဖြစ်လေသည်။

+

"ကျွန်မကိုလည်း အရှင့်နဲ့ အတူ ခေါ်သွားဖို့ မမေ့ပါနဲ့" အန်နာက သွားများပေါ်အောင် ပြုံးလိုက်သည်။ "ကျွန်မက ဒီစွန့်စားခန်းမှာ မကျန်ခဲ့လိုနေဘူး"

"ဒါပေါ့... ငါကမင်းကို ဘယ်သွားသွား ခေါ်သွားပါမယ်... ကမ္ဘာအဆုံးထိ တိုင်အောင်ပေါ့" ရိုလန်က သူမ၏ နှုတ်ခမ်းများကို ဖိနမ်းကာ ပြောလိုက်လေသည်။

*********

ဆောင်းမဲ့မြို့တော်နှင့် တတိယ နယ်စပ်မြို့။

+

တီလီသည် မှော်အမြူတေ အရှေ့တွင် ရပ်နေကာ သူ၏ လှုပ်ရှားမှုတိုင်းကို အာရုံစူးစိုက်နေခဲ့သည်။ မှော်စွမ်းအားများ မြင့်လိုက်နိမ့်လိုက် ဖြစ်နေသည်နှင့် အမြူတေသည် အသက်ရှူနေသကဲ့သို့ သူ၏ အပြင်ဘောင်က ပင်လယ်ရေပြာများသဖွယ် မြင့်လိုက်နိမ့်လိုက် ဖြစ်နေခဲ့သည်။

တြိဂံပုံ ကိရိယာ၏ အလယ်တွင် အဝါရောင် အလင်းတန်း စက်လုံးတစ်ခုက မှိတ်တုတ်မှိတ်တုတ် ဖြစ်နေကာ ဒီရေလှိုင်းများ၏ ဆေးကြော အရောင်တင်မှုကို ခံထားရသည့် ကျောက်မျက်

+

တစ်တုံးအလား တီလီ၏ အာရုံစိုက်မှုကို အပြည့်အဝ ခံနေရသည်။

ထိုစက်လုံးက အရောင်ထွက်နေသေးသရွေ့ ရောင်စဉ်ငါးသွယ် ကျောက်တုံးက ဘာမှ မဖြစ်နိုင်ပေ။

"တကယ်လို့ ပင်ပန်းနေရင် သွားနားလို့ရတယ်" ပါရှာ၏ အသံသည် သူမ၏ ခေါင်းအတွင်းသို့ ရုတ်တရက် ပေါ်လာခဲ့ကာ တစ်ချိန်တည်းတွင် သူမ၏ အနောက်မှ လှုပ်ရှားသံ တစ်ခု ပေါ်လာခဲ့သည်။ "တကယ်လို့ ငါက တစ်ခုခု သတိပြုမိခဲ့ရင် နင့်ကို ချက်ချင်း အသိပေးလိုက်မယ်"

+

တီလီက လှည့်ကြည့်လိုက်ရာ ရောမ အသားတုံး တစ်တုံးက မျက်နှာကြက်ပေါ်မှ ကျဆင်းလာသည်ကို တွေ့လိုက်ရသည်။ အကြီးတန်း စုန်းမများသည် ပြောင်းလဲမှု အပြီးတွင် တစ်ပုံစံတည်း ဖြစ်နေကြသော်လည်း သူတို့နှင့် အတူ ရက်အနည်းငယ် နေခဲ့အပြီးတွင် သူမက သူတို့အား တစ်နည်းတစ်ဖုံအားဖြင့် ခွဲခြားနိုင်ခဲ့သည်။

"ငါးရက်ပဲ ရှိသေးတော့ ကျွန်မက မပင်ပန်းသေးပါဘူး..." တီလီက သမ်းဝေနေရင်း ပြောလိုက်သည်။ "... ကျွန်မက နည်းနည်းလေး ငိုက်နေတာပဲ ရှိတာပါ"

+

"ငါက အာရုံတွေကို ခံစားနိုင်ခဲ့တုံးက ဒီနှစ်ခု အကြားမှာ ဘာကွဲပြားချက်မှ မရှိဘူး" ပါရှာက သူမ၏ လက်တံရှည်များကို ဖွေ့ယမ်းလိုက်သည်။
"စိတ်မပူပါနဲ့... မှော်ကျောက်တုံးက အကောင်းအတိုင်း ရှိနေတော့ စုန်းမတွေက အန္တရာယ် ကင်းနေပါသေးတယ်... တကယ်လို့ သူတို့က မိစ္ဆာတွေကို ကြုံတွေ့ခဲ့ရင် ကျောက်တုံးကို ခြေမွခဲ့မှာပဲ"

တီလီက ထိုအကြောင်းကို သိနေသော်လည်း သူမ၏ စိတ်ကို ငြိမ်းချမ်းစွာ မထားနိုင်ပဲ အကျ်ရှ၏ ရှုးသွပ်သော အငြင်းအခုန်ကြောင့်

+

နောက်ချန်နေမိခဲ့သည့် အချက်ကို
နောင်တရနေလေသည်။

သဘောတရား အရ ဤစစ်ဆင်ရေးသည် အန္တရာယ်
သိပ်များမည် မဟုတ်ပဲ ရွေးချယ်ထားသော
စုန်းမများ အားလုံးသည် ဘုရားကျောင်းနှင့်
တိုက်ပွဲတွင် ပါဝင်ခဲ့ကြသော လက်ရွေးစင်
စစ်သည်တော်များ ဖြစ်ကြသည်။

သူတို့ကိုယ် သူတို့ မိစ္ဆာတို့၏ သားရဲတွင်း အတွင်းသို့
ဖြည်းဖြည်းချင်း ဝင်ရောက်သွားသည့် ပုံစံမှာ ဖော့မှ
ဘုရားကျောင်းကို တိုက်ခိုက်ခဲ့သည်နှင့် တူနေသည်။
ကြာပန်းသည် မြေအောက် နားခိုရာ တစ်ခုကို
ဖန်တီးရန် တာဝန်ယူပြီး အော့ဘစ်က နေရာနှစ်ခု

+

အကြားတွင် သွားလာရန် လမ်းကြောင်းတို တစ်ခုကို တူးပေးမည် ဖြစ်သည်။

ဤနည်းလမ်းဖြင့် ရန်သူများသည် သံသယဖြစ်ဖွယ် တစ်ခုခုကို တွေ့ခဲ့လျှင်ပင် မြေကြီးအောက်တွင် ပိတ်နေသော ဂူတစ်ခုကိုသာ ရှာနိုင်ပေလိမ့်မည်။

အဓိက အချက်မှာ နောက်ဆုံးအဆင့် အပေါ်တွင် မူတည်နေသည်။ အရိပ် ကိရိယာ၏ မြင်ကွင်းကို ချဲ့ထွင်နိုင်စေရန် သူတို့သည် မှော်ကျောက်တုံးအား ခပ်မြင့်မြင့် နေရာတွင် ခြေမွှရမည် ဖြစ်သည်။ တီလီသည် ထိုနေရာအား သူမကိုယ်တိုင် ပုံသွန်းမှု ကျောက်တုံးဖြင့် ဆောင်ရွက်လိုနေသော်လည်း အက်ရှ်က သူမ၏ အလုပ်ကို လုယူသွားခဲ့သည်။

+

အကယ်၍ သူမသည် ညအချိန်တွင် လုပ်ဆောင်ခဲ့ပါက မိစ္ဆာများသည် သူမအား မြင်တွေ့နိုင်ခြေ အလွန် နည်းပါးသည်ဟု တီလီက စစ်ဆင်ရေး မတိုင်မီ အစမ်းလေ့ကျင့်မှု အချို့ ပြုလုပ်ပြီး အတည်ပြုခဲ့သည်။

သို့သော်လည်း အက်ရှ်က ခေါင်းဆောင် တစ်ယောက်သည် သူမကိုယ် သူမ အန္တရာယ်ဖြင့် မစွန့်စားသင့်ဟု အတင်းအကျပ် ပြောဆိုခဲ့သဖြင့် သူမသည် မှော်အမြူတေနှင့် အတူ ကျန်ခဲ့ကာ ဘာမှ မလုပ်နိုင်တော့ပေ။

+